# ကော်သူးလေ
# သစ်တောလုပ်ငန်းစဉ်ပြဋ္ဌာန်းချက်

ဗဟိုသစ်တောဌာန
ကရင်အမျိုးသားအစည်းအရုံး
၂၀၁၂ ခုနှစ်

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　စာမျက်နှာ


**ကေအဲန်ယူသစ်တောလုပ်ငန်းစဉ်....................................................... ၅**
**ဗဟိုသစ်တောဌာန တာဝန်ခံ၏အမှာစကား.......................................................... ၆**

**အခန်း (၁) သစ်တောကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း........................................ ၇**
**၁။ လူ၏ဘေးရန်မှကာကွယ်ခြင်း.......................................................... ၇**
- ဥပဒေအားဖြင့်ကာကွယ်ခြင်း.................................................. ၇
- နယ်နိမိတ်များနှင့်သတ်မှတ်ခြင်း............................................. ၈
- သစ်တောပြစ်မှုများနှင့် ကာကွယ်ခြင်း........................................ ၈
- ဖြုန်းတီးမှုများမှ ကာကွယ်တားမြစ်ခြင်း........................................ ၉
- သစ်တောအသေးအဖွဲ့ဝတ္ထုများ စုသိမ်းခြင်း .................................. ၁၁
- သစ်တောဆိုင်ရာအခွင့်အရေးများကို အလွဲသုံးစားပြုလုပ်ခြင်း.............. ၁၁
- တောင်ယာခုတ်လုပ်ခြင်း ...................................................... ၁၃
- မီးကိုကာကွယ်ပေးခြင်း......................................................... ၁၄
- သားငှက်တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ခြင်း......................... ၁၆
- ရွာသူရွာသားများ၏အကူအညီလိုအပ်ခြင်း ..................................... ၁၈

၂။ နို့တိုက်တိရစ္ဆာန်တို့၏ ဘေးရန်မှကာကွယ်ခြင်း ........................................ ၁၉
၃။ သစ်ပင်ချုံနွယ်တို့၏ ဘေးရန်မှကာကွယ်ခြင်း ........................................... ၂၀
၄။ သဘာဝဘေးရန်မှကာကွယ်ခြင်း........................................................... ၂၂
၅။ သစ်တောကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း.......................................... ၂၄

**အခန်း (၂) သစ်တောလုပ်ငန်းများ**
- သစ်တောကိုစနစ်တကျစီမံအုပ်ချုပ်ရန်လိုအပ်ခြင်း................................ ၂၄
- သစ်တောပြန်လည်ပြုစုပျိုးထောင်ရန်လိုအပ်ခြင်း ............................... ၂၆
- သစ်တောအလုပ်များ............................................................. ၂၇
- ကြိုးဝိုင်းနယ်နိမိတ်များ ....................................................... ၂၇

၁။ မှန်ထစ် ထစ်ခြင်း........................................................................ ၂၈
- နယ်နိမိတ်ကြော်ငြာပျဉ်ပြားများ................................................ ၂၉
- အတွင်းကြိုးဝိုင်းနယ်နိမိတ်နှင့် အကွက်နယ်နိမိတ်များ........................ ၂၉
- နယ်နိမိတ်စစ်ဆေးခြင်း.......................................................... ၃၀

၂။ နွယ်ဖြတ်ခြင်းနှင့် ညောင်ပင်လှဲခြင်း............................................... ၃၀
၃။ တောင်ယာခုတ်၍ မျိုးဆက်တည်ထောင်ခြင်း.............................................. ၃၁
- မျိုးဆက်ပြီး နောက်နှစ်၌ ပြုလုပ်ရန်အလုပ်များ................................ ၃၁

၄။ မီးကာကွယ်ခြင်းလုပ်ငန်းများ........................................................ ၃၄
၅။ သစ်တောလမ်းမကြီးများ ........................................................ ၃၄
၆။ သစ်တောအဆောက်အဦးများ ........................................................ ၃၅
၇။ ခုတ်လှဲခြင်းနှင့်သစ်ဖြတ်ခြင်း ........................................................ ၃၅
၈။ ကျွန်းမှတပါး သစ်တောထုတ်လုပ်သည့် ကုန်သည်များလုပ်သော
သစ်ကွက်များကို စစ်ဆေးခြင်း ........................................................ ၃၆
၉။ ကျွန်းသစ်လုပ်ကိုင်သော ကုန်သည်များ၏အကွက်ကိုစစ်ဆေးခြင်း .................. ၃၆
၁၀။ သစ်တောပြစ်မှုများ ........................................................ ၃၈

**အခန်း (၃) အထွေထွေလုပ်ငန်းများ**

၁။ သစ်တောထွက်ပစ္စည်းများကိုတိုင်းထွာခြင်းနှင့်တံဆိပ်ရိုက်ခြင်း...................... ၄၁
၂။ လိုင်စင်ထုတ်ပေးခြင်း၊ စစ်ဆေးခြင်း၊ စာချုပ်စာတမ်း လိုင်စင်
လက်မှတ်များကိုသိမ်းဆည်းစုဆောင်းခြင်း........................................... ၄၂
၃။ မျှောစာများ(မျှောစာများထုတ်ပေးခြင်းခွင့်) ........................................... ၄၃
၄။ လွှလိုင်စင်များ........................................................ ၄၄
၅။ လွှစက်များ ........................................................ ၄၄
၆။ ရှားပင်ခုတ်လုပ်ထုတ်ယူခြင်းနှင့် ချက်ခြင်းများကိုစစ်ဆေးခြင်း...................... ၄၄

**အခန်း (၄) လူထုအခွင့်အရေးများ**

၁။ ကြိုးပြင်တောများ ........................................................ ၄၅
၂။ ကြိုးဝိုင်းတောများ ........................................................ ၄၇
၃။ သစ်တောအလုပ်သမားများ၏ ရသင့်ရထိုက်သောအခွင့်အရေးများ................. ၄၇

**အခန်း (၅) သစ်တောဌာနဖွဲ့စည်းအုပ်ချုပ်ပုံနှင့် ၄င်းအပေါ်သဘောထား**

အပိုင်း (၁) သစ်တောဌာနဖွဲ့စည်းအုပ်ချုပ်ပုံ ........................................... ၄၈
အပိုင်း (၂) သဘောထားများ ........................................................ ၄၉
အပိုင်း (၃) သစ်တောထုတ်လုပ်ရေးနှင့် သစ်တောစည်းကမ်းများ ...................... ၅၀
အပိုင်း (၄) သစ်တောနှင့်ပတ်သက်သော အခွန်တော်နှုန်း ............................ ၅၀
အပိုင်း (၅) ဆင်ဖမ်းလုပ်ငန်းစည်းကမ်းများ............................................ ၅၀

# ကေအဲန်ယူ–သစ်တောလုပ်ငန်းစဉ်

## နိဒါန်း

လူတို့သည် အနည်းငယ်ယဉ်ကျေးလာကြသောအခါ တောထွက်ပစ္စည်းများကို မိမိတို့အသုံးအဆောင်နေထိုင်မှုအလို့ငှါအလိုရှိလာကြသည်။ ယင်းအခါသမယကပင် သစ်တောအသုံးချမှုစတင်ခဲ့လေသည်။ ကာလကြာလာသည်နှင့်အမျှ လူ့အသုံးအဆောင်များသည် ကျယ်ဝန်းများပြားလာသည်နှင့်အမျှလယ်ယာကိုင်းကျွန်းများပါ ချဲ့ထွင်လုပ်ကိုင်လာကြသဖြင့် ကျန်သောသစ်တောများမှထွက်သောပစ္စည်းများကို ပို၍လိုလာကြသည်။ထူထပ်ကျယ်ဝန်းသောတောအုပ်ကြီးများအတွင်း လူဦးရေအနည်းငယ်မျှသာ နေထိုင်ခဲ့ကြစဉ် အချိန်နှင့်ယင်းသည့်နောက် နှစ်ပေါင်းအတော်ကြာပင်လျှင်လူတို့သည်တောထွက်ပစ္စည်းများကိုလေ၊ရေတို့ကဲ့သို့မိမိတို့သုံးချင်သလိုသုံးစွဲရန်အတွက်သဘာဝအလျှောက်ပေါ်ပေါက်လာသည့်အရာများ ထင်မြင်ယူဆခဲ့ကြလေသည်။ ထိုနောက်တွင်သစ်တောကြီးအနီး၌နေထိုင်ကြသောသူတို့သည်မိမိတို့အလိုရှိသောသစ်တောထွက်ပစ္စည်းများကိုတောကြီးများမှအစဉ်သဖြင့်ဆက်လက်ရနိုင်ပါအံ့နည်း ဟူ၍စိုးရိမ်မကင်းဖြစ်လာကြသည်။ ထိုစိုးရိမ်ပူပန်သောစိတ်ဖြင့် မိမိတို့အချင်းချင်းအသင်းအဖွဲ့ဖွဲ့စည်းပြီးလျှင် တောထွက်ပစ္စည်းများကို မိမိတို့မှတပါး အခြားသူများ မသုံးစွဲနိုင်ရန်ကာကွယ်စောင့်ရှောက်ထားရန်များကိုသူပိုင်ငါပိုင်ပြုလုပ် သတ်မှတ်လာကြသည်။ ဤနည်းဖြင့် သစ်တောကိုကာကွယ်မှုဟုဆိုအပ်သော သစ်တောပညာရပ် ပေါ်ထွန်းလာလေသည်။ မူလတွင်လူ၏ဘေးရန်တခုတည်းမှကာကွယ်ရန် ရည်ရွယ်ခဲ့သော်လည်းတိုက်ရိုက် (သို့)သွယ်ဝိုက်၍ဖြစ်စေတတ်သောဘေးရန်အမျိုးမျိုးတို့မှ ကာကွယ်ရန်နည်းများကို တစ်ဆတစ်ဆတိုးတက်ကြံစည်စိတ်ကူးလာကြသည်။

ကမ္ဘာပေါ်ရှိသာ၍ရှေးကျသော တိုင်းပြည်နိုင်ငံများ၌ သစ်တောများကို လူ၏ဘေးမှကာကွယ်ခဲ့သည်မှာနှစ်ပေါင်းများစွာကပင်ကြာရှိလေပြီး။ မြန်မာနိုင်ငံ၌မူကား လူဦးရေနည်းပါးသည့်အပြင် တောထွက်ပစ္စည်းများအလွန်ပေါများသေးသည်ဖြစ်သောကြောင့် သစ်တောများကိုကာကွယ်ရန်လိုအပ်ကြောင်းကို နှစ်ပေါင်းမကြာမီကပင်လျှင်သိရှိလာကြလေသည်။လွန်ခဲ့သည့်နှစ်ပေါင်း(၁၀၀)ခန့်ကမှ အခြေအနေများစွာပြောင်းလဲလာရာ အထူးသဖြင့်အောက်မြန်မာပြည်အချို့အရပ်ဒေသတို့၌ တောထွက်ပစ္စည်းများကို လွယ်လင့်တကူမရနိုင်ခြင်းကြောင့် အခက်အခဲများစွာကြုံတွေ့ရလေသည်။

သို့ဖြစ်၍ ယခုကျန်ရှိနေသေးသော ကော်သူးလေပြည်ရှိတောကြီးများကိုကာကွယ် စောင့်ရှောက်ထားကြရန် အလွန်အရေးကြီးလာပေပြီး။သို့ရာတွင် အကျိုးအများဆုံးခံစားရမည်ဖြစ်သော ကရင်အမျိုးသားနှင့်တကွ ပြည်သူလူထုများသည် ဤအရေးကြီးသောပြဿနာကို စိတ်မဝင်စားဘဲအေးစက်စက်ပင်ရှိနေကြသေး၍ ၄င်းတို့အမြန်ဆုံးသိရှိနားလည်သဘောပေါက်လာစေရန် အစွမ်းကုန်နှိုးဆော် ဆောင်ရွက်ပေးရန်မှာ သစ်တောဌာန၏ကြီးလေးသောတာဝန်ဝတ္တရားတစ်ရပ်ဖြစ်လာပေတော့မည်။

# ကေအဲန်ယူ–ဗဟို သစ်တောဌာနတာဝန်ခံ၏ အမှာစကား

သစ်တောများပြုန်းတီးပျက်သုန်းခြင်းမှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေး၊ သဘာဝတော တောင်ရေမြေ အစဉ်စိမ်းလန်းစိုပြေသာယာရေး၊ သားရဲတိရစ္ဆာန်ကျေးငှက်များ ဘေးမဲ့မျိုးပွားရှင်သန်တိုးပွားရေး၊ စည်းကမ်းစနစ်ကျစွာသစ်တောထွက် ပစ္စည်းများကိုလူတို့မှထုတ်ယူ သုံးစွဲနိုင်စေရေး တို့အတွက်သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည်တာဝန်ရှိသော သစ်တောဌာနအမှုထမ်းများ၏အရေးကြီးသောတာဝန်ဝတ္တရားများပင် ဖြစ်သည်။

(၂၀၁၀)ခုနှစ်၊စက်တင်ဘာလ(၁)ရက်နေ့မှ(၉)ရက်နေ့အထိကျင်းပသော ကေအဲန်ယူ–ဗဟိုသစ်တောဌာနနှင့် ခရိုင်သစ်တောဌာနမှူးများပါဝင်သည့် အစည်းအဝေးတွင်ဤကော်သူးလေသစ်တောလုပ်ငန်းစဉ်ပြဌာန်းချက်များကို အပြန်အလှန်ပြန်လည်သုံးသပ်ဆွေးနွေးပြီး၊ ပြောင်းလဲနေသောအခြေအနေအရ၊ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

ဤသစ်တောလုပ်ငန်းစဉ်တွင် ဖေါ်ပြပါရှိသောပြဌာန်းချက်များကို သစ်တောအမှုထမ်းများမှ ဖတ်ရှုလေ့လာပြီးမိမိတို့တာဝန်ဝတ္တရားများကို ပြဌာန်းချက်ပါ လုပ်ငန်းစဉ်အတိုင်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပေသည်။

ဤသစ်တောလုပ်ငန်းစဉ်ကို (၁၉၇၄)ခုနှစ်မှ စတင်ပြဌာန်းအတည်ပြုခြင်းဖြစ်၍ (၃၇)ခုနှစ်တိုင်လိုက်နာကျင့်သုံးနေလျက်ရှိသော်လည်း တိကျစွာလိုက်နာကျင့်သုံးဆောင်ရွက်မှု မရှိသေးကြောင်း သုံးသပ်ဖေါ်ပြလိုသည်။ တော်လှန်ရေး အခြေအနေအရဟုအချို့က ထောက်ပြကြသော်လည်း စိတ်မကောင်းဖွယ်ရာ အားနည်းချက်ပင်ဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ပိုင်ဆိုင်သော သစ်တောကြီးများ ပြုန်းတီးပျက်သုန်းခြင်းမရှိစေရန်နှင့် စိမ်းလန်းစိုပြေသာယာရေးအတွက် သစ်တောအမှုထမ်းများအပါအဝင်၊ တော်လှန်ရေးမားတိုင်း၊ ပြည်သူလူထုတရပ်လုံးမှ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ကိုယ်စီရှိကြပြီး၊ အသိစိတ်ဓါတ်ထားရှိရန် လိုအပ်ပေကြောင်း–

(စောအားတိုး)
သစ်တောဌာနတာဝန်ခံ
ဗဟိုဌာနချုပ်
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး

# အခန်း (၁)
# သစ်တောကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း။

ကော်သူးလေပြည်တွင်းရှိ တောတောင်များကိုကြည့်ပါမူ သစ်တောထွက်ပစ္စည်းများသည် လူတို့သုံးစွဲရာတွင် မကုန်ခမ်းနိုင်ဟုအယူရှိကြပေမည်။ဂျပန်ခေတ်မှ ယနေ့ကျွန်ုပ်တို့ကရင့်တော်လှန်ရေးကာလအထိကြိုးဝိုင်း တွင်းမှလည်းကောင်း၊ ကြိုးပြင်မှလည်းကောင်း သစ်ဝါးများသည်အထူးပင်ပျက်စီးခဲ့ရလေသည်။ ကြိုးဝိုင်းမြေများသည်လည်း အချို့ခေတ်ပျက်ချိန်တွင် လူတို့၏ဥပဒေမဲ့ခုတ်ထွင်ရှင်းလင်းကြပြီး လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြသည့် အတွက်ကြိုဝိုင်း နယ်နိမိတ်တိုင်တို့သည် လယ်ထဲအတွင်းရောက်လျက် ရှိကြလေသည်။

ဤကဲ့သို့ သစ်တောထွက်ပစ္စည်းများကို ဥပဒေမဲ့စည်းမဲ့ကမ်းမဲ့ လုပ်ကိုင်ကြပါမူ နောင်အနှစ်မကြာမီအတွင်း တောထွက်ပစ္စည်းများသုံးရခြင်းမှ အခက်အခဲနှင့်ရင်ဆိုင်ကြရပေမည်။ သစ်တောများပျက်စီးဆုံးရှုံးအောင်အန္တရာယ်ပြုသောအကြောင်းရင်းကြီးများမှာ အောက်ပါအတိုင်းခွဲခြားနိုင်သည်။(၁)လူ၊(၂)တိရစ္ဆာန်၊(၃)သစ်ပင်ချုံနွယ် (၄)သဘာဝဖြစ်စဉ်များဖြစ်ကြသည်။ ဤ(၄)မျိုးတွင်လူသည်အရေးကြီးဆုံးဖြစ်သည်။သစ်တောကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးတွင် လူ၏ဘေးရန်များကို အထူးကာကွယ်ရမည်။သစ်ပင်ဝါးပင်အစရှိသည်တို့ကိုခုတ်ထစ်ပျက်စီးစေခြင်းမျိုး၊ပင်ပေါက်ကလေးများကို ခြေဖြင့်နင်းမိ၍ပျက်စီးခြင်း၊မီးလောင်၍ပျက်စီးရခြင်းစသည်တို့ကား တိုက်ရိုက်အန္တရာယ်များဖြစ်ကြသည်။ ထိုတိုက်ရိုက်အန္တရာယ်များအပြင် သစ်ပင်များထိခိုက်၍ အနာအဆာရသည့်အခါအနာများမှရောဂါမျိုးအလွယ်တကူ ဝင်ရောက်ကာဆွေးမြေ့ခြင်း အစရှိသောသွယ်ဝိုက်သည့်အန္တရာယ်မျိုးကိုလည်း ဖြစ်စေနိုင်သည်။

## ၁။ လူ၏ဘေးရန်မှကာကွယ်ခြင်း

### (က) ဥပဒေအားဖြင့်ကာကွယ်ခြင်း။

(၁) လူ၏ဘေးရန်မှသစ်တောများဖြုန်းတီးခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရန် ၁၉၀၂ ခုနှစ်တွင်အတည်ပြုကာ သစ်တောအက်ဥပဒေနှင့်ထိုအက်ဥပဒေအရ ပြုလုပ်ပြဋ္ဌာန်းထားသည့် နည်းဥပဒေအရပ်ရပ်ရှိပေသည်။ ထိုဥပဒေများအရတရားသည်ဟု ယူဆနိုင်သောများစွာသောအမှုတို့ကို သစ်တောအက်ဥပဒေကပိတ်ပင် တားမြစ်သည့်အပြင် သစ်တော(သို့)သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်းပြီးကျူးလွန်သည်ပြစ်မှုအရပ်ရပ်အတွက် ပြစ်ဒဏ်များကိုလည်းပြဋ္ဌာန်းထားရှိလေသည်။ ကြိုးဝိုင်းအတွင်း၌ အစိုးရမှအထူးတလည် ခွင့်ပြုထားသည့်မှုရပ်အချို့မှတပါး (ပဲခူးရိုးမဥ္စကရင်၏ဇရိယာ) မှုရပ်အားလုံးကို ပိတ်ပင်တားမြစ်ထားသည်။ ကြိုးပြင်ရှိတော၌မူကား အထူးပိတ်ပင်ထားရှိသော မှုရပ်အနည်းငယ်မှတပါး ကျန်သောမှုရပ်များကို ပြုလုပ်နိုင်ခွင့်ရှိသည်။

(၂) ဥပဒေအရ ကြိုးဝိုင်းနှင့်ကြိုးပြင်ကိုခွဲခြားကာ နယ်နိမိတ်များကို သတ်မှတ်ထားပြီးဖြစ်သည့် နယ်နိမိတ်၏အခြားတဖက်၌ အပြစ်မရှိဟုယူဆသောမှုရပ်တခုသည် အခြားတဖက်၌ ထောင်ဒဏ်(သို့)ငွေဒဏ် (သို့)နှစ်ရပ်စလုံးဖြင့် အပြစ်စီရင်နိုင်သော သစ်တောပြစ်မှုတခုဖြစ်နိုင်သောကြောင့် ထိုဒေသရှိရပ်သူရွာသားများမြင်နိုင်သော နယ်နိမိတ်ကိုထင်ရှားတိကျစွာ ရှိအောင်ပြုပြင်ရမည်ဖြစ်သည်။

(၃) သစ်တောဥပဒေသည် ကြိုးဝိုင်းများအတွင်း ပေါက်ရောက်သောအပင်အားလုံးကို ကာကွယ်ထားသည့်အပြင်

အချို့သောအပင်မျိုးကို တားမြစ်ရာပါအပင်မျိုးဟု သတ်မှတ်ကြော်ငြာနိုင်သောအာဏာကိုလည်းအပ်နှင်းထား လေသည်။ ဤနည်းဖြင့် မည်သည့်နေရာတွင်ပင်ပေါက်စေကာမူ ကျွန်းပင်ကိုအစိုးရပိုင်ပစ္စည်းဟူ၍သတ်မှတ် ကြေညာထားသည့်အပြင် ကြိုးပြင်ပေါက်လျက်ရှိသော အချို့အဖိုးတန်၍ ရှားပါးသောအပင်များကိုလည်းအသုံး ပြုခြင်း(သို့)နာဆာအောင်ပြုလုပ်ခြင်းများမှ အထူးဥပဒေများပြုလုပ်၍ ကာကွယ်ထားလေသည်။

## (ခ) နယ်နိမိတ်များနှင့် သတ်မှတ်ခြင်း။

လူတို့တွေ့မြင်သိရှိရန်အတွက် သစ်တောအက်ဥပဒေအရ ကြိုးဝိုင်းများကိုနယ်နိမိတ်သတ်မှတ်ပြီး မြေပုံ တိုင်များဖြင့် အထင်အရှားသစ်သားတိုင်များဖြင့်လည်းကောင်း၊ အင်းဂတေဖြင့် တိုင်စိုက်ထူထားခြင်းဖြင့်လည်းကောင်း၊ ပြုလုပ်ထားလေသည်။အချို့သော ကြိုးဝိုင်းနယ်နိမိတ်များသည် အထူးသဖြင့် လယ်မြေ(သို့) လူထုထပ်ပေါများသောအ ရပ်ဒေသနှင့်နီးကပ်သည့်အခါကြိုးဝိုင်းအတွင်းသို့ လယ်မြေတိုးချဲ့ခြင်းများ ဥပဒေမဲ့ပြုလုပ်ကြသဖြင့် သစ်တောကို အန္တရာယ်ဖြစ်စေနိုင်သည်။ထိုသို့ပြုလုပ်ခြင်းဖြင့် ကြိုးဝိုင်းအတွင်းမှခိုးယူသော မြေပေါ်ရှိအပင်များကိုခုတ်ယူဖယ် ရှားခြင်းခံရသည့်အပြင် မြေပါဆုံးရှုံးခြင်းကြောင့် အစိုးရသည် များစွာနစ်နာရ၊ ဆုံးရှုံးရသည်။

ဂျပန်ခေတ်မှစ၍ ယနေ့ကာလအထိ ကြိုးဝိုင်းတွင်း၌ စည်းမဲ့ကမ်းမဲ့လယ်ယာများ လုပ်ကိုင်ကြသဖြင့်သစ် တောကြီးမှာပျက်စီးပြီးဖြစ်သည်။ ထို့ကြောင့်ဆိုင်ရာခရိုင်သစ်တောဌာနမှ ယခင်နယ်နိမိတ်များကို မြေပုံပြုလုပ်ပြီး နောက် နယ်နိမိတ်များကို ယခင်အတိုင်းပြန်လည်သတ်မှတ်ကာကွယ်သွားရန်ဖြစ်သည်။ ထိုသို့ထင်ရှားစွာပြန်လည် သတ်မှတ်ပြီးနောက် တစ်ဦးတစ်ယောက်က ဖျက်ဆီးပြောင်းရွှေ့လုပ်သည့်တိုင်အောင် မြေကြီးပေါ်၌အတိအကျဖော် ပြနိုင်ရန်အတွက် မှန်ကန်စွာမှတ်တမ်းများ ပြုလုပ်သိမ်းဆည်းထားရမည်။

## (ဂ) သစ်တောပြစ်မှုများနှင့် ကာကွယ်ခြင်း။

(၁) သစ်တောအက်ဥပဒေသည် ကြိုးဝိုင်းကြိုးပြင်နှစ်ဌာနစလုံး၌ပင် အချို့သောပြစ်မှုများကို ပြုလုပ်ခြင်းမှ ပိတ်ပင် တားမြစ်သည့်အပြင် သစ်တောနှင့်တကွတောထွက်ပစ္စည်းများကိုပါကာကွယ်စောင့်ရှောက်ရန်အတွက် နည်းဥ ပဒေများပြုလုပ်ပြဋ္ဌာန်းထားရှိလေသည်။ ယင်းဥပဒေတစုံတရာကို ကျူးလွန်ပါကအပြစ်ပေးခြင်းခံရ၍ အမှုကို လည်းသစ်တောပြစ်မှုဟုခေါ်သည်။သစ်တောပြစ်မှုများသည်အများအားဖြင့်တောထွက် ပစ္စည်းများကိုခိုး ယူခြင်းနှင့် သစ်တောများကို ထိခိုက်ပျက်စီးအောင်ပြုလုပ်ခြင်းတို့ဖြစ်သည်။ တစ်နည်းအားဖြင့်သစ်တို့ကို ထိခိုက် ပျက်စီးအောင်ပြုလုပ်ခြင်းမှကာကွယ်စောင့်ရှောက်ရန်နှင့်သစ်တောပြစ်မှုများကိုစုံစမ်း စစ်ဆေးရာ၌ပိုမိုလွယ် ကူရန် ပြုလုပ်ပြဋ္ဌာန်းထားရှိသော ဥပဒေများကို ချိုးဖေါက်ခြင်းဖြစ်သည်။

(၂) တိုက်ရိုက်ကျူးလွန်သောခိုးမှုကိုအပြစ်ပေးရုံသာရှိ၍ လွယ်ကူသောကိစ္စတရပ်ဖြစ်၏။ သို့ရာတွင်ခိုး မှုကျူး လွန်ကြောင်း စုံစမ်းထောက်လှမ်းရာကား မလွယ်လှချေ။ ခိုးမှုမှတိုက်ရိုက်ကာကွယ်သောနည်းများမှာ ဘိနယ် တောခေါင်းများက၊ မိမိဘိနယ်အတွင်း လှည့်လည်စောင့်ကြပ်ခြင်း၊ပြစ်မှုကျူးလွန်သူများကိုဖမ်းဆီးခြင်း၊ အပြစ် ပေးခြင်း၊သတင်းပေးသူများအားဆုငွေပေးခြင်းများဖြစ်ကြသည်။သစ်တောကြီးများကို သွယ်ဝိုက်သော အကာ အကွယ်ရနိုင်ရန်ကားဥပဒေများပြုလုပ်ထားပေသည်။ လွှစက်လွှစင်များ၌ သစ်ခွဲရန်လွှလိုင်စင်ကို ခံယူစေ ခြင်းဖြစ်သည်။ မိမိသုံးကိစ္စအမျိုးမျိုးအတွက် ရွာသူရွာသားခိုးယူသုံးစွဲတတ်သည့်ပြစ်မှုကလေးများကို တားမြစ် ပိတ်ပင်ရန်ကသာ၍ခဲယဉ်း၏။ သို့သော် ၎င်းတို့အလိုရှိသော သစ်တောထွက်ပစ္စည်းများအပေါ်တွင် ၎င်းတို့ထမ်း ဆောင်နိုင်မည့် အခွန်တော်နှုန်းထားဖြင့်ရယူသုံးစွဲနိုင်အောင်ပြုလုပ်ပေးမည်ဆိုပါက အတော်အသင့် တားဆီး

ကာကွယ်နိုင်စရာ အကြောင်းရှိ၏။ထင်း၊ဝါးစသော အိမ်သုံးပစ္စည်းများကိုထုတ်ယူရန် လက်မှတ် များရောင်းချ၍ ခွင့်ပြုသောစနစ်ကို အသုံးပြုရမည်ဖြစ်သည်။ သက်ဆိုင်ရာခရိုင်မြို့နယ် သစ်တောတာဝန်ခံတို့သည်အောက်ခြေ တာဝန်ခံများအား မိမိတို့ဘိနယ်အတွင်းရှိတောများကို မကြာခဏသွားရောက်စစ်ဆေးခြင်း၊ မပြုမနေရအောင် ခိုင်းစေရမည်။သစ်တောပြစ်မှုများကျူးလွန်သည်ကိုသိလျက်နှင့် အစီရင်မခံဘဲထိမ်ဝှက် ထားခြင်းကိုပြင်းထန်စွာ အရေးယူထိုက်သော ဝတ္တရားပျက်ကွက်မှုဟူ၍ ယူဆရမည်။

(၃) သစ်တော(သို့)တောထွက်ပစ္စည်းများကို ပျက်စီးနစ်နာစေနိုင်သောအကြောင်းများကား ကွဲနွှားကျောင်းခြင်း၊ သစ်ပင်ခုတ်လှဲခြင်း၊သစ်တောများကို အခြားနည်းလမ်းများဖြင့်ထိခိုက်ပျက်စီးစေခြင်း၊(မီးမွှေးခြင်း –ဤပြစ်မှုသည်သစ်တောကြိုးဝိုင်းနှင့်သာသက်ဆိုင်၍ ကာကွယ်ထားသော တောများမှတပါးကြိုးပြင် တောင်ယာလုပ်ကိုင်ခြင်းကိုခွင့်ပြုလေသည်။)လယ်ယာစိုက်ပျိုးရန်သစ်တောကိုခုတ်၍ထွန်ယက်ခြင်း၊ ချောင်းများကိုအဆိပ်ခပ်ခြင်း၊(သို့)ယမ်းဘီလူးဖြင့်ဖောက်ခွဲခြင်းအပြင် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ ဓါတ်တို့ခြင်း အစရှိသည့် မတရားသော အလုပ်တို့ဖြစ်သည်။ဤကဲ့သို့ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကင်းလှည့်စောင့်ကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ခိုးမှုမှာကဲ့သို့အပြစ်ကျူးလွန်သူများကိုစုံစမ်းသိရှိသောအခါ အပြစ်ပေးစီရင်ခြင်းဖြင့် တားဆီးကာကွယ်နိုင်၏။ ပျက်စီးဆုံးရှုံးမှုသည်တမင်သက်သက်ပြုခြင်းကြောင့်သော်လည်းကောင်း ဖြစ်တတ်၏။ ဥပဒေအရဆိုရသော်လိုင်စင်(သို့)စာချုပ်ရရှိသူတစ်ဦးဦးသည် ပေါ့လျော့စွာသစ်လှဲခြင်းကြောင့် အနီးအနားရှိအပင်များကိုထိခိုက်နစ်နာစေနိုင်သည်။ အကယ်၍အဆိုပါအလုပ်များကိုသတိဖြင့်လုပ်ကိုင်မည်ဆိုပါက မည်သို့မျှအပြစ်မရှိနိုင်ပေ။ဤသို့ပျက်စီးရခြင်းမျိုးသည် သစ်တောဥပဒေကိုချိုးဖေါက်ရာအကြောင်း မရှိသော်လည်းတစ်ခါတစ်ရံ ယင်းတို့ကိုလိုင်စင်(သို့)စာချုပ်စည်းကမ်းချက်များဖြင့် တားမြစ်ထားခြင်းကြောင့် စည်းကမ်းပျက်ကွက်မှုအနေဖြင့် အပြစ်ပေးလေသည်။ ဥပဒေနှင့်စည်းကမ်းချက်များသည် သစ်တောများကို စောင့်ရှောက်ထိန်းသိမ်းကာကွယ်ရန်အတွက် လွယ်ကူစေသော်လည်း နောက်ဆုံး၌ တကယ်တမ်းအထိရောက်ဆုံး အကာအကွယ်မှာကား တောများကိုလုံလောက်စွာမကြာခဏစစ်ဆေးခြင်းဖြစ်၏။ ဤ နည်းဖြင့်သာလျှင် ပြစ်မှုများကိုမကျူးလွန်ရရန် တားဆီးပိတ်ပင်နိုင်လေသည်။

(၄) ပြစ်မှုများအတွက် အပြစ်ပေးခြင်း – သစ်တောမှုမှန်သမျှကို တရားရုံးတော်ကအပြစ်ပေးစီရင်နိုင်ရန်သစ်တောအက်ဥပဒေကိုပြဋ္ဌာန်း၏။ သို့ရာတွင်တချို့သော အက်ဥပဒေများအရ ပြစ်မှုများကို သစ်တောတာဝန်ခံအချို့ကလျော်ကြေးတောင်းဆိုကာပြေငြိမ်းနိုင်၏။အများဆုံးကန့်သတ်ထားသည့်ပြစ်ဒဏ်မှာ တောထွက်ပစ္စည်းတန်ဖိုးနှင့်လျော်ကြေးငွေ (၅၀၀၀၀)ကျပ်အထိဖြစ်သည်။ အဆိုပါနှစ်နည်းတွင် အများအားဖြင့်ဒုတိယနည်းကို ပို၍အသုံးများလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုနည်းတို့သည် အချိန်ပိုကုန်သက်သာ၍ ရုံးတွင်တရားစွဲဆိုရသောဒုက္ခမှလည်းကင်းဝေးစေသည်။ သို့သော်ထိုနည်းကို သေးငယ်သော အမှုများအတွက်သာ အသုံးပြု၍ကြီးလေးသောအမှု သို့မဟုတ်အမြဲတမ်းပြစ်မှု ကျူးလွန်တတ်သောသူများအတွက် အသုံးမပြုရ၊ ပြစ်မှုမကျူးလွန်ရန်ကြိုးစား၍ တားမြစ်သော်လည်းအရာမရောက်သောအခါမျိုး၌ အမှုကိုသတိဖြင့်မိမိရရစီရင်ပြီး တရားစွဲဆိုခြင်းဖြင့်ပို၍ခရီးရောက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် တရားခံသည်လျော် ကြေးငွေ(၅၀၀၀၀)ကျပ်ကိုအလွယ်တကူ ပေးသွင်းနိုင်မည့်အစား မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်ညစ်နွမ်းစေမည့် ထောင်ဒဏ်ခံရဖွယ်ရာအကြောင်းရှိသောကြောင့်ဖြစ်သည်။သစ်တောပြစ်မှုများကို ရုံးတင်တရားစွဲသည့်အခါ စွဲဆိုသူသစ်တောတာဝန်ခံက တရားခံသည်ယခင်ကအပြစ်တစုံတရာရဘူးလျှင် ခံရဘူးကြောင်းကို တရားသူကြီးအား သိစေရမည်။

## (ဃ)ဖြုန်းတီးမှုများမှ ကာကွယ်တားမြစ်ခြင်း။

(၁) တောထွက်ပစ္စည်းများ ထုတ်ယူလုပ်ကိုင်ရာ၌ ဖြုန်းတီးခြင်းများ သတိပေါ့လျော့စွာသစ်လှဲခြင်း၊ဖြတ်ပိုင်းချခြင်း၊ ခွဲစိပ်ခြင်းတို့ကြောင့်သစ်နှင့်တကွတခြားသော တောထွက်ပစ္စည်းအမြောက်အများပင်ပျက်စီးဖြုန်းတီးခြင်းဖြစ်

သည်။ တခါတရံမပြောပလောက်သော အပြစ်အနာကလေးများကြောင့် သစ်ကိုလုံးဝပယ်ရတတ်၏။ အမှန်မှာ အပြစ်အနာကလေးများသည် သစ်၏တန်ဖိုးအနည်းငယ်ယုတ်လျော့စေသည်မှတပါးရောင်းမနိုင် သုံးမရ လောက်အောင်ကားမဖြစ်ချေ။အချို့ကိုလည်း သစ်ပင်များကိုခုတ်လှဲပြီးနောက် ရောင်းတန်းဝင်သစ်အားလုံးကို ကုန်စင်အောင်မယူဘဲ ချန်ပစ်ခဲ့တတ်သည်။လိုင်စင်အသီးသီး၌ပင် အသုံးချနိုင်သော သစ်အားလုံးကိုထုတ်ယူပြီး အခွန်တော်ထမ်းဆောင်ရန် စည်းကမ်းချက်များထားရှိပေသည်။

သို့ဖြစ်၍ လိုင်စင်များအရ လုပ်ကိုင်သောသူများသည် ထိုစည်းကမ်းချက်များကို လိုက်နာခြင်းရှိမရှိသိရှိနိုင်ရန် ၎င်းတို့၏အလုပ်များကို အမြဲတစေကြည့်ရှုစောင့်ကြပ်ရန်လို၏။ စည်းကမ်းအတိုင်းလုပ်မလုပ်အကောင်းဆုံး သိနိုင်ရန်နည်းမှာ၊ သစ်ကိုငုတ်မှမရွှေ့မီတိုင်းထွာ၍အကောက်ရိုက်သောစနစ်ကိုလိုင်စင်ရသူများအားလိုက်နာစေခြင်းဖြစ်သည်။ဤနည်းဖြင့်အကယ်၍သစ်ဖြုန်းတီးမှုများ ရှိပါကအလွယ်တကူတွေ့မြင်သိရှိနိုင်၏။ တဖန်ဤနည်းသည် အကောက်ရိုက်တာဝန်ခံအားငုတ်တိုင်သို့ရောက်စေသဖြင့်လှဲထားသောသစ်များမှာတရားဥပဒေအရ ခွင့်ပြုထားသောအပင်များ ဟုတ်မဟုတ်တွေ့မြင်နိုင်စေ၏။အကယ်၍သစ်တိုင်းခြင်းနှင့်အကောက်ရိုက်ခြင်းကို ငုတ်မှဝေးကွာသောအရပ်၌ပြုလုပ်မည်ဆိုပါကယခင်နည်းလောက်စေ့စပ်သေချာစွာ စစ်ဆေးနိုင်မည်မဟုတ် သဖြင့် စည်းမျဉ်းကိုပို၍ချိုးဖောက်စရာအကြောင်းရှိ၏။

သို့သော်လည်းယခုအခါတွင်သစ်တောအမှုထမ်းများလုံလောက်စွာမရှိသေးသည့်အတွက် သစ်ကုန်သည်တို့မှာမိမိတို့၏သစ်များကိုအကောက်ရိုက်လိုသည့်အချိန်တွင်မရိုက်နိုင်မည်ဖြစ်သောကြောင့် များစွာသောအခက် အခဲနှင့်ဆုံးရှုံးနစ်နာမှုများကိုတွေ့ရှိ၏။ဤအကြောင်းများကြောင့် ငုတ်ရင်းတွင်အကောက်ရိုက်သောစနစ်များကို ယခုအခါအထူးကိစ္စများ၌သာခွင့်ပြုသည်။

(၂) အောက်ပါတို့သည်သစ်လှဲရာတွင်လည်းကောင်း၊ ဖြတ်ပိုင်းချရာတွင်လည်းကောင်း၊ အများဆုံးတွေ့ရသော ဖြုန်းတီးမှုများဖြစ်သည်။

(က) ငုတ်မြင့်ထား၍လှဲခြင်း – သစ်ပင်များကိုခုတ်လှဲရာတွင်မြေနှင့်ကပ်နိုင်သမျှကပ်၍လှဲရမည်။ဆုံးပိုင်း၌ခေါင်း ပါရှိခြင်း(သို့မဟုတ်)မအောင်လုံဖြစ်နေသည့်အခါမျိုးမှတပါး မည်သည့်အခါမှငုတ်အမြင့်(၃)ပေထက် မပိုစေရ။

(ခ) သတိပေါ့လျော့စွာလှဲခြင်း – သစ်ပင်များကိုလှဲရာတွင် လှဲသောအပင်များ ချို့ယွင်းပျက်စီးခြင်းများနှင့်အခြား အပင်များကို ထိခိုက်နာဆာခြင်းမရှိစေရန်သတိပြုရမည်။ဆိုလိုသည်မှာတတ်နိုင်ပါကအပင်များကို တောင်ပေါ် ဖက်သို့လှဲရမည်။မည်သည့်အခါမှ လျှိုထဲသို့လည်းကောင်း၊ လျှိုကိုကန့်လန့်ဖြတ်၍လည်းကောင်း၊ အပင်များ၏ ပင်စည်ပေါ်သို့လည်းကောင်း၊ကျောက်တုံးကျောက်ဖျာကြီးများပေါ်သို့လည်းကောင်းမလှဲရ။ ဤသို့လှဲခြင်းဖြင့် သစ်များကြေမွအက်ကွဲနိုင်၏။ ထို့အပြင်သစ်များထုတ်ယူခြင်းငှါမဖြစ်နိုင်သောနက်ရှိုင်းကျဉ်းမြောင်းသည့်လျှိုများ အတွင်းသို့လည်း မလှဲရ။

(ဂ) ဖြုန်းတီးသောဖြတ်ပိုင်းချခြင်း – သစ်ကိုပိုင်းဖြတ်သည့်အခါ ပုဆိန်ကိုမသုံးဘဲလွှကိုသာသုံးပြီးလျှင်အောင်လုံ၍ ရောင်းတန်းဝင်သော သစ်အားလုံးကိုထုတ်ယူသင့်သည်။ ရောင်းတန်းဝင်သောသစ်များကို အရင်း၌ဖြစ်စေ၊ အဖျား၌ဖြစ်စေ၊သို့မဟုတ်သစ်လုံးလိုက်ဖြစ်စေ မကြာခဏချန်ခဲ့တတ်သည်။သစ်ထုတ်ရာတွင် သက်ဆိုင်ရာ သစ်တောဌာနတာဝန်ခံသည် ဖြုန်းတီးမှုများကို စစ်ဆေးသည့်အခါသစ်များ၏သစ်မျိုးနှင့်တကွ သစ်မျိုးများ၏ ခေတ်တန်ဖိုးကိုပါ ထည့်သွင်း၍စာရင်းပြုလုပ်ရမည်။

(ဃ)မီးကြောင့်ပျက်စီးဆုံးရှုံးခြင်း – ရောင်းတန်းဝင်သောလှဲထားသည့်အပင်များနှင့်တကွ ဖြတ်ပြီးသစ်အားလုံးကို အခွန်တော်ပြေလည်ပေးဆောင်ခြင်းမပြုမီ သစ်ကုန်သည်များမီးကာကွယ်ထားရှိရမည်။ ဤအချက်အပြင် အခြားလိုအပ်သောအချက်များကိုပါ လိုင်စင်များတွင်စည်းကမ်းသတ်မှတ်ဖော်ပြထားစေရမည်။ သို့သော်ထိုစည်း ကမ်းချက်များကို ထိရောက်စွာလိုက်နာစေရန်မှာ အလုပ်ကိုမကြာခဏသွားရောက် စစ်ဆေးခြင်းအပေါ်မူတည်၏။အပင်များလှဲရာ၌ဘိနယ်တောခေါင်းများကိုယ်တိုင် ကြည့်ရှုစောင့်ကြပ်စေ၍ မြို့နယ်သစ်တောတာဝန်ခံများ၊ခရိုင်သစ်တောတာဝန်ခံများက တတ်အားသ၍မကြာခဏသွားရောက် စစ်ဆေးပေးရမည်။

## (င) သစ်တောအသေးအဖွဲ့ဝတ္ထုများ စုသိမ်းခြင်း။

သစ်တောအသေးအဖွဲ့ဝတ္ထုပစ္စည်းများစုသိမ်းရာ၌မျိုးပြုတ်စေတတ်သောသို့မဟုတ်အကျိုး ဆုတ်ယုတ်ပျက်ပြားစေတတ်သော အလွန်အကျူးထုတ်ယူစုသိမ်းသည့်နည်းမျိုးကို မပြုမလုပ်ကြစေရန် တားမြစ်ပိတ်ပင်ပေးရမည်။ ဥပမာ–ချိတ်စုသိမ်းသူတဦးအား အပင်ရှိချိတ်အရည်အားလုံးကို စုသိမ်းခြင်းကိုလည်းကောင်း အပင်ကိုလှဲ၍ စုသိမ်းခြင်းကိုလည်းကောင်းထုတ်ယူခွင့်မပြုရ။အဘယ်ကြောင့်ဆိုသော် နာဆာပျက်စီးသွားနိုင်ဖွယ်ရာ အကြောင်းရှိ၏။ထို့အတူလုံးပတ်(၆)ပေအောက်ရှိ ကညင်ပင်များကိုလည်း အဆီထုတ်ယူခွင့်မရှိချေ။ တဖန်ဥကလေးများ ဥမှပေါက်ဖွားချိန်ဖြစ်သဖြင့် မိတ်ချိန်ဟုကန့်သတ်ထားသော ဧပြီလ(၁၅)ရက်မှ ဇွန်လ(၁၃)ရက်ထိ ပင်လယ်ငှက်သိုက်များစုသိမ်းခြင်းနှင့်ထိုငှက်သိုက်မျိုး၏ငှက်ပေါက်စကလေးကိုဖျက်ဆီးခြင်းမှလည်း ပိတ်ပင်တားမြစ်ထားသည်။ ထိုစည်းမျဉ်းဖြင့် အောက်ပါအချက်များကို ပိတ်ပင်တားမြစ်ရ၏။

(၁) ဝတ္ထုပစ္စည်းများထွက်ရှိရာဌာန တိမ်ကောပပျောက်သွားခြင်း။
(၂) အခြားဝတ္ထုပစ္စည်းများအား ထိခိုက်နာဆာစေခြင်း။
(၃) ရှားချက်လုပ်ရာ၌ သန်းခေါက်ဖြင့် ရောချက်ခြင်းမျိုးကဲ့သို့ အရာဝတ္ထုတစ်ခုခုပြုလုပ်ရာ၌ ပစ္စည်းများကို မတရားရောစပ်ပြုလုပ်ခြင်း။

## (စ) သစ်တောဆိုင်ရာအခွင့်အရေးများကို အလွဲသုံးစားပြုလုပ်ခြင်း။

(၁) တောတစ်တောကို ကြိုးဝိုင်းဖွဲ့စည်းသောအခါသစ်တောကြေးတိုင်တာဝန်ခံသည့်တော အနီးအနားတဝိုက်ရှိ တောသူတောင်သားတို့အား အခွင့်အရေးကိုပေးလေ့ရှိ၏။ ထိုသို့ကြိုးဝိုင်းဖွဲ့စည်းကာ အခွင့်အရေးများပေးအပ်ခြင်းဖြင့် တောသူတောင်သားတို့ သစ်တောထွက်ပစ္စည်းများကို ယခင်ကစည်းမဲ့ကမ်းမဲ့ မိမိတို့သဘောအတိုင်းထုတ်ယူသုံးစွဲခြင်းကို ဖြတ်တောက်လျှော့ပစ်လိုက်ခြင်းပင်ဖြစ်သည်။ များသောအားဖြင့် ထိုအခွင့်အရေးများအားအိုးအိမ်၊ လယ်ယာနှင့်တံငါကိစ္စများအတွက်သစ်၊ထင်း၊ ဝါး၊ ကြိမ်များကို ထုတ်ယူခွင့်၊ စားကောင်းအသီးများ ပျားရည်၊ ဖယောင်း၊ မှို၊သစ်ဥ သစ်ဖုများကို စုသိမ်းခွင့်၊ ငါး၊ လိပ်၊ ဖွတ်၊ ပဒတ်စသည်တို့ဖမ်းဆီးခွင့်၊ အိမ်မိုးရန်သက်ကယ်၊ စလူ၊ တောင်ထန်း၊ အင်၊ ဖက်စသောသစ်ရွက်များကို စုသိမ်းခွင့်၊ ကျွဲ နွားတိရစ္ဆာန်တို့ကို ဝင်ရောက်ထိန်းကျောင်းခွင့်နှင့်ကြိုးဝိုင်းအတွင်းရှိလှည်းလမ်း၊ခြေလမ်းများကို အသုံးပြုနိုင်ခွင့်များဖြစ်သည်။ ဤသို့ထုတ်ယူအပ်သည့်တောထွက်ပစ္စည်းများကိုရောင်းခြင်း၊ ဖလှယ်ခြင်း မပြုလုပ်ရသည့်အပြင် သစ်တောအက်ဥပဒေနှင့်နည်း ဥပဒေများတွင်ပြဋ္ဌာန်းထားသည့် အချက်များကိုလည်း အစဉ်ရှိသေလိုက်နာကြရသည်။ အခွင့်အရေးပေါများစွာရှိသည့်အနက် သစ်၊ ဝါး၊ ကြိမ်နှင့်ကျွဲနွားကျောင်းခြင်းတို့သာလျှင်တကယ်အရေးကြီးပေသည်။ဤသည်ကို စနစ်တကျခွင့်ပြုသင့်သည့် အခွင့်အရေးရသူတို့ တရားအတိုင်း ထုတ်ယူကြစဉ်တွင် မတော်တဆမီးသင့်လောင်ခြင်းနှင့်တမင်ရှို့သည့်မီးများကိုတားမြစ်ပိတ်ပင်ရန်အထူးဂရုစိုက်၍ ဆိုင်ရာသစ်တောဌာနတာဝန်ခံများက စောင့်ကြပ်အပ်ပေသည်။

(၂) ပေးအပ်သောအခွင့်အရေးများကို ကြိုးဝိုင်း၏တနေရာတည်း၌သာအသုံးပြုကြရန် သတ်မှတ်ပေးစေ၍၊ကျန်ဧရိယာများ ထိုအခွင့်အရေးမှကင်းစင်အောင်ပြုလုပ်ဖန်တီးရန်ဖြစ်သည်။တောထွက်ပစ္စည်းအရပ်ရပ်တဦးဦးအတွက်လိုသည်ထက်ပို၍မပေးဘဲအားလုံးပေါင်းလိုက်လျှင်လည်း တောထွက်အင်အားထက်မပိုစေရန်ဖြစ်သည်။မိမိတို့သဘောအတိုင်း ထုတ်ယူခြင်းမပြုဘဲ အခွင့်အရေးရယူသူများသည် ဆိုင်ရာခရိုင်၊ မြို့နယ်သစ်တောတာဝန်ခံမှုးတို့ထံသို့လျှောက်ထားကြရမည်။ထိုအခါသစ်တောတာဝန်ခံများက ထိုသူတို့အတွက်သစ်ပင်များကိုမှတ်သားပေးပြီးမှခုတ်ယူခွင့်ရှိသည်။

(၃) အကယ်၍အစိုးရသည် အခွင့်အရေးရသူတို့အားခွင့်ပြုပြီးဖြစ်သောဧရိယာကို မျိုးဆက်ရန်သို့မဟုတ် အခြားကိစ္စအတွက် ပိတ်လိုကပိတ်နိုင်သည်။

(၄) ကျွဲနွားကျောင်းရန် အခွင့်အရေးပေးသည့်အခါစစ်ဆေးနိုင်ရန်အလို့ငှာ ခွင့်ပြုသည့်တိရစ္ဆာန်များ၏ အမျိုးအမည်နှင့်တကွကောင်ရေတို့ကိုဖေါ်ပြရမည်။အဘယ်ကြောင့်ဆိုသော် ဉပမာအားဖြင့်ဆိတ်များကိုစားကျက်ချခြင်းသည်နွားများကိုစားကျက်ချခြင်းထက်ပိုမိုပျက်စီး၍ တဖန် ကျွဲနှင့်နွားတွင်လည်းတစ်ကောင်ခြင်းအားဖြင့်နွားကြောင့်ပျက်စီးခြင်းသည် ကျွဲလောက်မဆိုးချေ။ကျွဲနွား ကျောင်းခြင်းကိုလက်မှတ်များရောင်း၍ ခွင့်ပြုသောနည်းသည် များစွာအသုံးဝင်၏။အဘယ်ကြောင့်ဆိုသော် လက်မှတ်ရောင်းသူ ကော်မရှင်စားများသည် အရပ်သားများဖြစ်၍ မိမိတို့၏အရပ်၌ အကြောင်းချင်းရာအလုံးစုံကို ကောင်းစွာသိပြီးဖြစ်သောကြောင့် အကယ်၍အခွင့်အရေးမရသူများပါ၄င်း၏ကျွဲနွားဟန်ဆောင်ပြီးမတရားဝင်ရောက်ကျောင်းရန် ကြံစည်အားထုတ်သည်ဖြစ်စေ၊သို့မဟုတ်အခွင့်အရေးရသူများက မိမိတို့ကျောင်းပိုင်ခွင့်ရှိသော ကောင်ရေထက်ပိုပြီးကျောင်းသည်ဖြစ်စေ၊ထိုလက်မှတ်ရောင်းသူတို့ သိမည်ဖြစ်သောကြောင့်တည်း။တိုက်ရိုက်ကာကွယ်သောနည်းတနည်းအဖြစ် မတရားဝင်ကျောင်းသော တိရစ္ဆာန်များကို ထောင်ချရန်အတွက် တိရစ္ဆာန်ထောင်များကို ဆောက်လုပ် ထားနိုင်သည်။

(၅) အခွင့်အရေးနှင့် အကျိုးခံစားခွင့်များ ကြိုးဝိုင်းဖွဲ့စည်းစဉ်က၊အခွင့်အရေးနှင့်အကျိုးခံစားခွင့်များရရှိသူထံ၌၊ အားလုံးသောအခွင့်အရေးနှင့်အကျိုးခံစားခွင့်များကိုသစ်တောဌာနမှအသစ်ပြန်လည်သတ်မှတ် ချုပ်ချယ်နိုင်ခွင့်ရှိသည့်အပြင် အခွင့်အရေးနှင့်အကျိုးခံစားခွင့် မရရှိသောသူများထံမှ လုပ်ကိုင်သောလယ်ယာ၊တောင်ယာများကိုပြန်လည်သိမ်းပိုက်ပြီး သစ်တောပြန်လည်တည်ထောင်ပြုလုပ်ရမည်။အထူးသဖြင့် ကြိုးဝိုင်းဖွဲ့စည်းစဉ်က အခွင့်အရေးနှင့်အကျိုးခံစားခွင့်များပေးထားသော လယ်ယာကိုင်းကျွန်းများသည် အစိုးရပိုင်မြေများဖြစ်သဖြင့် အမွေဆက်ခံခြင်း၊ရောင်းစားခြင်း၊လွှဲပြောင်းခြင်း၊ပေါင်နှံခြင်းကို တားဆီးပိတ်ပင်ထားသည့်အပြင်၊ ထိုမိဘလက်ငုတ်များကိုပြန်လည်လုပ်လိုသူသားသမီးများသည်သက်ဆိုင်ရာမြို့နယ်မှတဆင့်ခရိုင်သို့ လျှောက်ထားပိုင်ခွင့်ရှိသည်။

အခွင့်အရေးအရ သစ်တောထွက်ပစ္စည်းများထုတ်ယူသုံးစွဲခြင်းကို အခမဲ့ခွင့်ပြုသော်လည်း နိုင်ငံတော်အစိုးရသည် အခွန်ကောက်ခံသင့်သောအခါများ၌ အခွန်ကောက်ခံနိုင်၏။ကောက်ခံခြင်းလည်းပြုလုပ်၏။အနီးအနားရှိရွာနှင့်တကွဝေးလံသောရွာများမှအလိုရှိသော တောထွက်ပစ္စည်းများကို ဖြေရှင်းပေးနိုင်ရန်အတွက်ကြိုးပြင်တောနေရာတစ်ခုခုတွင် အိမ်သုံးသက်သက်အတွက် စောင့်ရှောက်ကာကွယ်ထားပြီး တောထွက်ပစ္စည်းများကို ဖန်တီးပေးပါက ကြိုးဝိုင်းအတွင်းဖြုန်းတီးခြင်းမှ ကာကွယ်တားဆီးနိုင်ပေမည်။

အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ အကြီးဆုံးသော အခက်အခဲတရပ်မှာ အခွင့်အရေးရသူများသည် များသောအားဖြင့် ငယ်ရွယ်သောတိုင်နှင့်မျှောများကိုသာ အလိုရှိကြသည့်အလျှောက် သစ်ပင်များမကြီးမရင့်မီ ခုတ်ယူကြခြင်းဖြင့်တောကိုစနစ်တကျ စီမံအုပ်ချုပ်ရန်အတွက်ပို၍ခက်ခဲစေသည်။ အခွင့်အရေးရသူများအား တာဝန်ကိုသိ

သောစိတ်ဓါတ်များကိန်းအောင်းလာစေရန်နှင့်သစ်တောများကိုစောင့်ရှောက်ကာကွယ်ရာ၌ ဝိုင်းဝန်းကူညီကြရန်မှာသူတို့အကျိုးအတွက်ဖြစ်ကြောင်းကိုသိရှိနားလည်လာစေရန်အတွက်ဆိုင်ရာသစ်တောတာဝန်ခံများက အစွမ်းကုန်သွန်သင်ဟောပြော ညွှန်ကြားသင့်သည်။

သစ်တောပြစ်မှုအမျိုးမျိုးကျူးလွန်ခြင်းနှင့် သစ်တောဆိုင်ရာအခွင့်အရေးများကို မတရားအလွဲသုံးစားပြုလုပ်ခြင်းကို ထိရောက်စွာတားမြစ်ပိတ်ပင်ရန်မှာဆိုင်ရာရပ်ရွာရှိရွာသူရွာသား၏ အကူအညီကိုရမှသာလျှင်ဖြစ်နိုင်၏။သို့ဖြစ်၍သစ်တောတာဝန်ခံတိုင်းသည် မိမိပိုင်နယ်အတွင်းရှိ ရပ်ရွာလူထုနှင့်ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံ၍ ယုံကြည်လေးစားမှုရရှိရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သင့်သည်။ဤသို့ပြုလုပ်ပြီး၍၊သစ်တောများကို စောင့်ရှောက်ထိန်းသိမ်းထားရန်အတွက် ၄င်းတို့အလိုအလျှောက်ပေးလာသော အကူအညီကိုရရှိပေလိမ့်မည်။

## (ဆ) တောင်ယာခုတ်လုပ်ခြင်း။

(၁) တောင်ယာခုတ်လုပ်ခြင်းကို အခွင့်အရေးတရပ်အဖြစ်မတောင်းဆိုနိုင်။ ကြိုးဝိုင်းဖွဲ့စည်းစဉ်အခါကပင် အကျိုးခံစားခွင့်တစ်ရပ်အနေဖြင့်သာခွင့်ပြု၍ သစ်တောဌာနမှအလိုရှိသော နည်းမျိုးဖြင့်ချုပ်ချယ်စီမံခွင့်ရှိပြီး၊လျော်ကြေးငွေမပေးဘဲတောင်ယာများကိုဖျက်သိမ်းနိုင်ပေသည်။အကျိုးခံစားခွင့်ရရှိထားသောတောင် ယာခုတ်လုပ်ကိုင်စားသောက်သူများကို စိုက်ခင်းများတည်ထောင်သည့်နည်းဖြင့် မျိုးဆက်ရန်ကိစ္စအတွက်သစ်တောဌာန၏ အုပ်ချုပ်မှုအောက်တွင် စနစ်တကျထားရှိရန်ဖြစ်သည်။အဆိုပါကိစ္စအတွက် တောင်ယာမခုတ်လျှင်မဖြစ်သောသူများကိုဆိုလိုသည်။သို့ဖြစ်၍ကြိုးဝိုင်းအတွင်း၌ကြိုးဝိုင်းဖွဲ့စည်းစဉ် အကျိုးခံစားခွင့်ရှိပြီးသော တောင်ယာသမားအားမိရိုးဖလာအစဉ်အဆက်လုပ်ကိုင်လာခဲ့သောလုပ်ငန်းကိုစည်းကမ်းသတ်မှတ်၍ ဆက်လက်လုပ်ကိုင်ခွင့်ပြုထားရန်ဖြစ်သည်။

(၂) တောင်ယာလုပ်ကိုင်ခြင်း၏အကျိုးအပြစ်များ – တောင်ယာလုပ်ကိုင်သည်ဆိုရာ၌ တောကိုအပြောင်ခုတ်ပြီးနောက်ခုတ်ထားသောအပင်များကို အခြောက်ခံ၍ နွေရာသီမကုန်မီအတွင်း မီးရှို့ပြီးစိုက်ပျိုးသည့်နည်းမျိုးဖြစ်သည်။ဤသို့မီးရှို့လိုက်ခြင်းဖြင့်မြေသြဇာဖြစ်သောပြာကို ရရှိတွင်မကမိုးဦးကျတွင် စတင်စိုက်ပျိုးသောအပင်ကလေးများကို နှောင့်ယှက်သည့်သစ်ပင်ငုတ်နှင့်ပေါင်းပင်များကိုလည်းသေစေသည်။ထိုမှတစ်ပါး မြောက်များစွာသော ပိုးမွှားများသေစေသည်။

သို့ရာတွင်တောင်ယာခုတ်လိုက်သည့်မြေကြီးသည် နွေဥတုတလျှောက်လုံးလိုပင်မိုးနှင့်ဝေးပြီး နေပူဒဏ်ကိုသာခံနေရတော့၏။ထိုမှတဖန်အခြေအနေကိုလိုက်၍ အအေးဒဏ်၊ရေနှင့် သစ်ဆွေးမြေများကိုထိန်းသိမ်းသိုလှောင်ပေးစွမ်းနိုင်သောရွက်အုပ်များမှကင်းခဲ့ရပြန်၏။ကောက်ပဲသီးနှံများသည် အလေ့ကျပင်များထက် မြေမှအစာရေစာကိုပိုမိုစုပ်ယူခြင်းကြောင့် တောင်ယာရှိသီးနှံများကို ရိတ်သိမ်းလိုက်သောအခါ မြေရှိများစွာသော အစာရေစာတို့ကိုကုန်ခမ်းသွားစေ၏။တောင်ယာကွက်မှမြေသည်ဤနည်းဖြင့်ဆုတ်ယုတ်ညံ့ဖျင်းသွား၍ထိုမြေပေါ်တွင်ကြိမ်ဖန်များစွာမကြာခဏတောင်ယာခုတ်သွားမည်ဆိုလျှင် စိုက်ပျိုးရန်မဖြစ်ထွန်းနိုင်သောအခြေအနေသို့နီးနီး ဆိုက်ရောက်သွားစေနိုင်သည်။ အကာအကွယ်ကင်းမဲ့သောမြေပြင်ပေါ်သို့ အထူးသဖြင့်မြေပို၍စောက်မတ်သောတောင်စောင်းများပေါ်သို့ မိုးသည်းထန်စွာရွာသွန်းသည့်အခါ အပေါ်ယံမြေများသည် ချောင်းမြစ်များထဲသို့ရေဖြင့်တိုက်စားစီးပါသွား၍ ထိုမှတဆင့်မြေညီဒေသများကို ရောက်သောအခါ ရေရိုးရေကြောင်းများကိုနုံးဖြင့် ပိတ်ဆို့တိမ်ကောစေ၍ လယ်မြေများကိုဖုံးလွှမ်းလျက်ပျက်စီးခြင်းများဖြစ်စေနိုင်သည်။သာ၍စောက်သောတောင်

စောင်းများ၌ ရေစားခြင်းဖြင့်မြေများအစိုင်အခဲလိုက်ပြိုပြီးလျှင် အပင်ပေါက်ခြင်းငှါမစွမ်းနိုင်သော ကျောက်သားပကတိကိုပေါ်စေနိုင်သည်။ထိုကြောင့်နုံးများပိတ်ဆို့ဖုံးလွှမ်းခြင်းနှင့်မြေပြိုခြင်းမှကာကွယ်ရန် တောင်ယာခုတ်လုပ်သူများအား ဥပဒေစည်းကမ်းပြုလုပ်၍ ချုပ်ချယ်ရပေမည်။လုံးဝပိတ်ပင်လိုကလည်း ပိတ်ပင်နိုင်သည်။

(၃) တောင်ယာခုတ်လိုက်သော အကွက်တစ်ကွက်ကို တောတဖန်ထလာစေရန် အမြန်ပြုလုပ်ပေးခြင်းဖြင့် မြေပြင်ကို တောတဖန်ရွက်အုပ်ဖြင့်မိုးထားစေနိုင်မည်ဆိုပါက ရေစားခြင်းများနည်းပါးနိုင်သည်။ အကွက်၏မြေသြဇာကိုလည်းပို၍ထိန်းသိမ်းထားနိုင်လေသည်။ ယခင်ကခုတ်ယူသုံးခြင်းအလျဉ်းမရှိသေးသောတောမျိုး၌ တောင်ယာမလုပ်သည့်အခါများသောအားဖြင့်တောပြန်၍အထမြန်၏။သို့ဖြစ်၍အနည်းဆုံးခုတ်ပတ်အနှစ်(၃၀)ကြာမှတကြိမ်အလှည့်ကျခုတ်ပါက ပျက်စီးနစ်နာမှုနည်းသွားစေနိုင်သည်။ခုတ်ပတ်ယခုထက်ပိုမည်ဆိုပါက ရရှိသောကောက်ပဲသီးနှံများ အလွန်ညံ့ဖျင်းမည်သာမကတောပြန်လည်ဖြစ်ထွန်းရန်ပို၍နှောင့်နှေးပြီးလျှင် မြေကြီးရေစားသည့်အန္တရာယ်မှာ သာ၍ကြီးလာပေလိမ့်မည်။

(၄) ကြိုးဝိုင်းသစ်တောရွာများနှင့် အခြားသောကျေးရွာလူထုအချို့မှ တောင်ယာခုတ်ခွင့်ရရှိ သောသူတို့သည် လုပ်ကိုင်ပြီးသောတောင်ယာများကို အသုံးဝင်အဖိုးတန်အပင်များကို စိုက်ခိုင်းရပေမည်။၄င်းတို့အားဆိုင်ရာသစ်တောတာဝန်ခံများက စည်းကမ်းတကျအုပ်ချုပ်ကွပ်ကဲရမည့်အပြင်သစ်တောဌာနမှခန့်အပ်သောကြိုးဝိုင်းသစ်တောရွာ ရွာသူကြီးတဦး၏လက်အောက်တွင်ထားရှိပြီးသစ်တောဌာနစိုက်ခိုင်းသော အပင်များကိုစိုက်ပေး၍ ပေါင်းမြက်များကိုရှင်းလင်းစေရမည်။

## (၉) မီးကိုကာကွယ်ပေးခြင်း။

(၁) မီးကာကွယ်ခြင်းဟူသောစကားကို သုံးစွဲထားသည်မှာ အဓိပ္ပါယ်ထင်ရောင်ထင်မှားရှိလှသော်လည်း သစ်တောများကိုမီးလောင်ခြင်းမှ ကာကွယ်တားမြစ်ရန်နှင့်မီးလောင်သည့်အခါ မီးသတ်ရန်လုပ်ငန်းအရပ်ရပ်ကိုဆိုလိုသည်။ မိုးကြိုးပစ်ခတ်ခြင်းအစရှိသော သဘာဝအကြောင်းများကြောင့်လည်း မီးလောင်နိုင်သည်ဟုယူဆရစေကာမူ မီးလောင်တိုင်းလိုလိုပင်များသောအားဖြင့်လူကြောင့်သာဖြစ်သည်။မတော်တဆ လောင်သည့်အခါမျိုးလည်းရှိ၍ တမင်သက်သက်ရှို့သည့်အခါမျိုးလည်းရှိသည်။ မီးလောင်နေကြအကြောင်းအရာများကား တောင်ယာများကို မီးရှို့ရာကကူးစက်ခြင်း၊ကျေးရွာစားကျက်မြေများရှိမြက်ခြောက်များကို မြက်ပေါက်လွယ်စိမ့်သောငှါ မီးရှို့ကြခြင်း၊ တောတွင်းရှိအမဲကောင်များကို မောင်းထုတ်ရန်အတွက်တောမီးတမင်ရှို့ခြင်း မလိုမုန်းတီးတား၍ ပျက်စီးနစ်နာစေလိုသောစိတ်ဓါတ်ဖြင့်ရှို့ခြင်း၊သတိပေါ့ဆစွာဆေးလိပ်သောက်ခြင်း စခန်းတွင်မီးမွေးခြင်းစသည်တို့ဖြစ်၏။ ဤအကြောင်းများကြောင့်လောင်သည်မှာအများဆုံးဖြစ်၍သစ်တောကြီးကိုမီးကာကွယ်ရန် အထူးစီမံမှုများမရှိလျှင် မီးစွဲလောင်နိုင်လောက်အောင် ခြောက်သွေ့သောတောတိုင်း၌လိုပင် နှစ်စဉ်မီးလောင်တတ်၏။ တခါတရံတစ်ရာသီအတွင်း အကြိမ်ပေါင်းများစွာ လောင်လေ့ရှိသည်။

(၂) တောမီးလောင်ခြင်းအားဖြင့် သစ်ပင်များမှာအထူးပင်ပျက်ကြေရလေသည်။ ဥပမာ–မီးအလောင်ခံရသောအပင်တစ်ပင်နှင့် မီးအလောင်မခံရသော အပင်တစ်ပင်တို့ကိုနှိုင်းယှဉ်၍ ကြည့်မည်ဆိုပါကမီးလောင်ခံရသောအပင်သည်အနည်းနှင့်အများအနာရရှိရမည်ဖြစ်၍မီးအလောင်မခံရသောအပင်သည်သန် စွမ်းကြီးမားရမည်မှာအမှန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မီးသည်သစ်ပင်၏အရွက်များကိုလောင်မြိုက်ခြောက်စေ၍ တခါတရံတစ်ပင်လုံးသို့မဟုတ်တစိတ်တဒေသကို လောင်သွားစေနိုင်သည်။ အနည်းဆုံးအားဖြင့် အပင်ကြီးများမှာ အခေါက်များလောင်မြိုက်ခြင်းခံရ၍အစေ့အပင်ပေါက်ကလေးများနှင့် မျိုးဥပင်ကလေးများမှာကား အရင်းသို့တိုင်အောင်

လောင်ကျွမ်းပြီး သေရလေသည်။ မီးရှိန်အလွန်ပြင်းခဲ့သော်သစ်ဆွေးမြေများလည်းပျက်စီးသဖြင့် မြေသြဇာများ ညံ့ဖျင်းလျက်ရှိစေနိုင်သည်။မြေသို့ကြွေကျလျက်ရှိသော သစ်ရွက်သစ်ခက်စသည်တို့အားလုံး လောင်ကျွမ်းသဖြင့် ထိုနှစ်အဖို့သစ်ဆွေးသစ်များ မဖြစ်ပေါ်တော့ချေ။ သစ်စေ့အမြောက်အများပျက်စီးကုန်သဖြင့် မျိုးဆက်ရန်အခွင့် အရေးများနည်းပါးဆုတ်ယုတ်သွား၏။နှစ်စဉ်ဆက်၍အလောင်ခံရသောပင်စည်များမှာ မီးသင်း၍လိမ်ကောက် လာပြီးလျှင် နောက်ဆုံး၌အနာများမှအဆွေးဝင်ကာအသုံးမကျဖြစ်သွားစေ၏။ဤနည်းဖြင့်များစွာသော သစ်ပင် တို့၌အခေါင်းများဖြစ်လာ၏။ သေသောအပင်နှင့် အောက်လဲပင်များမှာ လုံးဝလောင်ကျွမ်းပျက်စီးသွားနိုင်သဖြင့် အကျိုးကျေးဇူးရှိရန်အတွက်ယင်းတို့ကိုသစ်လုံးအဖြစ်သော်လည်းကောင်း၊ ထင်းမီးသွေးအဖြစ်သော်လည်း ကောင်း ထုတ်ယူခြင်းငှါမဖြစ်နိုင်တော့ချေ။

(၃) တောမီးလောင်သောကြောင့် မြေ၏သဘာဝအနေအထားကိုလိုက်၍ ကြီးစွာသောနစ်နာပျက်စီးခြင်းကိုဖြစ်စေ နိုင်သည်။သစ်ဆွေးမြေနှင့်အောက်ပေါင်းများ မီးလောင်ပျက်စီးသောကြောင့် မြေပြင်ပေါ်သို့မိုးသည်းထန်စွာရွာ သွန်းသဖြင့်လည်းကောင်း အပင်ကြီးများပေါ်မှရေစက်ကျသဖြင့်လည်းကောင်း ရေစားမှုကိုပို၍ဆိုးစေသည်။ ထိုရေစားမှုကြောင့် အမြစ်များပေါ်၍ချောင်းမြစ်များအတွင်းသို့များလှစွာသောနုံးမြေများသက်ဆင်းကျရောက် သဖြင့်အောက်ပိုင်းရှိမြေညီအရပ်ရှိဒေသများ၌ဘေးဒုက္ခများဖြစ်စေနိုင်သည်။ ကျန်မြေလွှာများသည်မာ၍ မိုးရေ ကိုကောင်းစွာမစုပ်ယူနိုင်သောကြောင့် တစ်ကြိမ်ထက်တစ်ကြိမ်ပို၍ ရေကြီးခြင်းမကြာခဏဖြစ်ပေါ်စေသည်။

(၄) တောခြောက်ကိုမီးကာကွယ်ရန်လိုခြင်း– တောပို၍ခြောက်လေ–မီးလောင်လွယ်လေဖြစ်၏။အကြောင်းကား လောင်စာများသည် ပို၍မီးကူးလွယ်သည့်ပြင်တောပိုရှင်းသောအရပ်၌များသောအားဖြင့် လောင်စာအကျများ ၏။မြက်ပင်နှင့်တစ်နှစ်ခံပင်များသာ၍ပေါများသောကြောင့် အပင်တို့ခြောက်သွေ့သွားသည့်အခါ မီးအလျှံကိုပို၍ ကြီးစေသည်။ မီးပိုလောင်သောကြောင့်တောပိုရှင်းလာပြန်၏။မြေသြဇာဆုတ်ယုတ်လာ၏။အပင်များအင်အား နည်းလာ၏။ ဤသို့ဖြင့်ကာလရှည်လာသော် အပင်များသည် တိုး၍ပျက်စီးယိုယွင်းလာလေသည်။ တောတို့ မီးဆက်ခါဆက်ခါလောင်နေသော အဖြစ်မှလွတ်ကင်းအောင် ပြုလုပ်ပေးခြင်းဖြင့် အပင်ပေါက်ရောက်ခြင်းကိုပို၍ ကောင်းမွန်လာစေသည်။ မြေကြီးသည်ပို၍စိုလာပြီးအောက်ပေါင်းများပို၍ တက်သောကြောင့် နေနှင့်လေတို့၏ အန္တရာယ်မှအကာအကွယ်ရသည်။သို့ဖြစ်၍မိုး ကြောင့်အပေါ်ယံ မြေရေစားခြင်းကို သက်သာစေ၏။ မြေ၌ရေကို ပိုမိုကြာရှည်စွာ သိမ်းထားနိုင်၏။ နောက်ဆုံး၌ အပင်ပေါက်ရောက်ကြီးထွားရန်အတွက် အကြောင်းအညီညွတ် ဆုံးသော အခြေသို့ရောက်စေသည်။

(၅) သွယ်ဝိုက်သောနည်းဖြင့် ကာကွယ်နည်းမှာ အနီးတဝိုက်ရှိရွာသားများအား မိမိကာကွယ်ရသည်မှာသူတို့ အကျိုးအတွက်ဖြစ်ကြောင်းကို စိတ်ဝင်စားလာအောင်ပြုလုပ်ပေး၍ ၎င်းတို့၏ချစ်ကြည်မှုနှင့်ပူးပေါင်း ဆောင်ရွက် လိုသောအကူအညီရယူရန်ဖြစ်သည်။အားလုံးသောအခွင့်အရေးရရှိသူများကို လုပ်ကိုင်ရန်လိုင်စင်ရရှိသူများနှင့် ကြိုးဝိုင်းအနီးရှိရွာများတွင် လူထုများသည်မီးလောင်ခြင်းများကိုတားမြစ်ရန်ဖြစ်သည်။ ထိုမှတပါးပြစ်မှု ကျူးလွန်သူတို့အားစုံစမ်းထောက်လှမ်းရာ၌ ကူညီရန်လည်းတာဝန်ရှိပေသည်။ ဆိုင်ရာသစ်တောဌာနမှလည်း ပြစ်မှုကျူးလွန်သူများအားအရေးယူရပေမည်။အကယ်၍အခွင့်အရေးရသူတစ်ဦး၏ လုံးဝပျက်ကွက်မှု ကြောင့်ဖြစ်စေ စိတ်အလိုက်တမင်ရှို့၍ဖြစ်စေ၊မီးလောင်ခဲ့သော်ထိုသူ၏အခွင့်အရေးအားလုံး (သို့)တစ်စိတ်တစ် ဒေသကို ဖျက်သိမ်းခွင့်ရှိလေသည်။မီးလောင်သည့်အခါကူညီငြိမ်းသတ်သာရွာသားများ အားတောထွက် ပစ္စည်းများကို သင့်သလိုအခွန်မဲ့ပေးကမ်းချီးမြှင့်ခြင်းဖြင့် ၎င်းတို့၏ချစ်ကြည်မှုကိုရရှိစေနိုင်သည်။

## (ဈ) သားငှက်တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ခြင်း။

(၁) သစ်တောကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုရာ၌သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သောသစ်၊ဝါး၊ကြိမ်အစရှိသည့်အပင်များနှင့်သက်ဆိုင်သောအရာဝတ္ထုကိုသာ လူ၏ဘေးမှကာကွယ်စောင့်ရှောက် ထိန်းသိမ်းရမည်ဟု ယူဆကောင်းယူဆပေလိမ့်မည်။အမှန်ကားဤကဲ့သို့မဟုတ်ဘဲ အခြားသစ်တောတစ်မျိုးဖြစ်သည့် သစ်တောများအတွင်းရှိနေထိုင်ကြသော တောငှက်တိရစ္ဆာန်များသည်လည်း သစ်တောပစ္စည်းတစ်မျိုးဖြစ်သည့်အလျှောက် ၄င်းကိုလည်း လူ၏ဘေးရန်မှကာကွယ်စောင့်ရှောက်ထိန်းသိမ်းရပေမည်။

(၂) သစ်တောများသည်တောတိရစ္ဆာန်အမျိုးမျိုးတို့ နေထိုင်ရန်အတွက်သဘာဝအလျှောက်ဖန်တီးထားသော အိုးအိမ်များဖြစ်သည်။အချို့တိုင်းပြည်များတွင် ယနေ့တိုင်အောင်ပင်ငှက်များအပါအဝင်ဖြစ်သော တောတိရစ္ဆာန်များကိုစောင့်ရှောက်ထားရန်ရည်ရွယ်ချက်ဖြင့် သီးခြားသတ်မှတ်အုပ်ချုပ်ထားသောတောများရှိ၏။

ဤသို့မပြုလျှင် လူဦးရေတိုးပွါးလာခြင်း လယ်ယာကိုင်းကျွန်းများကိုလုပ်ကိုင်လာခြင်းတို့ကြောင့် တောတိရစ္ဆာန်များတိမ်ကောပပျောက်သွားပေလိမ့်မည်။ယခုအခါတွင်တောအမဲများသည် တောနက်ရာသို့ တရွေ့ရွေ့ရောက်သွားကြလေသည်။ ဤသို့ဖြစ်ရသည်မှာတောတိရစ္ဆာန်များသည် လူတွေ့မခံလိုသည်ကတစ်ကြောင်း၊ လူတို့၏အသတ်အဖြတ်ခံရသည်ကတစ်ကြောင်းတစ်နေ့တခြားပိုမိုကောင်းမွန်လာသော လက်နက်များကိုစွဲကိုင်သည့် မုဆိုးဦးရေများလာသည်ကတစ်ကြောင်း တို့ကြောင့်ပင်ဖြစ်သည်။

ဤဖြစ်စဉ်ကား တစ်ကမ္ဘာလုံးမှာပင်ကြုံတွေ့ရ၍များစွာသောတိရစ္ဆာန်တို့သည်လည်းမျိုးပြုန်း ပျောက်ကွယ်သည်အထိဖြစ်ခဲ့သည်။ ဥပမာဆိုသော် အနောက်ဥရောပတိုက်၌ ဝံပုလွေများလုံးဝပျောက်ကွယ်လျက်ရှိချေပြီ။ သမင်များကိုလည်းခြွင်းချက်အနည်းငယ်မှတပါးဥယျာဉ်ကြီးများနှင့်ယင်းတို့ကို သေချာစွာစောင့်ရှောက်ထားသော သမင်တော၌သာလျှင်တွေ့ရလေသည်။ မြောက်အမေရိကတိုက်၌ပြောင်များ ပျောက်ကွယ်လုမတတ်ဖြစ်လာသဖြင့် အစိုးရသည်ဝင်ရောက်အရေးယူတားဆီးပိတ်ပင်ရလေသည်။ ဗြိတိန်ပြည်၌လည်း ရစ်များအနည်းငယ်သာကျန်ရှိသဖြင့် ခွင့်ပြုချိန်မှတပါးအခြားအချိန်များ၌ မပစ်ခတ်ရန်ဥပဒေပြုလုပ် တားမြစ်ထားလေသည်။

(၃) ကျွန်ုပ်တို့ကော်သူးလေပြည်၌ ယခုအခါတောအမဲများသည် တောတိုင်း၌လိုပင်ရှိသော်လည်းလူတို့သွားလာကျက်စားရာအရပ်မှ ဝေးလံသောဒေသများသို့လျှင်မြန်စွာဆုတ်ခွာလျက်ရှိနေကြပြီးအဝေးဆုံးဖြစ်သောတောကြီးများ၌ပင်ဈေးအလွန်ကောင်းလှသည့်အချို့တိရစ္ဆာန်များကိုအမဲလိုက်၍ အသက်မွေးကြသောမုဆိုးများသည် ပိတ်ပင်ချိန်နှင့်ခွင့်ပြုချိန် နှစ်ချိန်စလုံး၌ပင်လိုက်လံသတ်ဖြတ်လျက်ရှိလေသည်။ (ထိုမုဆိုးများသည် အမဲလိုက်လိုင်စင်မရှိသူသာ များသဖြင့်စင်စစ်ကားအမဲသူခိုးများဖြစ်၏။)

(၄) တောတိရစ္ဆာန်များရှိခြင်းကြောင့် သစ်တောတို့၌ အကျိုးကျေးဇူးပြုပုံနှင့်အဖျက်ဆီးဆုံးဟုဆိုအပ်သော တိရစ္ဆာန်များကြောင့်ပျက်စီးရသည်မှာလည်း မပြောပလောက်အောင်ပင် နည်းပါးလှသောကြောင့် သစ်တောအုပ်ချုပ်မှုနှင့် ဆန့်ကျင်ခြင်းမရှိပုံကိုကျွန်ုပ်တို့တွေ့မြင်ရပေမည်။ သို့ဖြစ်၍လက်တွေ့နှင့်ဘဏ္ဍာတော်အဖြစ် သေချာစွာကြည့်မည်ဆိုပါက တိရစ္ဆာန်များကိုတစ်ကောင်မကျန်ဖြစ်စေ၊သို့မဟုတ်တစ်ကောင်တစ်လေဖြစ်စေ အချည်းနှီးသတ်ဖြတ်မည်ဆိုပါက ထင်ရှားသောအမှားတစ်ရပ်ပင်ဖြစ်သည်။အထူးသဖြင့်နို့တိုက်တိရစ္ဆာန်ကြီးများ၊ ဆင်ပြောင်၊ စိုင်နှင့်ကြံ့များကို ပိဿာအနည်းငယ်မျှသောအစွယ်(သို့)အသားများ ရရှိစေရန်အတွက် မကြာခဏသတ်ဖြတ်ခြင်းမျိုးကိုဆိုလိုသည်။တိရစ္ဆာန်အချို့ ကိုစောင့်ရှောက်ကာကွယ်ထားရာကာကွယ် စောင့်ရှောက်ထားသော တိရစ္ဆာန်များမှာ –

(က) ဆင်၊ ကြံ့ ၊ကြံ့သူတော်၊ တောကျွဲ၊ နွားနောက်၊ ပြောင်၊ စိုင်၊ တောင်ဆိတ်၊တောဆိတ်နှင့်မင်းဒေါင်း၊ ကျား၊ ဒေါင်း၊ မျောက်လွှဲကျော်၊ အော်လံငှက်၊ လိပ်ကြက်တူရွေး၊ သင်းခွေချပ်(တွေ့ရာအရပ်၌)

(ခ) သမင်နှင့်ဒရယ် (ကြိုးဝိုင်းနှင့် အမဲဘေးမဲ့တောများအတွင်း)

(ဂ) အထက်ပါတိရစ္ဆာန်များနှင့်တစ်ကွ အခြားမည်သည့်တိရိစ္ဆာန်မျိုးကိုမဆို (သားငှက်တိရစ္ဆာန်ရိုင်းများစောင့်ရှောက်ရေးအရ ပိတ်ချိန်ပြဋ္ဌာန်းထားပါက ထိုပိတ်ချိန်အတွင်း)

**မှတ်ချက်** – သားငှက်တိရစ္ဆာန်များကို လိုက်လံပစ်ခတ်သတ်ဖြတ်တားဆီးခြင်းကို ပိတ်ပင်တားမြစ်သည့်ကာလ အပိုင်းအခြားကိုဗဟိုသစ်တောဌာနတာဝန်ခံမှ ဆက်လက်၍သီးသန့်ညွှန်ကြားသွားမည်။

(၅) ကော်သူးလေတဝှမ်းလုံး (သို့) အချို့အပိုင်းတွင် မည်သည့်တိရစ္ဆာန်ကိုမဆို စောင့်ရှောက်ထားသောတော တိရစ္ဆာန်များကို စောင့်ရှောက်ရန်အလို့ငှာ မည်သည့်ဧရိယာကိုမဆို အမဲဘေးမဲ့တောပြုလုပ်ထားရန် လိုအပ်ပါက ပြုလုပ်ထားရန်ဖြစ်သည်။ အထူးကန့်သတ်ချက်များအပြင် အောက်ပါမှုရပ်များကို တားမြစ်ထားပေသည်။

(က) မည်သည့်တိရစ္ဆာန်ကိုမဆို အဆိပ်လူးမြားဖြင့် ပစ်ခတ်ခြင်း။
(ခ) မည်သည့်တိရစ္ဆာန်ကိုမဆို အဆိပ်ချဖမ်းဆီးခြင်း။
(ဂ) ရေငှက်များကိုပိုက်ကွန်များဖြင့် ထောင်ဖမ်းခြင်း။
(ဃ) မည်သည့်တိရစ္ဆာန်ကိုမဆို ကျတွင်းထဲသို့ ကျစေသည့်နည်းဖြင့်အမဲလိုက်ခြင်း။
(င) ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းပရဝုဏ်မှ ကိုက်တစ်ရာအတွင်းအမဲလိုက်ခြင်း။
(စ) ပိတ်ချိန်အတွင်း တိရစ္ဆာန်များကိုအမဲလိုက်ခြင်း။
(ဆ) အသားငါးတိရစ္ဆာန်များမှလွဲ၍ မည်သည့်တိရစ္ဆာန်ကိုမဆို အမဲလိုက်ရန်အလို့ငှါ လင့်စင်များဆောက်လုပ်ခြင်း မီးသို့မဟုတ် ဓမ္မတာမဟုတ်သောအလင်းရောင်များကို အသုံးပြုခြင်း။

## (၆) အောက်ပါခြွင်းချက်မှလွဲ၍–

(က) လူ၏အသက်သို့မဟုတ်ပစ္စည်းဥစ္စာများကို အမှန်တကယ်ကာကွယ်သည့်သဘောဖြင့်တိရိစ္ဆာန်များကို သတ်ဖြတ်ခြင်း(သို့) ဒဏ်ရာဒဏ်ချက်ရစေခြင်း၊

(ခ) ခရိုင်သစ်တောဌာနတာဝန်ခံမှ ကြော်ငြာထုတ်ဆင့်ပြဋ္ဌာန်းထားသော မည်သည့်ဆင်ရိုင်းကိုမဆိုသတ်ဖြတ်ခြင်း၊

(ဂ) လူ(သို့)အိမ်၌မွေးမြူထားသော တိရစ္ဆာန်များကိုဖမ်းစားသော အသားစားတိရစ္ဆာန်တို့ကိုသတ်ဖြတ်ခြင်း။

(ဃ)တောခွေးများကို အမဲလိုက်ခြင်း။
မည်သည့်တစ်ဦးတစ်ယောက်မျှစောင့်ရှောက်ထားသောတိရစ္ဆာန်များကိုမည်သည့်နေရာတွင်မဆို (သို့) သစ်တောဌာနမှထုတ်ပေးသောလိုင်စင်၏ စည်းကမ်းချက်များအရမဟုတ်က မည်သည့်တိရစ္ဆာန်ကိုမှကြိုးဝိုင်း (သို့) အမဲဘေးမဲ့တောအတွင်းအမဲလိုက်ခွင့်မရှိချေ။

အပိုဒ်(က၊ခ၊ဂ၊ဃ)ခြွင်းချက်များအရ၊လိုင်စင်ရှိရန် မလိုသောသူများသည်ပင်လျှင် သစ်တောဌာနတာဝန်ခံမှူးထံမှ ခွင့်ပြုစာမရရှိဘဲ တိရစ္ဆာန်တစ်ကောင်ကိုကြိုးဝိုင်းအတွင်းသို့ဝင်လိုက်ခွင့်မရှိချေ။ ခွင့်ပြုစာသည် ထုတ်ပေးသည့်နေ့အတွက်သာအတည်ပြုသည်။၎င်းခြွင်းချက်အရ၊သတ်လိုက်သောဆင်များ၏ အစွယ်ကိုခရိုင်

သစ်တောတာဝန်ခံမှတစ်ဆင့်၊ဗဟိုသစ်တောတာဝန်ခံမှူးရုံးသို့ ပေးအပ်ရမည်။ ဤဆင်စွယ်သည် အစိုးရဘဏ္ဍာတော်ဖြစ်စေရမည်။

(၇) အမဲဘေးမဲ့တော မဟုတ်သော ကြိုးပြင်တော၌လူတစ်ဦးတစ်ယောက်သည် စောင့်ရှောက်ထားသော တိရစ္ဆာန်များကို လိုင်စင်မရှိဘဲ အမဲလိုက်ခွင့်ရှိသည်။ သို့သော်လုံးဝပိတ်ပင်ထားသော တိရစ္ဆာန်များကိုမူ အမဲလိုက်ခွင့်မရှိ။

(၈) လိုင်စင်တွင်တိရစ္ဆာန်ကောင်ရေကိုကန့်သတ်ထားသည်။ယင်းတို့မှာဆင်နှစ်ကောင်၊စိုင်နှစ်ကောင်၊တောဆိတ်နှစ်ကောင်၊ တောင်ဆိတ်နှစ်ကောင်ဖြစ်၍၊ လိုင်စင်တွင်ပြဋ္ဌာန်ထားသည့် အငယ်ဆုံးအတိုင်းအထွာကိုမီသော ချိုများလည်းရှိသည့်အထီးများ ဖြစ်စေရမည်။ ကြံ့၊ ကြံ့သူတော်၊ တောကျွဲ၊ နွားနောက်နှင့်မင်းဒေါင်းများကို အမဲလိုက်ရန်လိုင်စင်များမှာ လောကဓါတ်ပညာဆိုင်ရာကိစ္စများအတွက်သာထုတ်ပေး၍ ဆင်ကိုလည်း အထူးလိုင်စင်စည်းကမ်းချက်များအရသာ ဖမ်းဆီးသတ်ဖြတ်ခွင့်ရှိသည်။

(၉) ကြိုးဝိုင်းများအတွင်း လိုင်စင်မရဘဲငါးဖမ်းခြင်းကိုပိတ်ပင်ထားပေသည်။ ရေ၌အဆိပ်ချခြင်း နှင့်ယမ်းဘီလူးခွဲခြင်းများကိုလည်းပိတ်ပင်ထား၏။ အဘယ်ကြောင့်ဆိုသော်ထိုနည်းများသည် ငါးအရွယ်အစားအမျိုးမျိုးကို အထူးသဖြင့်နောင်ငါးရရေးအတွက် အားထားစရာဖြစ်သောအကောင်ငယ်ကလေးများကို သာ၍အလွန်အကျူးပျက်စီးဆုံးပါးစေသောကြောင့်ဖြစ်သည်။ငါးများသည်များသောအားဖြင့် အရိပ်ရှိသောနေရာတွင်စုဝေးနေကြသဖြင့် အရိပ်အတွင်းသစ်ပင်များလှဲခြင်းကို ပိတ်ပင်နိုင်ပေသည်။

## (ည) ရွာသူရွာသားများ၏အကူအညီလိုအပ်ခြင်း။

သစ်တောများကို လူတို့၏ဘေးရန်မှစောင့်ရှောက်ကာကွယ်ရန် လိုအပ်သလိုပြည်သူလူထု၏အကူအညီကိုမရရှိပါက အောင်မြင်မှုရရှိမည်မဟုတ်ပေ။ လူ၏ဘေးရန်ကိုလူကပြန်လည်ကာကွယ်ပေးကြမှသာလျှင် အရာရောက်ပေလိမ့်မည်။ထို့ကြောင့်သစ်တောများအနီးတဝိုက်တွင်နေထိုင်ကြသောရွာသူရွာသားများ၏ ပူးပေါင်းဆောင်ရွက်မှု အကူအညီကိုရယူရန်အတွက် အထက်အပိုဒ်များစွာတွင်ရေးသားခဲ့သောမှတ်ချက်များကို ထပ်မံ၍လေးနက်စွာပြရန်လိုပေသေးသည်။အကျယ်ပြောရလျှင်လူ၏ဘေးရန်မှစောင့်ရှောက်ရာ၌အကာ ကွယ်သဘောသက်သက်နှင့်တိုက်ရိုက်နည်းလမ်းများကိုသာ အခြေခံထား၍ဆောင်ရွက်ခြင်းသည် လုံးဝမဟုတ်စေကာမူ တစိတ်တဒေသအားဖြင့် အမှန်မုချမအောင်မြင်ဘဲရှိမည်သာဖြစ်သည်။

အအောင်မြင်နိုင်ဆုံးနည်းလမ်းများမှာ ရပ်သူရွာသားတို့သည်စည်းကမ်းသေဝပ်စွာဖြင့်တရားဥပဒေ များကိုရိုသေလေးစားလာကြပြီးလျှင် သစ်တောများကို စောင့်ရှောက်ရာတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးပေးရာတွင်လည်းကောင်း၊စိတ်အားထက်စွာကူညီလာခြင်းအပေါ်တွင်တည်၏။ ကူညီလိုသည့်ဆန္ဒကိုရရှိရန်မှာ ၎င်းတို့နှင့်တတ်အားသရွေ့ အကျွမ်းဝင်ပေါင်းသင်းဆက်ဆံခြင်း အလိုရှိသောရည်ရွယ်ချက်များကို ၎င်းတို့သိရှိနားလည်စေရန် သွန်သင်ဟောပြောခြင်းကူညီကြသောသူရွာသားများအား သစ်တောထွက်ပစ္စည်းများကိုသင့်လိုဆုလာဘ်အဖြစ်ဖြင့် ရက်ရောစွာအခွန်တော်မဲ့ပေးကမ်းခြင်း၊ ရွာသားများအားဆက်ဆံရာတွင်တရားမျှတဖြောင့်မှန်စွာပြောဆိုပြုစုခြင်းနှင့် လက်အောက်သစ်တောဌာနတာဝန်ခံများက မတရားညှင်းဆဲနှိပ်စက်သည်ကိုတွေ့ကပြင်းထန်စွာအရေးယူရမည်ဖြစ်သည်။

ဤနည်းများအပြင် ပြစ်မှုကျူးလွန်သူတို့အား တည်ကြည်သောစိတ်ထားဖြင့် ဆက်ဆံသွားမည်ဆိုပါက မှုခင်းကိစ္စများသည် မကြာမီအတွင်းလျော့နည်းကောင်းမွန်လာရမည်မှာကေန်ဖြစ်သည်။

## ၂။ နို့တိုက်တိရစ္ဆာန်တို့၏ဘေးရန်မှကာကွယ်ခြင်း။

နို့တိုက်တိရစ္ဆာန်များသည် သစ်တောများကိုပျက်စီးသင့်သမျှ ပျက်စီးစေသည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုတိရစ္ဆာန်တို့သည်တောတွင်းရှိ သစ်ပင်၊ချုံနွယ်စသည်တို့ကိုတကယ်ပင်စားသောက်ကြသောကြောင့်ဖြစ်၏။ယေဘုယျအားဖြင့်ပြောရလျှင်ထိုတိရစ္ဆာန်တို့ကြောင့် နှစ်နာပျက်စီးခြင်းသည် အမှန်စင်စစ်မများလှပေ။ သစ်တောများသည် ဧရိယာကျယ်ဝန်းသည်နှင့်အမျှ တိရစ္ဆာန်ကောင်ရေမှာအလွန်နည်းသောကြောင့် စိုက်ခင်းများကိုချန်လပ်၍ ဥပမာအားဖြင့်ပြောရလျှင်ယင်းတို့ကျက်စားကြခြင်းကြောင့်ဖြစ်သော အပျက်အစီးမှာအလွန်ပင်နည်းပေသည်။

(၁) တောရိုင်းဆင်များ – တစ်ကောင်ချင်းအားဖြင့် အထူးပို၍အများဆုံးစားသောက်သော တိရစ္ဆာန်သည်ကားဆင်ဖြစ်သည်။ဆင်များသည်မြောက်များစွာသောဝါး၊မြက်၊နွယ်နှင့်နူးညံ့သော အတက်အညှောင့်အကိုင်းအခက်တို့ကိုစားရုံသာမက ကြီးမားသောကိုယ်အလေးဖြင့်၄င်းတို့အမှန်တကယ်စားနိုင်သည်ထက်ပို၍ အပင်များကိုဆွဲညွှတ်ပြီးနင်းချေတတ်သည်။ ဤသစ်ပင်ကလေးများကိုမူဆွဲ ညွှတ်ချိုးပစ်တတ်လေသည်။ဆင်တို့သည် အရည်ရွှမ်းသောနွယ်များကို ကြိုက်နှစ်သက်သောကြောင့် ထိုနွယ်များကို အစာလို့ငှါဆွဲချခြင်းဖြင့် ပျော့ပြောင်းသောအပင်ငယ်များကို ကွေးညွှတ်ပျက်စီးသွားစေသည်။

တောဆင်များသည်အများအားဖြင့်တောနက်ရာအရပ်များကိုသာ၍နှစ်ချိုက်ကြပြီးလျှင် တန်ဘိုးများစွာမရှိလှသော တောစိမ်းများတွင်နေထိုင်ကြ၏။ မိုးနှောင်းပိုင်းနှင့်စပါးမရိတ်သိမ်းမီအချိန်များတွင် တောဆင်များသည်သာ၍ အသွားအလာလွယ်ကူသောတောများသို့မကြာခဏဆင်းကြပြီးလျှင်လယ်နှင့် တောင်ယာများကိုဝင်ရောက်ဖျက်ဆီးကြ၏။ ထိုအခါကြီးစွာသောပျက်စီးဆုံးရှုံးခြင်း ကိုဖြစ်စေ၍ကာကွယ်ရန်မှာလည်းမီးများပုံ၍ရှို့၍လည်းကောင်း၊သေနတ်ဖြင့်ခြောက်လန့်ရာသာရှိ၏။ဆင်ဖမ်းဆီးခြင်းလုပ်ငန်းများ ပြုလုပ်နိုင်ရန်စီမံပေးခြင်းဖြစ်လည်း တောဆင်ဦးရေကိုယုတ်လျော့စေပြီး ဆင်အုပ်များအန္တရာယ်မပြုနိုင်သော သာ၍ဝေးလံသောတောများသို့ ရောက်သွားစေနိုင်သည်။

(၂) အိမ်ဆင်များသည် ဆင်ရိုင်းများနည်းတူဖျက်ဆီးတတ်သည်။ ထို့ကြောင့်သင့်တော်သောနေရာများမှတပါး ဆင်များကိုလွှတ်၍စားကျက်မချရန် ဆင်ပိုင်ရှင်အားတားမြစ်ခြင်းဖြင့်ဆင်တို့အဖျက်အဆီးမှကာကွယ်နိုင်သည်။ သင့်တော်သောနေရာအရပ်၌ အသက်ငယ်စိုက်ခင်းများတောင်ယာသို့မဟုတ်လယ်အသီး အနှံများနှင့်မနီးသောနေရာဒေသများကိုဆိုလိုသည်။ ကိုင်းနှင့်ဝါးတောများကို တွေ့ရှိစားသောက်နေရသမျှကာလပတ်လုံး ဆင်တို့သည်များသောအားဖြင့် ကျေနပ်တင်းတိမ်လျက်ရှိပြီး ဝေးလံစွာမသွားဘဲနေလေ့ရှိသည့်အားလျော်စွာ ထိုနေရာများတွင်လွှတ်၍ ထားသင့်သည်။ဆင်တို့တွင်သစ်ပင်ပင်များကို အခွံခွါသောအလေ့နှင့်အပင်ကိုမှီပြီး ကိုယ်လက်စသည်တို့ကိုပွတ်တိုက်တတ်သောအလေ့ရှိသောကြောင့်စိုက်ခင်းများအတွင်း သို့မဟုတ်အနီးအနားတွင် လွှတ်၍မထားသင့်ပေ။

(၃) အိမ်ပေါက်ကျွဲ နွားများ – သစ်တောများအတွင်း သို့မဟုတ်အနီးအနားတွင်ထိုတိရစ္ဆာန်များသွားလာကျက်စားလျက်ရှိခြင်းကား များသောအားဖြင့်မလွှတ်ကင်းနိုင်သောအချက်ပင်ဖြစ်၏။သစ်တောများကိုပြုသည်မှာမှန်သော်လည်း စားကျက်ပြုခြင်းကို စည်းကမ်းဖြင့်ကွပ်ကဲအုပ်ချုပ်ပြီးခွင့်ပြုထားရမည်သာဖြစ်သည်။ ကျွဲများသည်နွားများထက်ပိုကြီး၍ အစားလည်းပိုစားနိုင်သည့်အပြင် နုနယ်သောအပင်ကလေးများကို မည်သည့်အခါမှရှောင်ကွင်း၍ မသွားဘဲဖြတ်သန်းကျော်နင်း၍သွားတတ်သောအလေ့ရှိခြင်းကြောင့်ဖြစ်သည်။ ကျွဲနွားများထိန်းကျောင်းရန်ခွင့်မပြုသောနေရာဖြစ်သည့်အစိုးရစိုက်ခင်းများနှင့်လူထုအစု အဖွဲ့ပိုင်သစ်တော

အနီးအနားများတွင် ထိန်းကျောင်းရန်လုံးဝခွင့်မပြုချေ။ကျွဲ၊နွားများထိန်းကျောင်းသူများတို့၏ ပေါ့လျော့မှုကြောင့် တောမီးများလောင်ရသည်မှာမနည်းလှချေ။ မြက်နုများပေါက်စိမ့်သောငှါငင်းတို့တမင်သက်သက် မီးရှို့သောကြောင့်လည်းတောမီးတို့စ၍ လောင်ရလေသည်။ ကြိုးဝိုင်းများအတွင်း ကျွဲ ၊ နွားများစားကျက် ချခြင်းနှင့်ကျွဲနွားများကျူးလွန်ဝင်ရောက်စေခြင်းများသည် သစ်တောကိုပျက်စီးစေသော အကြောင်းဖြစ်ရုံသာမက တောတွင်းသို့ရောဂါများဝင်ရောက်ပြန့်ပွါးပြီး တောတိရစ္ဆာန်များနှင့်တကွသစ်ထုတ်သယ်ယူပို့ဆောင်ရေးတွင် ခိုင်းစေထားသောကျွဲ နွားများကိုပါ ကူးစက်ထိခိုက်စေနိုင်သည့်အချက်လည်း ပါဝင်ပေသည်။

(၄) ကြိုးဝိုင်းများအတွင်းကျွဲ၊နွားများထိန်းကျောင်းခြင်းကို စည်းကမ်းတကျချုပ်ထိန်း၍ နှုန်းထားအတိုင်း အခွန်တော်စည်းကြပ်သွားရပေမည်။(အခွင့်အရေးရထားပြီးသော ကျွဲ၊နွားများပါဝင်ခြင်းမရှိ၊သို့သော်၎င်းတို့ကိုလည်း စည်းကမ်းဖြင့်ပြုလုပ်ပေးရမည်)။ဤကျွဲ၊နွားထိန်းကျောင်းစားကျက်ချခြင်း ကိစ္စသည်အိန္ဒိယပြည်မတွင် ပို၍ကြီးကျယ်သည်။အဘယ်ကြောင့်ဆိုသော်၁၉၂၂-၂၃ခုနှစ်တွင်မြက်ရိတ်ယူခွင့်နှင့်စားကျက်ချခွင့် နှစ်ရပ်မှရရှိသောသစ်တောအခွန်တော်ငွေမှာ ခုနှစ်ဆယ့်နှစ်သိန်းကျော်ရသည်။ ကော်သူးလေပြည်တွင်းရှိတောများတွင်ပြုစုပေးရန်လိုသည့် အချက်များကား စိုက်ခင်းဧရိယာအားလုံးကို အတွင်းရှိအပင်များကျွဲ၊နွားတို့၏ ဘေးရန်များလွတ်ကင်းကြီးပြင်းလာသည့်တိုင်အောင် စောင့်ရှောက်ကာကွယ်ပေးရမည်ဖြစ်သည်။သစ်တောဧရိယာ အကျယ်အဝန်းကိုလိုက်၍ ထိန်းကျောင်းရန်အကောင်ရေကိုကန့်သတ်ပေးရမည်။စားကျက်ချရသည့်အတွက်အခွန်တော်ကောက်ခံနိုင်ရန်လုံလောက်သောအစီအစဉ်များပြုလုပ်ထားရှိရမည်။ကျွဲ၊နွားများကိုထိန်းကျောင်းရန် လွှတ်သည့်အခါထိန်းကျောင်းသူအမြဲပါရှိစေရမည်။

(၅) ဆိတ်များ - ဆိတ်များသည်တိရစ္ဆာန်အပေါင်းတို့တွင် အဖျက်ဆီးဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော်ဆိတ်တို့သည် အသီးအပွင့်အရွက်မကျန်အားလုံးလိုလိုပင်စားသောက်သည့်အပြင် ခြေဖြင့်မတ်တတ်ရပ်ပြီး အတော်အသင့်ကြီးသောမျိုးဥပင်ကလေးများကိုမမှီမှီအောင်ဆွဲချစားသောက်တတ်သောကြောင့်ဖြစ်သည်။ ဆိတ်တို့စားလိုက်သောအညှောင့်များသည် အခြားတိရိစ္ဆာန်များစားသကဲ့သို့တိတိပြတ်မသွားဘဲ ကြိတ်ချေလိုက်ခြင်းဖြစ်သောကြောင့် အညှောင့်သစ်များအလွယ်တကူမထွက်လာတော့ချေ။ ယခုအခါတွင်ကော်သူးလေပြည်၌ဆိတ်မွေးမြူခြင်းများပြားလာပြီးဖြစ်သဖြင့် ကြိုးဝိုင်းအတွင်းထိန်းကျောင်းခြင်းကို အထူးစည်းကမ်းများပြုလုပ်ရန်ဖြစ်သည်။ ခွင့်ပြုချက်မရပါက၊ကြိုးဝိုင်းအတွင်း ထိန်းကျောင်းခြင်းကိုတားဆီးပိတ်ပင်ရမည်။ ခွင့်ပြုချက်အရထိန်းကျောင်းခွင့်ရရှိသူများသည် ဆိတ်ကိုလွှတ်သည့်အခါ တစ်ပါတည်းထိန်းကျောင်းသူလိုက်ပါသွားရမည်။ အထက်ပါအပိုဒ်(၄)ကဲ့သို့အရေးယူဆောင်ရွက်ရန်ဖြစ်သည်။ ဆိတ်ကျောင်းခြင်းသည်အလွန့်အလွန်ပျက်စီးဆုံးပါးသောကြောင့် များစွာသောဥရောပတိုက်တို့၌ ယင်းကိုဥပဒေပြု၍ ပိတ်ပင်ထားလေသည်။

(၆) နို့တိုက်တိရစ္ဆာန်တို့၏ဘေးရန်မှ ကာကွယ်ခြင်းအခန်းတွင်အရေးကြီးသောတိရစ္ဆာန်များကိုဖေါ်ပြပေသည်။ အချို့ကျန်သောတိရစ္ဆာန်များနှင့်မွေးမြူကြသောတိရစ္ဆာန်များတို့သည်ကားသစ်တောပျက်စီးဖြုန်းတီးအောင်လုပ်ခြင်းသည် မပြောပလောက်အောင်မွေးမြူကြသောမည်သည့် တိရစ္ဆာန်မျိုးကိုမဆိုသစ်တောကြိုးဝိုင်းတွင်း ထိန်းကျောင်းပါက အပိုဒ်(၄)ကဲ့သို့အရေးယူဆောင်ရွက်ရပေမည်။

## ၃။ သစ်ပင်ချုံနွယ်တို့၏ ဘေးရန်မှကာကွယ်ခြင်း။

### (၁) နွယ်များ၏ဘေးရန်မှ ကာကွယ်ခြင်း။

(က) နွယ်များ၌ အလွန်ရှည်လျားသောပင်စည်အပြင်နွယ်တို့၏ လုံးပတ်နှင့်စာလျှင် ကြီးမားသည့်ရွက်အုပ်လည်းရှိ၏။

ဥပမာနွယ်တစ်ပင်သည် အချင်းတစ်ပေခန့်ရှိစေကာမူ အမြင့်ပေတစ်ရာရှိသော ကျွန်းတစ်ပင်ကိုလွှမ်းချုံနိုင်လောက်သောရွက်အုပ်ရှိ၏။ နွယ်၌သစ်မျှင်အနည်းငယ်သာရှိသောကြောင့်အထောက်အကူမရှိဘဲ တည့်မတ်စွာပေါက်ရန်မဖြစ်နိုင်ချေ။ဤအထောက်အကူကိုနွယ်တို့သည်သစ်ပင်များအားတွယ်ကပ်ခြင်းဖြင့်သော်လည်းကောင်း၊ သစ်ပင်၏ပင်စည်ကိုရစ်ပတ်၍သော်လည်းကောင်း၊ သစ်ပင်၏ထိပ်ဖျားတိုင်အောင်တက်ပြီးသည့်နောက်နွယ်တို့ရွက်အုပ်များသည်စည်ကားကြီးမားလာပြီးလျှင် လက်ခံပင်၏ရွက်အုပ်ကိုဖုံးအုပ်လေတော့သည်။ ဤနည်းဖြင့်နွယ်တို့သည် သစ်ပင်အားအလိုရှိသော နေရောင်နှင့်လေတို့မှလုံးဝကင်းမဲ့စေ၏။ ထို့အပြင်အသားထဲသို့နက်ဝင်သော အရစ်များပေါ်အောင်ဖျစ်ညှစ်၍အလေးဒဏ်ဖြင့်လည်းသစ်ပင်၏အကိုင်းအခက်များကိုကျိုးပဲ့စေနိုင်သေး၏။ဤသို့ကျိုးပဲ့နာဆာသောနေရာများမှမှိုများပေါက်ရောက်သောအားဖြင့် ဆွေးမြေ့ခြင်းစတင်ဖြစ်စေသည်။ နွယ်ပင်ကြီးလာသည်နှင့်အမျှလုံးပတ်လည်းထွားကြိုင်းလာသည်မှာဓမ္မတာပင်ဖြစ်၏။ ထို့အတူသစ်ပင်၏ပင်စည်သည်လည်းကြီးထွားလာ၏။ထို့ကြောင့်နွယ်အောက်ရှိအခေါက်မှာတင်းကျပ်စွာ ဖျစ်ညှစ်ခြင်းကိုခံရတော့၏။ဤဖျစ်ညှစ်ခြင်းအားများလာသည့်အခါအောက်သို့ပို့လိုက်သောသစ်ပင်၏ ချက်ပြီးပို့လိုက်သောအစာများမှာတားဆီးခြင်းခံရသဖြင့် နွယ်ရစ်သည့်နေရာအထက်တွင်အသားပိုတက်လာကာ၊သစ်အားအသားလိမ်ဖြစ်စေ၏။ဤသို့ပင်စည်သည်လုံးဝအသုံးမကျဖြစ်မသွားသည့်တိုင်အောင် သစ်သားအဖြစ်သစ်၏တန်ဘိုးမှာယုတ်လျော့သွားရချေသည်။ အပေါ်တွင်နွယ်၏ဖျစ်ညှစ်မှုကြောင့် အစာအချို့အောက်မဆင်းနိုင်ရကား သစ်ပင်၏အမြစ်များသည် အစာလုံလောက်စွာမရရှိတော့ချေ။

နွယ်များသည် သစ်ပင်တစ်ပင်မှတစ်ပင်သို့ကူး၍နှစ်ပင်သုံးပင်စသည်တို့ကိုရစ်ပတ်ချည်နှောင်ခြင်းဖြစ်အကယ်၍တစ်ပင်ပင်ကိုလေတိုက်၍လည်းကောင်း၊လူကလှဲသဖြင့်လည်းကောင်း၊လှဲသွားသည်ရှိသော် အနီးရှိအပင်များမှာ အကိုင်းအခက်တွေကိုကျိုးပဲ့စေသည်။ ထို့ကြောင့်နွယ်တို့သည်သွယ်ဝိုက်သောနည်းဖြင့်အပင်များကို ထိခိုက်နစ်နာစေသည်။

(ခ) နွယ်များအား နှိပ်ကွပ်ထားရန်တစ်ခုတည်းသောနည်းလမ်းမှာ စနစ်တကျအချိန် မှန်မှန်ဖြတ်ပေးခြင်းဖြစ်၏။ နွယ်ဖြတ်ခြင်းအလုပ်ကို မိုးကုန်ခါနီးတွင်ပြုလုပ်ရန်အကောင်းဆုံးဖြစ်၏။ ဆိုသည်ကားဖြတ်လိုက်သောနွယ်များသည်ချက်ချင်းတစ်ဖန်ငုတ်မှအတက်ထွက်၍ ပေါက်လာနိုင်သောအချိန်နှောင့်သွားစေရန်နှင့် နွယ်တို့၏အစေ့မှ မရင့်မှည့်သေးမီအချိန်တွင်ဖြစ်သည်။ နွယ်များကိုဖြတ်ရာ၌မြေနှင့်ကပ်လျက်ရှိသောနေရာတွင်တစ်ချက်၊လက်လှမ်းမှီနိုင်သမျှအမြင့်ဆုံးနေရာတွင်တစ်ချက်ပေါင်းနှစ်ချက်ဖြတ်ပေးသင့်သည်။ ပထမတစ်ချက်မှာတတ်နိုင်သမျှအငုတ်ကိုသေစေနိုင်ရန်ဖြတ်၍ဒုတိယအချက်ကားဖြတ်သည့်နေရာတွင်အမြစ်များမြေသို့မကျဆင်းနိုင်ရန်ဖြစ်သည်။

## (၂) ညောင်ပတ်ပင်များကို ကာကွယ်ခြင်း။

(က)ညောင်များကား အစပထမတွင်နည်းအမျိုးမျိုးနှင့် မှီတွယ်စားသောက်ကြပြီးမကြာမီအကိုင်းအခက်များထွက်လာ၍လက်ခံပင်၏အခေါက်အတိုင်းသက်ဆင်းပြီးလျှင်မြေကြီးအတွင်းသို့ဝင်ရောက်သွား၏။ ညောင်တို့သည်ကြိုးများကဲ့သို့သေးငယ်သော လေမြစ်များကိုမြေသို့ကျဆင်းစေပြီး အတွင်းသို့ဝင်ရောက်သွားလေသည်။ သစ်ပင်အကိုင်းသို့မဟုတ်ခွကြားပေါ်တွင်ငှက်သို့မဟုတ် အခြားတိရစ္ဆာန် အကောင်စွန့်ပစ်ခဲ့သောညောင်သီးညောင်စေ့များအပင်ပေါက်လာ၏။ ခေါင်ကြိုးသို့မဟုတ် ကိုင်းဆွေးများပေါ်တွင်ညောင်၏အမြစ်များသည် သစ်ပင်အလယ်အဆွေးအကိုင်းသို့မဟုတ်အခေါက်တိုင်းမကြာခဏထိုးဖေါက်သက်ဆင်းကာ မြေကြီးသို့ဝင်ရောက်သည်။ သစ်တောများ၌သာရှိသည့်ညောင်မျိုးတို့သည် အမြစ်များဖြင့်မှီတွယ်ရာလက်ခံပင်၏ ပင်လုံးပထမ၌ ရာဇမတ်သဏ္ဌာန်ရစ်ပတ်၍အမြစ်များကြီးလာသောအခါ ကွက်လပ်များလည်းညောင်ဖြင့်ပြည့်လာပြီးလျှင်နောက်ဆုံး၌အလွန်ကြီးလွယ်သည့်ညောင်များသည် တစ်ပင်လုံးကိုလုံးဝမျိုတော့၏။ ဤသို့အနှိပ်စက်ခံရသော အပင်မှာ

အညှစ်ခံရသောဒဏ်ဖြင့်သေကျေဆွေးသွားပြီးသည့်နောက် ကြီးမားသောရွက်အုပ်ကို ထောက်ထားရသော ညောင်ပင်သာလျှင် အနည်းနှင့်အများအခေါင်းလိုက်သာကျန်လေတော့၏။ ထုထည်ကြီးမားသောညောင်၏ ရွက်အုပ်များသည် အခြားသောအပင်များကိုလောင်းရိပ်ကျစေ၍ ထိုအသုံးဝင်သောအပင်တို့၏မျိုးများ အောင်မြင်ဖြစ်ထွန်းခြင်းကိုတားမြစ်ပိတ်ပင်လေသည်။ ညောင်ပင်များသည်ငှက်များနှင့် အခြားသီးစား တိရစ္ဆာန်တို့အလွန်နှစ်ချိုက်စွာစားသောက်ကြသော ညောင်သီးအမြောက်အများကိုသီးခြင်းဖြင့် ညောင်မျိုးကူးဆက်ခြင်း မှာမြန်၍တောတောင်အနှံ့ဖြစ်လေသည်။

(ခ) ညောင်ပင်၏ အန္တရာယ်မှကာကွယ်နည်းလမ်းမှာထိုအပင်တို့ကိုတစ်ပင်မကျန်လှဲပစ်ရန်နည်းသာရှိသည်။ ညောင်ပင်တို့သည်ဖြတ်တောက်ပစ်ထားသော အပိုင်းအစများမှတဖန်ပြန်၍ တိုက်ရိုက်ပေါက်လာနိုင်သဖြင့် ယင်းတို့ကိုဖြတ်တောက်ရုံသာမကဘဲ မီးဖြင့်လည်းရှို့ပေးရမည်။ သို့ဖြစ်၍တကယ်သစ်တောကြီးများအကျိုးဖြစ်ထွန်းစေရန်အတွက်ညောင်ပတ်လှဲခြင်းအလုပ်ကိုမကြာခဏ ထပ်တလဲလဲပြုလုပ်ပေးရန်လိုပေသည်။

## ၄။ သဘာဝဘေးရန်များမှ ကာကွယ်ခြင်း။

(က)မိုးခေါင်ခြင်းနှင့်နေပူရှိန်ခြောက်သွေ့သောအရပ်ဒေသများ၌သာ ပေါက်လေ့ရှိသောအပင်များ ကောင်းစွာပေါက်ရောက်ကြီးထွားနိုင်ရန်အတွက် လိုအပ်သောအချက်များနှင့်ညီညွတ်ပြည့်စုံရန်မှာသဘာဝကဖန်းတီး ပြုပြင်ပြီးဖြစ်သည်။သို့ဖြစ်၍ကျွန်ုပ်တို့သည် သဘာဝ၏ပြုပြင်ဖန်တီးမှုရှိပင်ရှိငြားသော်လည်း သစ်ပင်များခံနိုင်ရည်မရှိအောင်လွန်ကဲသည့်မိုးခေါင်ခြင်းမျိုးကို သုံးသပ်ရန်လိုသည်။

အမှန်အားဖြင့် အရေးကြီးဆုံးအချက်ကားအမြစ်များရေလုံလောက်စွာမပေးနိုင်ခြင်းကြောင့်သစ်ရွက်များသို့လည်းအလိုရှိသည့်ရေကို တစ်ဆင့်မပေးနိုင်ခြင်းဖြစ်၏။သစ်ပင်ခြွေးထုတ်ခြင်းသည် ထုတ်ရိုးထုတ်စဉ်ထက်ပိုမိုလွန်ကဲလာသည်ရှိသော် အပင်မှာခြောက်လိုက်လာပြီးလျှင် အရွက်များသည်လည်း ညှိုးကြွေလေတော့သည်။ ဤအဖြစ်မျိုးပြင်းထန်သည်ရှိသော သစ်ပင်သည်သေနိုင်စေသည်။ အထူးသဖြင့်အစေ့ပင်ပေါက်ကလေးနှင့် အပင်ငယ်ကလေးများတွင်များသောအားဖြင့် ဖြစ်တတ်လေသည်။

ရေသောက်မြစ်တိုသောအပင်များထက်ရေသောက်မြစ်ရှည်သော အပင်များကပို၍ခံသာသည်။ ကျွန်ုပ်တို့ ကော်သူးလေပြည်တွင်အများအားဖြင့် မိုးခေါင်ခြင်းနှင့်နေပူရှိန်သည်ဒွန်တွဲ၍ ဖြစ်တတ်သောကြောင့်အပင်၏ ခြွေးထွက်ခြင်းကိုပိုစေပြီး အရွက်များကိုသာ၍အခြောက်မြန်စေသည်။ တိုက်ရိုက်ကျလာသောနေ၏ အပူရှိန်သည်လည်းအပင်၏အခေါက်ဖျားကိုသာ၍လောင်ချိုင့်ကွဲအက်စေနိုင်၏။နေလောင်ခြင်းသည် အခေါက်ပါးသောအပင်များတွင်သာဖြစ်၏။သို့ဖြစ်၍ မိုးခေါင်ခြင်းနှင့်နေပူရှိန်တို့၏ဘေးရန်မှ အကောင်းဆုံးကာကွယ်ရန် နည်းလမ်းမှာပထမကောင်းမွန်လျော်ကန်သော သစ်တောပြုစုပျိုးထောင်ခြင်းဖြစ်၏။ ဆိုလိုသည်ကားပူအိုက်၍ခြောက်သွေ့သောအရပ်ဒေသများအတွက် လျော်ကန်သောအပင်များသာ စိုက်ပျိုးခြင်းနှင့်ဒုတိယအချက်အဖြစ် အပင်များကိုလှဲရာ၌ ကျန်ရှိသောအပင်များမှာရုတ်တရက်ပွင့်လင်းသွားခြင်းဖြင့် ယင်းတို့၏အရွက်များညှိုးခြင်း သို့မဟုတ် အခေါက်များကွဲအက်ခြင်းမဖြစ်စိမ့်သောငှါ သတိဖြင့်လှဲရန်စီစဉ်ပေးသင့်သည်။ အတားအဆီးမရှိသော ဟာလာဟင်လင်းဖြစ်နေသော နေရာများနှင့်တောစပ်တစ်လျှောက် လေပူတိုက်ခတ်ခြင်းမှအကာအကွယ်ရစိမ့်သောငှါ သစ်ပင်များပြွတ်သိပ်ထူထပ်စွာပေါက်နေသော တောင်တန်းတခုကိုမခုတ်ဘဲချန်ထားရ၏။ မြေကြီးထဲရှိရေများသည် လျင်မြန်စွာအငွေ့ဖြစ်ပြီးပြန့်လွင့်မသွားစေရန် တတ်နိုင်သမျှသစ်ဆွေးမြေများကို ထိန်းသိမ်းပေးခြင်းနှင့်မီးကာကွယ်ပေးခြင်းတို့သည်လည်း လိုအပ်သောအချက်များဖြစ်သည်။

(ခ) လေပြင်းမုန်တိုင်းများ လေပြင်းထန်စွာတိုက်ခတ်ခြင်းသည်သစ်ပင်များအားအမြစ်မှ ကော်လဲစေနိုင်၏။ သို့တည်း မဟုတ်ကကိုင်းများကျိုးပြတ်ကာရောဂါနှင့်အဆွေးများကိုဝင်စေနိုင်၏။ ဤသို့အပင်များလဲ၍၊ ဖြစ်ပေါ်လာသော ကွက်လပ်သည် တခါတရံအလွန်ကြီးမားကျယ်ဝန်းရကားကျန်ရှိသောအပင်များသည် ပွင့်လင်းပြီးလျှင် နေလောင်ခြင်း၊အခေါက်ကွဲအက်ခြင်း အန္တရာယ်တို့နှင့်ရင်ဆိုင်ရသည်။ လေတိုက်ခတ်ခြင်းဒဏ်ကိုပိုမိုခံနိုင်သော ကျန်းမာသန်စွမ်းသည့်အပင်များကို စိုက်ပျိုးခြင်းဖြင့်ပျက်စီးဆုံးပါးခြင်းကို အနည်းဆုံးဖြစ်စေ၏။ ပင်ကျပ်နှုတ်ခြင်းနှင့် အပင်လှဲခြင်းကိုပြုရာ၌အပင်များအစုလိုက်ရှိသော မူလအခြေမှတပင်တည်းကွဲနေသောအဖြစ်မျိုးသို့မရောက်စေရန်သတိဖြင့် ဆောင်ရွက်ရသည်။ အကြောင်းမှာထိုသီးခြားဖြစ်သွားသည့် အပင်များမှာထူထပ်နီးကပ်စွာပေါက်လာရပြီးနောက်က လေပြင်းမုန်တိုင်းတို့၏ဒဏ်ကိုရုတ်တရက်မခံနိုင်သေးဘဲ အမြစ်အဆောက်အအုံကို ယခင်ထက်သာ၍ ကြီးမားခိုင်ခန့်အောင်ဖြစ်ထွန်းစေပြီးမှသာ ခံနိုင်ရည်ရှိသောကြောင့်ဖြစ်သည်။

လေဆင်နှာမောင်းခေါ်လေမုန်တိုင်းကျရောက်ရာ လမ်းကြောင်းတလျှောက်တွင်ကွက်လပ်များဖြစ်သွားသော အခါ ထိုကွက်လပ်များပေါ်ရှိထိခိုက်နာဆာသောအပင်များကို လှဲပစ်သင့်၏။ မြေသြဇာညံ့ဖျင်းဆုတ်ယုတ်ခြင်းမှ စောင့်ရှောက်ရန်အတွက် မြေကြီးအားအမြန်ဆုံးအကာအကွယ် ရစေခြင်းငှါကွက်လပ်များတွင်အပင်များကို စိုက်ပျိုးပေးနိုင်၏။ လေတိုက်ခတ်ခြင်းကို များစွာခံရသောဧရိယာများပေါ်တွင် စိုက်ပျိုးထားသည့်စိုက်ခင်းများကို အဟုန်ပြင်းစွာတိုက်ခတ်သောလေတို့မှတားဆီးရန်အတွက်အပင်ကြီးများပေါက်ရောက်သောတောင်တန်းတစ်ခုကိုချန်ထားခြင်းဖြင့် စောင့်ရှောက်ကာကွယ်နိုင်၏။

(ဂ) ရေစားမြေပြိုခြင်း သည်းထန်စွာရွာသွန်းသောမိုးသည် အပေါ်ယံမြေလွှာကိုတိုက်စားခြင်း သစ်ပင်၏အမြစ်ကို သာကျန်ရစ်ခြင်းဖြင့် ပျက်စီးဆုံးပါးခြင်းကိုအမှန်တကယ်ဖြစ်စေနိုင်၏။ သစ်တောပြုစုပျိုးထောင်ခြင်းနည်းအရ ကောင်းမွန်လျော်ကန်သောအပင်များကိုစိုက်ပျိုးခြင်းသည်မြေကြီးအားအကောင်းဆုံးသော အကာအကွယ်ရစေ၍အပျက်အစီးအနည်းဆုံးဖြစ်စေရန်အတွက်လည်း ခါတိုင်းကဲ့သို့ပင်အကောင်းဆုံးဖြစ်၏။ ရွက်အုပ်များထိစပ်လျက်ရှိပြီးဖြစ်၍မကြာခဏ ဖြစ်လေ့ရှိသည့်အတိုင်းဝါးအပါအဝင် အပင်ငယ်များအောက်ပေါင်းဖြစ်တည်ရှိသော အချိန်အခါမျိုး၌ ကျသောမိုး၏အရှိန်ကိုသစ်ရွက်စသည်တို့ကအရှိန်သေစေပြီးဖြစ်သောကြောင့် မိုးရေသည်မြေသို့ဖြေးညှင်းစွာသက်ဆင်းလေတော့၏။ ဤအကြောင်းများကြောင့်သစ်တောများသည်မိုးရေများမြေသို့ကျရောက်ရာ၌မိုးရေ၏မကြာခဏထိခိုက်ခြင်းအရှိန်ကိုယုတ်လျော့နည်းပါးစေ၏။ အကယ်၍အုပ်မိုးလျက်ရှိသော အပင်များကိုဖယ်ရှားလိုက်မည်ဆိုပါကအပေါ်ယံမြေပွသည်မိုးရေအမြောက်အများ၏စီးဆင်းခြင်းဒဏ်ကိုမခံနိုင်တော့ဘဲ၊ရေနောက်သို့ပါသွားပြီး အောက်ထပ်ပကတိကျောက်သားများပေါ်လာလေသည်။ဤသို့ဆင့်ကဲဆင့်ကဲဖြစ်လာပြီး နောက်ဆုံး၌မြေပြင်ပေါ်တွင်မည်သည့်အပင်မျိုးမှမကျန်တော့ဘဲပကတိ ကျောက်သားသို့တိုင်အောင် စားသွားတော့၏။ ဤသို့အပင်များကင်းမဲ့သည့်အဖြစ်မျိုးတွင်အမှန်အားဖြင့် စောက်မတ်သော တောင်စောင်းများတွင် ရေသည်သာ၍ပြင်းထန်သောအဟုန်ဖြင့်စီးသောကြောင့်ပို၍ဆိုးသည်။ဤသို့သောအခါမျိုး၌ ကျယ်ဝန်းသောမြေကွက်ကြီးများသည် လျှိုမြောင်တောင်ကြားများအတွင်းသို့အစိုင်အခဲအလိုက်ပြိုကျသွားသည်ကို မကြာခဏမြင်တွေ့ရသည်။ဤကဲ့သို့မြေကြီးများအစိုင်အခဲပြိုခြင်းအကြောင်းကား များသောအားဖြင့်သစ်တောများကိုခုတ်ထွင်ဖယ်ရှားလိုက်သောကြောင့်ဖြစ်သည်။သစ်ပင်များသည် ကျဆင်းလာသောမိုးရှိန်ကို တားဆီးယုတ်လျော့စေခြင်းဖြင့်လည်းကောင်း၊ မြေပေါ်တွင်ဖုံးအုပ်လျက်ရှိ သောသစ်ဆွေးမြေနှင့်အမှိုက်သရိုက်ထပ်ကို အမြဲထိန်းသိမ်းထားရှိခြင်းဖြင့်လည်းကောင်း၊ ချည်နှောင်စွဲမြဲစေသည့် အကျိုးကိုဖြစ်စေသောများစွာသောယင်းတို့၏အမြစ်များဖြင့်လည်းကောင်း၊ စောက်မတ်သောတောင်စောင်းရှိမြေလွှာကိုပင် ခိုင်ခံ့တည်မြဲစေသည်။သို့ဖြစ်၍ရေတိုက်စားခြင်းနှင့် တောင်စောင်းများတွင်မြေပြိုခြင်းများကို အစဉ်တားမြစ်ကာကွယ်ရာနည်းမှာ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ထားရန်တစ်နည်းသာရှိ၏။ဤအကြောင်းပင်လျှင် ထိုသို့သောနေရာမျိုး၌ တောင်ယာခုတ်ခြင်းတို့မှတားမြစ်ပိတ်ပင်ထားသည်။

## ၅။ သစ်တောကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း။

ဤအကြောင်းကိုအထက်ကရေးခဲ့သည့် အကြောင်းအမျိုးမျိုးတို့ကြောင့်ဖြစ်သောဆုံးရှုံးခြင်းပျက်စီး ခြင်းတို့အတွက် အကောင်းဆုံးကုစားရန်(သို့)တားမြစ်ရာနည်းမှာ ကောင်းမွန်မှန်ကန်သောသစ်တောပြုစုပျိုးထောင်ခြင်းအကြောင်းကို အထက်၌အစဉ်တစိုက်ဖော်ပြခဲ့လေသည်။ ဤအချိန်သည်လွန်စွာအရေးကြီးသောကြောင့် တဖန်လေးလေးနက်နက်ဖော်ပြအပ်ပေသည်။ဓမ္မတာသဘာဝအတိုင်းမပြုမပြင်ထားရှိမည်ဆိုကသဘာဝသည် နေရာဒေသတစ်ခုစီအတွက်သင့်တော်သော အပင်မျိုးများကိုမြေပေါ်၌အလိုအလျောက်ပေါ်ပေါက်လာနိုင်ရန်စီစဉ်သွားသည်ဖြစ်၏။ ထိုအပင်များသည်ဒေသအမျိုးမျိုးတွင် ထူးခြားစွာရှိသောအခက်အခဲများနှင့် အန္တရာယ်တို့ကိုကျော်နင်းနိုင်ရန် သဘာဝအလျောက် ပြုပြင်ဖန်တီးပြီးရှိသည်။

သဘာဝသည်သာမန်အားဖြင့် ကျွန်ုပ်တို့အားအမျိုးမျိုးသောအပင်တို့ကိုလည်းပေးသည်။သို့ရာတွင်၊ ထိုအပင်များအားပြုပြင်ပေးခြင်း သို့မဟုတ် ပင်ကျပ်နှုတ်ပေးခြင်းတို့ကားမရှိပေ။ဤဓမ္မတာတောရှိအပင်တို့မှအသက်ရှင်ရေးအတွက်အမြဲတမ်းလုံးပန်းအားထုတ်တုပြိုင်၍ နေကြရလေရာအင်အားအနည်းဆုံးဖြစ်သောအပင်များမှာ နောက်ဆုတ်အရှုံးခံကာ ပျက်စီးသွားကြရရှာလေသည်။ သို့ဖြစ်၍မည်သို့မည်မျှအနှောင့်အယှက်အဖျက်အဆီးမခံရသေးသည့် နဂိုတောများတွင်ပင်သေ၊ပင်ခြောက်၊ပင်အို၊ပင်နာများရှိနေခိုက်အနာရသောအပင်များအဖို့မှာလည်း အလိုရှိသောနေ၊လေ၊ရေတို့ကိုအမြဲပင်လုံလုံလောက်လောက်မရကြပေ။ ဤတွင်မှကောင်းမွန် မှန်ကန်သောသစ်တောပြုစုပျိုးထောင်ခြင်းသည် သဘာဝအလိုနှင့်ယှဉ်၍ မိမိ၏နည်းကောင်းလမ်းမှန်များဖြင့် အတန် ငယ်မျှပြုပြင်ပေးသည်။ သဘာဝ၏နည်းနိသျှများကိုမတုမယူဖီလာဆန့်ကျင်၍ မသင့်မလျော်သောရာသီဥတုနှင့် မြေများအပေါ်တွင်တမျိုးတည်းဖြစ်သောအပင်များဖြင့်ကျယ်ဝန်းသောစိုက်ခင်းကြီးများကို စိုက်ပျိုးတည်ထောင်သောမှားယွင်းချွတ်ချော်သည့် သစ်တောပြုစုပျိုးထောင်ခြင်းကား သဘာဝရန်သူတို့၏ အန္တရာယ်ကြောင့် အနေးနှင့်အမြန်အတိဒုက္ခကျရောက်ပျက်စီးမည်မှာ မလွှဲကေန်ပင်ဖြစ်သည်။

# အခန်း (၂)
# သစ်တောလုပ်ငန်းများ။

## (က) သစ်တောကို စနစ်တကျ စီမံအုပ်ချုပ်ရန်လိုအပ်ခြင်း ။

(၁) ကော်သူးလေပြည်ရှိ သစ်တောကြိုးဝိုင်းတော၏ရေိယာအကျယ်အဝန်းသည် မည်မျှရှိသည်ကိုမပြောဆိုနိုင်သေးသော်လည်း ကြိုးပြင်တောများသည်ကြိုးဝိုင်းတောထက်ပို၍ ဧရိယာကျယ်ဝန်းသည်မှာသံသယ ရှိစရာမလိုပေ။ ထိုကြိုးပြင်တောများမှာလည်းစည်းကမ်းမဲ့စွာသစ်တောထွက်ပစ္စည်းများဖြင့် အသက်မွေးလာခဲ့သောနှစ်ပရိစ္ဆေဒလည်း ကြာမြင့်လာခဲ့ပြီးဖြစ်သောကြောင့် မြို့ရွာများနှင့်နီးကပ်လျက်ရှိသော တောများသည်ယခုအချိန်တွင် ပျက်စီးဖြုန်းတီးလျက်ရှိကြောင်း တွေ့မြင်ရလေသည်။

ကော်သူးလေပြည်သူအပေါင်း၏ အသက်မွေးမှုတွင်သစ်တောထွက်ပစ္စည်းများနှင့် ကင်းကွာ၍အောင်မြင်စွာအသက်မွေးနိုင်ကြသည်ဟူ၍မရှိချေ။ ဥပမာ–အသုံးအဆောင်ဖြစ်သောထင်း၊သစ်သီး၊သက်ကယ်၊ဖက်၊ဝါး၊လျှော်၊အိမ်တိုင်၊လှေစာ၊သစ်တို့အပြင် တိရစ္ဆာန်များ၏အစာဖြစ်သောမြက်များ၊အသက်မွေးရန်အတွက်အဓိက ဖြစ်သော အထက်ဖော်ပြပါသစ်တောထွက်ပစ္စည်းများထုတ်ယူနေရခြင်းသည် မလွှဲမရှောင်သာသော ဓမ္မတာကြီးပင်ဖြစ်သည်။

ထို့ကြောင့်သစ်တောများမှ လူနှင့်သတ္တဝါအပေါင်းတို့အတွက်ထာဝရစဉ်အားဖြင့်အသုံးလိုအပ်သောသစ်တောထွက်ပစ္စည်းများ ရနိုင်စေခြင်းငှါ သစ်တောများကို စံနစ်တကျစီမံအုပ်ချုပ်ထားရန် များစွာလိုအပ်ပေသည်။

(၂) တောထွက်ပစ္စည်းများကို တောထွက်အကောင်းရရှိစေရန်သစ်တောကိုစံနစ်တကျအုပ်ချုပ်ရန် လိုအပ်သောကြောင့်မည်သည့်နည်းဖြင့်လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်းနှင့်တကွမှန်မှန်ထွက်စေနိုင်သည့် ပစ္စည်းတစ်ရပ်အနေအားဖြင့် တောကိုတည်တံ့စွာရှိစေရန် စီမံအုပ်ချုပ်ရမည်။

သစ်တောပညာရပ်များအရ တောတခုကိုစနစ်တကျအုပ်ချုပ်ရမည့်ကိစ္စတွင်အရေးကြီးဆုံးလိုအပ်သည့်အကြောင်းအရာမှာယင်းကိုအချိန်ကာလကြာမြင့်စွာအုပ်ချုပ်ထားရခြင်းပင်ဖြစ်သည်။ ဤပစ္စည်းမျိုးကို လယ်ယာကိုင်းကျွန်းမှထွက်သည့် ကောက်ပဲသီးနှံများကဲ့သို့နေ့စဉ်ရိတ်သိမ်း၍မရနိုင်ချေ။ သစ်တောပညာရပ်များ၌ တောတစ်ခုကိုအုပ်ချုပ်ရာတွင်သစ်ပင်များအသုံးပြုသင့်သည့် အရွယ်ရောက်လာသည့်တိုင်အောင်စောင့်ဆိုင်း နေရသောကြောင့်နှစ်ပေါင်း(၁၀၀)မှ(၂၀၀) အထိကြာမြင့်သည်။ ထို့အပြင်တော၏တိုးတက်မှုအတွက် –

(က) မြေဩဇာထက်သန်လာစေခြင်း။

(ခ) ဓမ္မတာမျိုးဆက်နိုင်စေခြင်း။

(ဂ) ကောင်းသောရွက်အုပ်လိုအပ်ခြင်း။

တောထွက်အများဆုံးထွက်စေခြင်းစသည့် အင်္ဂါရပ်များနှင့်ပြည့်စုံစွာရှိစေရန်လိုအပ်သည်။ စနစ်တကျအုပ်ချုပ်လျက်ရှိပြီးနေ့စဉ်တောထွက်မှန်မှန်ရစေရန်ရည်ရွယ်ထားချက်ရှိသောတောများ၌ မြောက်များစွာသောဧရိယာတွင်ထုထည်အားဖြင့်ပြည့်နှက်လျက်ရှိသော တောများထားရှိရန်လိုလေသည်။ ဤတောမျိုးကို ပြုစုထားခဲ့သည်ရှိသော် ကုန်ကျစရိတ်သည် ထိုတောများအတွက်မြေပေါ်၌မြုပ်နှံထားရသော ကျွန်ုပ်တို့၏ငွေရင်းပင်ဖြစ်သည်ဟုယူဆရပေမည်။

(၃) သစ်တောများ၏အကျိုးကျေးဇူး–သစ်တောများကိုစနစ်တကျအုပ်ချုပ်ခြင်းအားဖြင့်ခံစားရသော အကျိုးကျေးဇူးမှာ အောက်ပါအတိုင်းဖြစ်သည်။

(က)တောထွက်ကိုသုံးစွဲရန် – ကော်သူးလေပြည်တွင်းတွင် လူတိုင်းအသုံးပြုရန်လိုအပ်သောလွှခွဲသစ်လုံးအိမ်တိုင်၊ ခြံတိုင်၊မျှောသစ်များ ထိုအပြင်ထင်း၊ဝါး၊စသည့်အိမ်သုံးနှင့်စက်မှုလက်မှုအတွက် လိုအပ်သောပစ္စည်းများ၊ အသေးအဖွဲပစ္စည်းများနှင့် ရွာချက်ခြင်းစသောအထူးလုပ်ငန်းများအတွက်သုံးစွဲရန်ဖြစ်သည်။ အလုပ်ရရေး၊ ရောင်းဝယ်ရေးတို့ဖြင့်လူ၏နေထိုင်မှုကို အဆင့်အတန်းမြှင့်တင်စေသည်။

(ခ) ဘဏ္ဍာရေးတိုးတက်ဖွံ့ဖြိုးရန်သစ်တောထွက်ပစ္စည်းများပေါ်မှ ရသောအခွန်တော်ငွေသည်ကော်သူးလေ၏ဘဏ္ဍာရေးတွင် အရေးပါအရာရောက်သောအင်အားစုဖြစ်သည်။ ပိုလျှံသောသစ်တောထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအားဖြင့်လိုအပ်သော စက်ကိရိယာပစ္စည်းများနှင့်နေ့စဉ်စားသုံးကုန်များကို ဝယ်ယူနိုင်စေရန်နိုင်ငံခြားငွေရရှိစေမည်။

(ဂ) မြေဩဇာနှင့်ရာသီဥတုထိန်းသိမ်းရန် တောင်ထိပ်တောင်စောင်းများတွင်သစ်ပင်များဖုံးလွှမ်းထားမှသာ မြေဩဇာကို ထိန်းသိမ်းနိုင်ပေမည်။

သစ်မြစ်ထိန်းသိမ်းမှုကြောင့် မြေဩဇာအများဆုံးပါဝင်သည့် မြေလွှာသည်မိုးရွာသည့်အခါကွဲကျေပြီး ရေစီးရာတွင်မျှောမပါသွားဘဲရှိမြဲရှိနေရာတွင်တည်မြဲနေမည်။ သစ်မြစ်ဖေါက်ထွင်းမှုကြောင့် ခေါင်းပိတ်အစိုင်အခဲမဖြစ်ဘဲ

အပေါက်သိန်းသန်းများစွာရှိသောရေမြှုပ်ကဲ့သို့ မြေကြီးသည်ပွပြီးမိုးရေသည် ဒလဟောမစီးမဆင်းနိုင်သော မြေတွင်းသို့ပြန့်နှံ့ယိုဖိတ်စီးဝင်စေခြင်းအားဖြင့် အောက်ဒေသတွင်ရေကြီးခြင်းကိုဟန့်တားသည်။မြေတွင်း သို့ပြန့်နှံ့ယိုစီး စိမ့်ဝင်သောရေကို ဖြည်းဖြည်းလွှတ်သဖြင့် စိမ့်စမ်းစသည်တို့ဖြစ်ပေါ်လာစေပြီး စိုပြေစိမ်းလန်း နေစေသည်။အချုပ်အားဖြင့်သစ်တောများသည် လောကစံကြီးကို သမအောင်ထိန်းသိမ်းပေးလေသည်။

ရွက်အုပ်များရှိခြင်းကြောင့်နေ၏အပူရှိန်သည် မြေကြီးသို့တိုက်ရိုက်မသက်ဆင်းနိုင်။ သစ်ပင်အောက်တွင်ပို၍ အေးသည်။မြေကြီးမှပြန်လည်ထုတ်ပြန်သောအပူရှိန်သည်ရွက်အုပ်များမရှိလျှင်အလွယ်တစ်ကူပြန့်နှံ့နိုင်သော ကြောင့်အအေးမြန်သည်။ရွက်အုပ်များ ကာကွယ်ထားလျှင်ရုတ်တစ်ရက်မပြန့်နိုင်။ ထို့ကြောင့်သစ်တောများအ တွင်း၌ နေ့အခါတွင်အနည်းငယ်အေး၍ ညအခါတွင်အနည်းငယ်နွေးသည်။သစ်တောများရှိခြင်းကြောင့်မိုးလေ ဝသ မှန်ကန်သည်။ မိုးခေါင်ခြင်းကို လည်းကာကွယ်စေနိုင်သည်။

အထက်ကပြဆိုခဲ့သော အချင်းအရာများသည် သစ်တောများကိုစနစ်တကျ မည်သည့်အတွက်ကြောင့် အုပ် ချုပ်ထားရန်လိုအပ်သည့် အကြောင်းများပင်ဖြစ်သည်။

## (ခ) သစ်တောပြန်လည်ပြုစုပျိုးထောင်ရန်လိုအပ်ခြင်း။

(၁) သစ်တောပစ္စည်းဆုံးရှုံးခြင်းကိုကာကွယ်ရန်နှင့် ဆုံးရှုံးခြင်းများကိုတားမြစ်နိုင်ရန်မှာ သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းကိုလုပ်ကိုင်သွားမှသာလျှင် သစ်တောကြီးပြန်လည်ကောင်းမွန်လာ မည်ဖြစ်ကြောင်းကိုအထက်ပါအ ခန်း(၁)တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော်လည်းယနေ့သည် တော်လှန်ရေးကာလဖြစ်သည့်အလျောက်ထို လုပ် ငန်းများလုပ်ကိုင်ရန်မလွယ်ကူဟု အငြင်းပွားကြပေသည်။ အခြေနေကြောင့်မလွယ်ကူဟုလည်းပြောဆိုကြပေ သည်။ ဤအငြင်းပွားခြင်းသည် လုံးဝမမှန်သော်လည်းအနည်းအကျဉ်းလောက်သော လုပ်ရပ်အချို့သာလျှင် မှန်ပေလိမ့်မည်။ထိုသို့သောအခက်အခဲများကိုတွေးပြီးမလုပ်ကိုင်ဘဲ နေပါကရောင်းတန်းဝင်၊ပေမီသောသစ် များတို့သည် တစ်နေ့ထက်တစ်နေ့နည်းသွားပြီး အချို့ကြိုးဝိုင်းများတို့တွင် အလွန်ပင်ပျက်စီးခြင်းသို့ရောက် ရှိသွားကြလေသည်။ ဥပမာ–ဘားအံခရိုင်အတွင်းရှိ ကွမ်ဘီကြိုးဝိုင်း၊ထီလုံကြိုးဝိုင်း၊နောင်လုံကြိုးဝိုင်းတို့သည် ရန်သူကလည်း တော်လှန်ရေးနယ်မြေဟုသတ်မှတ်ပြီး မစားရအမဲသဲပက်ဆိုသကဲ့သို့ သစ်များကိုစည်းမဲ့ကမ်းမဲ့ ထုတ်လုပ်ခြင်း၊ ကွမ်ဘီကြိုးဝိုင်းနှင့်နောင်လုံကြိုးဝိုင်းတို့တွင် အနီးရှိကျေးရွာများကအခွင့်ကောင်းယူပြီး အဖိုးတန် သောသစ်များကိုခုတ်ထွင်ရှင်းလင်းပြီး ကိုင်းများတိုးချဲ့၍လုပ်ကိုင်ခြင်း၊လယ်များဝင်ရောက်လုပ်ကိုင်ခြင်း၊ကြံများ ဝင်ရောက်စိုက်ပျိုးခြင်းတို့ကြောင့် အတော်ပင်ပျက်စီးဆုံးရှုံးရပေသည်။ထို့ကြောင့်ပျက်စီးဆုံးရှုံးသောနေရာ များကို ဆိုင်ရာခရိုင်မြို့နယ်များက စစ်ဆေးစာရင်းယူပြီး ပျက်စီးဆုံးရှုံးသောနေရာများတွင်သစ်တောများပြန်လည် အစားထိုးနိုင်ရန်အတွက် ၄င်း၏မြေနှင့်ကိုက်ညီသော သစ်ပင်များကိုပြန်လည်စိုက်ပျိုးပေးရမည်ဖြစ်သည်။

(၂) ကြိုးပြင်တောများရှိသစ်တောများသည် ယခုအခါချုပ်ထိန်းမှုကင်းမဲ့ပြီးတောင်ယာခုတ်ခြင်း၊မြေပဲစိုက်ခြင်းဖြင့် တောများပြုန်း၍ အနီးနားရှိရွာသူရွာသားတို့၏လိုအပ်သော အိမ်အသုံးအဆောင်များဖြစ်သည့် အိမ်တိုင်၊ ခြံတိုင်၊ထင်း၊အိမ်မိုးဖက် အစရှိသည့်တောထွက်ပစ္စည်းများကိုဝေးလံသော တောင်ပေါ်နေရာသို့သွားရောက်ရှာ ဖွေကြရလေပြီ။ယခင်ကရပ်ရွာတွင်သြဇာရှိခဲ့ဘူးသောသူများလည်းကြိုးပြင်တောအချို့၌ မိမိတို့မလုပ်ကိုင်နိုင်ဘဲ၊ မိမိတို့ပိုင်နေရာဟုလိုက်လံသတ်မှတ်ထားပြီး အခြားသောရွာသားများလုပ်ကိုင်သည်ကိုမလိုလားဘဲ တစ်ဦးတစ် ယောက်သို့ရောင်းစားခြင်းများပြု လုပ်လေသည်။ ဤကဲ့သို့သောနေရာများကို သစ်တောဌာနမှသိမ်းယူပြီးလျှင် ကြိုးပြင်တွင်သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းကိုစနစ်တကျလုပ်ကိုင်ရန်လိုအပ်ပေသည်။တောခုတ်ပြီး သောနေရာများ မြေပဲစိုက်ပြီးသောနေရာများ၊ကြံစိုက်ပြီးသောနေရာများကိုလည်း စနစ်တကျချုပ်ထိန်းပြီးလုပ် ကိုင်သူများအား ၄င်းမြေ၌ကိုက်ညီသောသစ်ပင်မျိုးများကို စိုက်ပျိုးသွားရန်လိုအပ်ပေသည်။

ယနေ့သစ်တောနှင့်နီးသောလယ်ပိုင်ရှင်တို့သည် မိမိတို့၏လယ်ထိပ်ရှိ မြေအမြောက်အများကိုလယ်တိုးမြေဟု ချုပ်ထိန်းထားပြီး အခြားသူများလုပ်ကိုင်မည်ကိုမလိုလားကြပေ။အချို့နေရာများတို့၌လည်း မိမိတို့၏လယ်နှင့် အလှမ်းကွာသော်လည်းလယ်တိုးမြေဟုလိုက်လံသတ်မှတ်လေသည်။လယ်သည်အနှစ်နှစ်တည်ရှိ နေသော်လည်း လယ်တိုးမြေကား အတောမသတ်ကြပေ။ဤကိစ္စသည်ကြိုးပြင်တောရှိနေရာတိုင်းလိုလိုပင်တွေ့ရှိရသဖြင့် ထို လက်ဝါးအုပ်နေရာများကို သစ်တောဌာနမှစောင့်ရှောက်ထားပြီး ခုတ်ပတ်အကွက်များကိုသတ်မှတ်ထား၍ ပြည်သူလူထုများလိုအပ်သောသစ်တောထွက်ပစ္စည်းကိုစနစ်တကျလုပ်ပေးရန်ဖြစ်သည်။ ထိုခုတ်ပတ်အလှည့်ကျ ခုတ်ပြီးသော ခုတ်ကွက်များကိုထပ်မံ၍ သစ်များကိုအစားထိုးနိုင်စေရန်သစ်များကိုစိုက်ပျိုးသွားရပေလိမ့်မည်။ ထိုသို့ပြုလုပ်ပေးပါက ကျေးရွာလူထုအနေနှင့်လည်းအကျိုးဖြစ်ထွန်းပြီးကြိုးဝိုင်းပျက်စီးခြင်းမှသက်သာစေ လိမ့်မည်။

(၃) ကြိုးပြင်တောရှိတောများမပြုန်းရန်အတွက် လိုအပ်သောနေရာအချို့များတွင်တောကိုနှစ်အကန့်အသတ်ထား ပြီးပိတ်ပင်ရန်လိုအပ်ပေသည်။ အကြောင်းကား(၁၉၅၆)ခုနှစ်တွင်ဘားအံခရိုင်၌စည်းမဲ့ကမ်းမဲ့ခုတ်ထွင်ရှင်းလင်း သဖြင့်အိမ်သုံးရန်အတွက်ဖက်များရရှိရန်အခက်အခဲနှင့်ရင်ဆိုင်ကြရပေသည်။ဤသည်ကိုကော်သူးလေသစ်တော ဌာနမှအင်ပင်ကိုမည်သည့်နေရာတွင်မဆိုမခုတ်ရန်တားမြစ်ပိတ်ပင်လိုက်သဖြင့် ယခုအခါအင်တောများအ မြောက်အများရှိလာသည်။လိုသလိုအိမ်မိုးရန်ဖက်တွင်သာမကဘဲ၊ဖက်များကိုရောင်းစားရန်အထိ ပေါများ လာပေသည်။ ထို့အပြင်ဘားအံခရိုင်မဒမရွာနှင့် ပီတခတ်ရွာကြားရော်ဘာခြံဟောင်းတခုကို (၉)ကေကျော် တောင်ယာခုတ်ခြင်း၊မြေပဲစိုက်ခြင်း လယ်လုပ်ခြင်းကိုသစ်တောဌာနမှ ခွင့်မပေးဘဲပိတ်ပင်ထားသဖြင့်လို သောခြံတိုင်၊ အိမ်တိုင်များကိုရရှိလာပေသည်။ အခြားခရိုင်များလည်း ထိုကဲ့သို့ပြုလုပ်ပေးပါက လူထုအတွက် အကျိုးဖြစ်ထွန်းစေမည်သာဖြစ်သည်။

ထို့ကြောင့်ကြိုးဝိုင်းအတွင်း၌ ၄င်းသစ်တောကြီးကိုပြုန်းတီးခြင်းမှကာကွယ်နိုင်စေရန် စနစ်ကျသောသစ်တော ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာခရိုင်တိုင်း အလေးပေးဂရုပြုလုပ်ကိုင်သွားကြရန်ဖြစ်သည်။

## (ဂ) သစ်တောအလုပ်များ။

(၁) နယ်နိမိတ်များကိုစောင့်ရှောက်ပြင်ဆင်ခြင်း– ယခုအခါတွင်ကြိုးဝိုင်း၏နိမိတ်နှင့်အကွက် နယ်နိမိတ်တို့သည် စောင့်ရှောက်ပြင်ဆင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်းအတော်ကြာသွားပြီဖြစ်ပေသည်။ကြိုး ဝိုင်းနှင့်ကြိုးပြင်သည် ခွဲခြား၍မရတော့ဘဲ မြေပုံတိုင်များနှင့် မှန်ထစ်များပြုလုပ်ထားသောသစ်ပင်များ၊ကြိုးဝိုင်း ကြော်ငြာပျဉ်ပြားများသည်လည်း ပျက်စီးယိုယွင်း၍အချို့လည်း လူတို့၏လက်ဆော့မှုကြောင့် နံပါတ်များမှာ ပျောက်ကွယ်သွားရလေသည်။ ဤကဲ့သို့ပျက်စီးယိုယွင်းမှုများကို တတ်အားသရွေ့ပြင်ဆင်မွမ်းမံခြင်းမရှိပါက သစ်တောကြီးမှာပျက်စီးခြင်းသို့ ရောက်သွားပေလိမ့်မည်။

## (ဃ) ကြိုးဝိုင်းနယ်နိမိတ်များ၊

(၁) တိုင်များနှင့်မြေပုံများ–ပျက်စီးသွားသောတိုင်များနှင့်မြေပုံများ အသစ်ထပ်မံ၍လုပ်ကိုင်ရမည့်အပြင်နောက်(၅) နှစ်တိုင်အောင်မခိုင်မည့်တိုင်များကိုအားလုံးအသစ်ပြင်ဆင်ရမည်။ပျက်စီးသောမြေပုံများကိုလည်းပြင်ဆင်ရမည်။

(၂) တိုင်အသစ်လဲရာ၌ တိုင်ဟောင်းများ၏နေရာဟောင်းများတွင် တိုင်အသစ်များကိုစိုက်ထူရမည်။ အကယ်၍ တိုင်စိုက်ရမည့်နေရာသည် ရွှေ့ပြောင်းလျက်နေသောချောင်း၏ဘေးနှင့်နီးသောကြောင့်ဖြစ်စေ၊ရေဝပ်သော

ကြောင့်ဖြစ်စေ၊ တောင်ကမ်းပါးယံစောက်နှင့်နီးသောကြောင့်ဖြစ်စေ မူလတိုင်နေရာဟောင်းပျောက်၍ရှာမတွေ့သောကြောင့်ဖြစ်စေ ဤကဲ့သို့အကြောင်းများကြောင့်တိုင်အသစ်စိုက်ထူရန် သင့်တော်သည်ဟုထင်မြင်ခဲ့သော မြို့နယ်သစ်တောတာဝန်ခံသည် ခရိုင်သစ်တောတာဝန်ခံရုံးသို့ အစီရင်ခံစာနှင့်အတူ တိုင်ဟောင်း၏နေရာနှင့် တိုင်သစ်စိုက်ထူရန်ကြံရွယ်ထားသောနေရာများကိုဖော်ပြသောမြေပုံရေးဆွဲ၍ပူးတွဲပို့ရမည်။ ခရိုင်သစ်တောတာဝန်ခံ၏ ခွင့်ပြုချက်ရမှသာ မူလတိုင်ဟောင်းနေရာမှဆွဲ၍ တိုင်သစ်ကိုစိုက်ထူရမည်။

(၃) တိုင်များကိုကျွန်း၊ပျဉ်းကတိုး၊အင်ကြင်း ကြာရှည်ခိုင်မာသည့်အသားများနှင့် စိုက်ထူရမည်။တိုင်ကိုအကာစင်အောင်ရွေ၍ အနှစ်သားကိုအသုံးပြုရမည်။တိုင်များသည်လုံးပတ်(၃)ပေရှိ၍ အလျား(၇)ပေခွဲမှ(၉)ပေရှိရမည်။ ထိပ်ချွန်၍တိုင်ထိပ်အောက်နားတွင်နံပါတ်ထိုးရန်အတွက် မျက်နှာပြင်ချောချောထစ်ပေးရမည်။ ဆင်များဖျက်ဆီးတတ်သောအရပ်၌ တိုင်များကိုမြေပုံပေါ်အထက်ရှိ အလျားလျှော့၍ နံပါတ်ထိုးရန်နေရာကိုထိပ်နှင့်ကပ်၍ထိုးရမည်။

(၄) ဂဏန်းစာလုံးများကိုတည့်မတ်စွာထိုး၍ နံပါတ်များသည်ကြိုးဝိုင်းအပြင်ဘက်သို့ မျက်နှာမူရမည်။

(၅) တိုင်များကိုစိုက်ထူရာတွင် မြေဝင်(၃)ပေရှိစေ၍ တောင့်တင်းခိုင်မြဲစွာရှိစေသည့်တိုင်အောင်မြေကိုကောင်းစွာဆောင့်သွင်းဖို့ရမည်။ နံပါတ်များသည် ကြိုးဝိုင်းအပြင်ဘက်သို့လှည့်ရမည်။

(၆) ကျောက်ရနိုင်သောနေရာများ၌ ဘယ်အခါမဆိုကျောက်ပုံပြုလုပ်ရမည်။ ကျောက်ပုံသည်အမြင့်(၃)ပေရှိ၍ အောက်ခြေထိပ်ဝအကျယ်(၆)ပေထက်မနည်း ရှိရမည်။

(၇) ကျောက်မရနိုင်သောနေရာများ၌ မြေပုံပြုလုပ်ရမည်။မြေပုံသည်အလယ်၌ အမြင့်(၄)ပေရှိ၍အောက်ခြေအချင်း (၈)လက်မရှိရပေမည်။မြေမပုံမီတိုင်ခြေနှင့်(၄)ပေပတ်လည် အကွာတွင်အမြင့်(၂)ပေ(၆)လက်မအပေါ်ထိပ်ဝ (၇)ပေထက်မကျယ်သော ဝါးခွင်ကိုရအောင်တိုင်ကဲ့သို့ယိုင်၍ရိုက်ရမည်။ ကြိုးဝိုင်းလမ်းအတိုင်းအကျယ်(၃)ပေ အနက်(၁)ပေရှိသောမြေကျင်းများ တိုင်ဘေးနှစ်ဘက်စလုံးတွင် တူး၍ရသောမြေစာနှင့်မြေဖို့ရမည်။ ၄င်းမြေကျင်းများကိုမြေပုံနှင့်(၅)ပေထက်နီး၍ မတူးရန်ဖြစ်သည်။ မြေကိုဝါးခွင်ထဲသို့ကောင်းစွာဆောက်သွင်းပြီးလျှင် မြေပုံထိပ်ကို ညှိ၍ပြုလုပ်ပေးရမည်။

(၈) တိုင်ထိပ်သည် မြေပုံ၏အပေါ်၌အနည်းဆုံး(၁)ပေရှိစေရမည်။ဆင်များဖျက်ဆီးသောနေရာ၌ တိုင်ထိပ်ကိုဆူးသံကြိုးဖြင့် ပတ်ထားရမည်။

(၉) တိုင်များ၏နံပါတ်ထိုးရာတွင် ထိပ်ဖွင့်ကျယ်သောသံမှိုချောင်းများဖြင့် ဂဏန်းစာပေါ်လာအောင်ရိုက်၍ထိုးရမည်

## ၁။ မှန်ထစ် ထစ်ခြင်း

(၁) မှန်ထစ်များလုပ်ကိုင်ချက်၏ရည်ရွယ်ချက်များမှာ နယ်နိမိတ်တိုင်များကိုတစ်တိုင်နှင့်တစ်တိုင်ဆက်သွယ်ခြင်းဖြစ်၍ မည်သူမဆိုကြိုးဝိုင်းအတွင်းသို့ဝင်သောအခါမှန်ထစ်တစ်ခုဖြစ်စေ၊အများကိုဖြစ်စေ တွေ့မြင်နိုင်ခြင်းငှာဖြစ်သည်။။ မှန်ထစ်များသည် ကြိုးဝိုင်းနယ်နိမိတ်သွားရန် တစ်လျှောက်ကိုညွှန်ပြခြင်းမျှဖြစ်ပြီး ကြိုးဝိုင်းနယ်နိမိတ်အမှန်ဟု မယူဆရ။ထို့ကြောင့်ကြိုးဝိုင်းနယ်နိမိတ်တည့်တည့်ပေါ်၌မှန်ထစ်ခုတ်ရန်သစ်ပင်များမရှိခဲ့လျှင်အမှန် နယ်နိမိတ်နှင့်နီးကပ်လျက်ရှိသော သစ်ပင်များကိုလည်းခုတ်ထစ်နိုင်သည်။

(၂) ကြိုးဝိုင်းနယ်နိမိတ်ပြင်သောအခါ မှန်ထစ်ဟောင်းများဆွေး၍ မပျက်စီးသေးလျှင်၄င်းအပေါ်၌ဖုံးအုပ်ထားသော အကာသားနှင့် အခေါက်များကိုခုတ်ပေးရမည်။ လိုလျှင်မှန်ထစ်ဟောင်းများကိုချောအောင်ခုတ်ပြီးလျှင်တံဆိပ်

ပြန်ရိုက်နိုင်သည်။ မှန်ထစ်ဟောင်းများဆွေးပျက်လျှင်သို့မဟုတ်မူလက မှန်ထစ်ထစ်ထားသော သစ်ပင်များသည် အလွန်နည်းပါးသေးလျှင် နောက်ထပ်သစ်ပင်များကိုထစ်ရမည်။

(၃) မှန်ထစ်များထစ်ရာတွင် အလျား(၁)တောင်ရှိစေ၍ တံဆိပ်များရိုက်နိုင်လောက်အောင်သစ်အနှစ်သားပေါ်စေရမည်။မှန်ထစ်၏အထက်အထစ်ကို လက်နှစ်သစ်၊အောက်အထစ်ကို လက်သုံးသစ်နက်အောင်ခုတ်စေပြီးလျှင် ဘေးသားများကိုပေါ်စေရမည်။ မှန်ထစ်များကိုမြင့်နိုင်သရွေ့မြင့်အောင်ခုတ်၍ အောက်အထစ်ကိုမြေမှ(၃)ပေထက်မနိမ့်စေရ။

(၄) မှန်ထစ်ထစ်ရာ၌ အခြားသစ်ပင်များရနိုင်လျှင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အနှစ်မရှိသောသစ်ပင်များနှင့် လုံးပတ်ငယ်သောသစ်ပင်များကိုမထစ်ရ။ အခြားသစ်ပင်များမရှိမှသာလျှင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်များကိုထစ်ရမည်။

(၅) နယ်နိမိတ်တံဆိပ်များကို မှန်ထစ်တခုစီအပေါ်တွင် တည့်တည့်မတ်မတ်နှင့် ထင်ရှားစွာရိုက်ခတ်ရမည်။

(၆) အကွက်များခွဲထားပြီးသောကြိုးဝိုင်းတွင် အကွက်နံပါတ်ကိုမှန်ထစ်၏အလယ်၌ ထင်ရှားစွာ(၃)တန်းဖြစ်စေ (၄)တန်းဖြစ်စေ ညီညာစွာရိုက်ခတ်ပြီးလျှင် နယ်နိမိတ်တံဆိပ်ထင်ရှားစွာ ၄င်းနံပါတ်များအပေါ်နှင့် အောက်တွင်ရိုက်ခတ်ရမည်။

**(က)နယ်နိမိတ်ကြော်ငြာပျဉ်ပြားများ။**

(၁) ကြိုးဝိုင်း ပျဉ်ပြားများကို–

(က)လမ်းများနှင့်ခြေလမ်းများ ကြိုးဝိုင်းတွင်းသို့ဝင်သောနေရာတိုင်း၌ လမ်းဘေးနှစ်ဘက်စလုံးတွင်ရိုက်ခတ်ရမည်။

(ခ) လယ်ယာများကြိုးဝိုင်နယ်နိမိတ်နှင့်နီးစပ်သော နေရာများ၌ဖြစ်စေမှန်ထစ်ထစ်နိုင်လောက်သောသစ်ပင်များနည်းပါးသော နယ်နိမိတ်တလျှောက်တွင်ဖြစ်စေ တစ်ခုနှင့်တစ်ခုပေ(၁၅၀) အကွာတွင်ရိုက်ကပ်ရမည်။

(၂) ကြိုးဝိုင်းပျဉ်ပြားများသည် အရှည်(၁၅)လက်မအကျယ်(၄)လက်မ အထူ(၁)လက်မရှိစေရမည်။ မည်သူမဆိုမြင်နိုင်လောက်အောင် မြေမှ(၁၅)ပေအမြင့်တွင်ပျဉ်ပြားများကိုရိုက်ကပ်ရမည်။ သံချောင်းမြုပ်အောင် မရိုက်သွင်းရ။တစ်လက်မခွဲအပြင်၌ ထွက်နေအောင်ချန်ထားရမည်။

(၃) ကြိုးဝိုင်းပျဉ်ပြားပေါ်တွင် ကရင်ဘာသာဖြင့်(ပှံၤကွီၤ )ဟုထွင်းပြီး သဘော်ဆေးအစိမ်းဖြင့်သုတ်လိမ်းရမည်။

**(ခ) အတွင်းကြိုးဝိုင်း နယ်နိမိတ်နှင့် အကွက်နယ်နိမိတ်များ။**

(၁) ကြိုးဝိုင်းများဆက်စပ်ရန်အကြားရှိနယ်နိမိတ်များကိုဆက်၍ သတ်မှတ်ရန်လိုသည့်အခါ ဖြစ်စေအကွက်နယ်နိမိတ်များကို ပြင်ဆင်သည့်အခါဖြစ်စေ၊ ကြိုးဝိုင်းနယ်နိမိတ်ပြသည့်အတိုင်း ပြုလုပ်ရမည်။သို့သော်နယ်နိမိတ်ပျဉ်ပြား (ပှံၤကွီၤ )မကပ်ရချ။ ၄င်းပြင်ထင်ရှားသောချောင်းမကြီး တစ်လျှောက်သစ်ပင်များကို မှန်ထစ်မထစ်ရ။မှန်ထစ်များကိုမိမိတို့ညွှန်ပြသောအကွက်မှအပြင်သို့မျက်နှာထားရမည်။ သစ်ပင်တစ်ပင်တည်း၌မှန်ထစ်နှစ်ဖက်မထစ်ရ။ အကွက်နယ်နိမိတ်မှန်ထစ်များကို အကွက်အပြင်ဘက်သို့မျက်နှာထားလျက်မှန်ထစ်၏။

အနှစ်သားပေါ်၌ အကွက်နံပါတ်ကိုထင်ရှားစွာ(၃)တန်းရိုက်ပြီးနောက်နံပါတ်ဂဏန်းများ၏အထက်နှင့် အောက်တွင်အကွက်တံဆိပ်များ ရိုက်ရမည်။

(၂) ပျောက်သောတိုင်များအစားတိုင်အသစ်စိုက်ထူရမည်။ အကွက်နယ်နိမိတ်တိုင်များ၏အပေါ်ထိုးထားသော နံပါတ်များကို သက်ဆိုင်ရာအကွက်များအတွင်းဘက်သို့လှည့်၍တိုင်ကိုစိုက်ထူရမည်။တိုင်များကို လွယ်ကူစွာရှာဖွေတွေ့စေနိုင်ခြင်းငှါ တိုင်၏နှစ်ဖက်နယ်နိမိတ်၌တိုင်နှင့်အနီးသစ်ပင်နှစ်ပင်သုံးပင်ကိုအထက်အောက်မှန်ထစ်(၂)ခုဆင့်၍ ထစ်ရမည်။

## (ဂ) နယ်နိမိတ်စစ်ဆေးခြင်း။

ကြိုးဝိုင်းအပြင်နယ်နိမိတ်များကို နှစ်စဉ်ပြင်ဆင်ရန်လိုအပ်က ပြင်ဆင်ရမည့်ပြင် မြို့နယ်သစ်တောဌာနမှူးများသည်ဘိနယ်တောခေါင်း(ဝါ)ဘိနယ်တာဝန်ခံများအားမိမိ၏ကြိုးဝိုင်းအတွင်းရှိ ဘိနယ်အတွင်းကြိုးဝိုင်းအပြင်နယ်နိမိတ်တလျှောက်လုံးကို အောက်တိုဘာလနှင့်နိုဝင်ဘာလအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးရန် ညွှန်ကြားရမည်ဖြစ်သည်။ ထိုပြင်တိုင်များ၏ဘေးပတ်လည်အသီးသီးတွင်(၃)တောင်အတွင်းရှိ မြက်နှင့်ပေါင်းများကိုခုတ်တွင်ရှင်းလင်းစေရမည်။အလုပ်ပြီးစီးသောအခါ ခရိုင်သစ်တောတာဝန်ခံမှူးထံသို့စစ်ဆေးခြင်း ပြင်ဆင်ခြင်းအလုပ်များကိုအစီရင်ခံရမည်။ကြိုးဝိုင်းမြေအတွင်းသို့အပြင်မှကျူးလွန်တိုးချဲ့ခြင်းများ တိုင်များပျောက်ခြင်း တွေ့ရှိခဲ့လျှင်လည်းအစီရင်ခံစာတွင်ပါရှိစေရမည်။

မြို့နယ်သစ်တောတာဝန်ခံသည်နှစ်စဉ်ပြင်ပြီးခဲ့သော နယ်နိမိတ်များအားလုံးကို သွားစစ်ဆေးရမည့်အပြင်၊ အားလပ်သည့်အခါ၌ ကြားနယ်နိမိတ်အားလုံးတို့ကို ကြည့်ရှုစစ်ဆေးရမည်။ အထူးသဖြင့်ကြိုးဝိုင်းအတွင်းအပြင်မှကျူးလွန်တိုးချဲ့ဝင်ရောက်မည်ကိုစိုးရိမ်ဖွယ်ရှိသောနေရာများကို အထူးသတိပြု၍ သွားရောက်စစ်ဆေးရမည်။

# ၂။ နွယ်ဖြတ်ခြင်းနှင့်ညောင်ပင်လှဲခြင်း။

(က)နွယ်ဖြတ်ခြင်းလုပ်ငန်း–သစ်တောဌာနတာဝန်ခံများနှင့် ၎င်း၏လက်အောက်တာဝန်ခံအားလုံးသည်ကျွန်းအပေါ်တွင်ဖြစ်စေ အခြားအဖိုးတန်သောအပင်များပေါ်တွင်ဖြစ်စေ တွေ့ရှိသောနွယ်များကိုတွေ့ရှိတိုင်းဖြတ်ရမည်။

(၁) အမြင့်(၁၀)ပေမရှိသောအပင်များ(ဥပမာ–စိုက်ခင်းအတွင်း)အပေါ်၌ရှိနေသောနွယ်များကိုဖြတ်ပြီးလျှင် နောက်ထပ်ပြန်၍ရှုတ်တရက်မပေါက်နိုင်ရန် ပေါင်းများနှင့်တကွဖြတ်ပြီးသောနွယ်များအားဆွဲချ၍ရှင်းပစ်ရမည်။၎င်းထက်ကြီးရင့်သောအပင်ကလေးများအပေါ်၌ တက်သောအနွယ်များကိုမြင့်နိုင်သလောက်အမြင့်ချ၍ နွယ်ကိုအပင်မှဆွဲချပြီးအဖျားနားမှတဖန်နီးကပ်နိုင်သလောက်ကပ်ဖြတ်ရမည်။ကြီးမား၍မာသောနွယ်များကို ဖြတ်သည့်အခါအစနှစ်ခုကိုထိ၍မထားခဲ့ဘဲ အစတစ်ခုခုကိုဆွဲဖယ်ပစ်ရမည်။ သို့မဟုတ်လျှင်နောက်တစ်ပိုင်းထပ်၍ဖြတ်ရမည်။

(၂) ဓမ္မတာတော၌ နွယ်ဖြတ်ခြင်းအလုပ်ကိုလုပ်သောအခါ ကျွန်းပင်ပေါ်သို့တက်သောနွယ်သို့မဟုတ်တက်လတ္တံ့သောနွယ်ကိုသာဖြတ်ရမည်။ သစ်ထုတ်ရန်လွယ်ကူသောတောများ၌ပင်လျှင်ရောင်းတန်းဝင်မည့်အပင်များပေါ်သို့တက်သောနွယ်များ သို့မဟုတ် တက်လတ္တံ့သောနွယ်များကိုသာဖြတ်ရမည်။

(ခ) ညောင်ပင်လှဲခြင်း– ရောင်းတန်းမဝင်သော်လည်း ညောင်ပင်များစွာပတ်နေသောအပင်များကိုလှဲခြင်းအားဖြင့် ညောင်ပင်များနည်းပါးသည့်အပြင်အဖိုးတန်သောအပင်မျိုးများသည်ညောင်လှဲသဖြင့် လပ်သွားသောကွက်

လပ်၌ပေါက်လာနိုင်သည်။ ရောင်းတန်းဝင်သောကျွန်းညှောင်ပင်များကို ကျွန်းသင်းသတ်သည့်အခါ၌သာ လှဲရမည်။

## ၃။ တောင်ယာခုတ်၍ မျိုးဆက်တည်ထောင်ခြင်း။

### (က) မျိုးဆက်ခြင်း၊ တည်ထောင်သည့်နှစ်တွင်ပြုလုပ်ရမည့်အလုပ်များ။

(၁) တောင်ယာခုတ်ခြင်း –တောင်ယာလုပ်ကိုင်ခြင်း၌ မီးကောင်းကောင်းလောင်စေခြင်းသည် အရေးကြီးဆုံးအချက်ဖြစ်လေသည်။မီးမရှို့မီလောင်စာများ ကောင်းကောင်းခြောက်သွေ့စေရန် ယာကိုစောစော၌ အပြောင်ခုတ်ရမည်။ယာခုတ်သည့်အခါ အောက်ပေါင်းနှင့်အပင်ငယ်များ ဝါးများကို ပထမခုတ်ရမည်။ခုတ်သောဝါးများကိုမြေသို့ကျအောင်ခုတ်ရမည်။သို့မှသာအပေါ်ယံထပ်မှာမီးနာသဖြင့်မြေပွလိမ့်မည်။ ဝါးများကို တစ်ခုပေါ်တစ်ခုထပ်၍သော်လည်းကောင်း လှဲထားသောသစ်ပင်များအပေါ်သို့ ဝါးကိုထပ်၍လှဲ၍သော်လည်းကောင်း မည်သည့်အခါမှမီးလောင်မည်မဟုတ်ပေ။ဝါးများကိုထိုသို့ကောင်းစွာကျအောင်လှဲ၍၄င်းတို့အပေါ်သို့ကျန်သောမတ်တတ်သစ်ပင်များကိုပိ၍လှဲရမည်။ ဖေဖော်ဝါရီလ(၁၅)ရက်၌ဝါးခုတ်လှဲခြင်းပြီးစီးရမည်။တောင်ယာကိုနောက်အကျဆုံးမတ်လ၌ပထမတနင်္ဂနွေအပါတ်တွင်အားလုံးခုတ်ပြီးရမည်။ ထို့ကြောင့်ဖေဖော်ဝါရီလ(၁)ရက်ထက်နောက်မကျစေဘဲ တောင်ယာကိုစ၍ခုတ်ရမည်။

(၂) တောင်ယာကိုမီးရှို့ခြင်း–မီးကောင်းစွာရခြင်းသည်အလွန်အရေးကြီး၍ အကျိုးမည်မျှရှိကြောင်းကိုအကြမ်းအားဖြင့်အောက်ပါအတိုင်းဖော်ပြပေမည်။

(က)မီးကောင်းလျှင် ကျွန်းခွေရန်အလုပ်များစွာမကျန်ပေ။

(ခ) မီးကောင်းလျှင် ဝါးများသေ၏။

(ဂ) မီးကောင်းလျှင်ပေါင်းများစွာမထနိုင်သဖြင့် တောင်ယာသမားများအတွက်အလုပ်နည်းသည့်အပြင်နောက်နှစ်များ၌လည်းပေါင်းနှင့်ဝါးသုဉ်းများ ကောင်းစွာမထနိုင်သဖြင့် ပေါင်းရှင်းခြင်းအတွက်စရိတ်သက်သာသည်။

(ဃ)မီးကောင်းစွာရပြီးသောအခါ မြေသည်ထွန်ယက်ပြီးသည့်အတိုင်းပွသဖြင့်စပါးမှစ၍ကောက်ပဲသီးနှံများကောင်းသည့်အပြင်စိုက်ပျိုးထားသောအစေ့ပင်ကလေးများလည်းသန်စွမ်းစွာပေါက်နိုင်သည်။ ယာကိုမီးရှို့သောအချိန်သည်အရေးကြီးဆုံးဖြစ်သဖြင့်မြို့နယ်သစ်တောတာဝန်ခံကိုယ်တိုင် ၄င်းအလုပ်ကိုကြပ်မတ်စီမံဆောင်ရွက်ရမည်။ တောင်ယာကိုစောစောနှင့် ကောင်းကောင်းခုတ်ထားပြီးပါက အခွင့်သာလျှင်ဧပြီ(၁၀)ရက်မတိုင်မီ မီးရှို့ရမည်။ ဧပြီ(၁၅)ရက်နေ့ကျော်လွန်လျှင် ရက်မရွေးမိုးရွာတတ်သဖြင့် မိုးမကျမီယာများကိုမီးရှို့ပြီးရန်အရေးကြီးလေသည်။

(၃) ပနက်စိုက်ခြင်း– ပနက်များကို(၆)ပေကွာစိုက်ရမည်။ပနက်စိုက်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာတာဝန်ခံများကကောင်းမွန်စွာကြီးကြပ်ကြည့်ရှု၍လုပ်ကိုင်စေရမည်။ ယာခင်းတစ်ခင်းစီ၌ ပနက်ကြောင်းအသစ်မပြုလုပ်ရချေ။ လုပ်ခဲ့ပါလျှင် ပင်ကျပ်နှုတ်သောအခါအခက်အခဲတွေ့ရလိမ့်မည်ဖြစ်သည်။
ပထမစိုက်သောနှစ်၌ ပနက်တိုင်းတွင်အပင်စေ့ရှိရန်ရည်ရွယ်၍ကြိုးစားရမည်။ ပထမနှစ်၌စိုက်၍မအောင်သောပနက်များတွင်နောက်နှစ်များ၌ထပ်၍ ဖါရမည်ဖြစ်သည်။
ဒုတိယနှစ်မိုး၌အခွင့်သာမှသာ ကွက်လပ်များကိုပြန်၍ဖါနိုင်လိမ့်မည်။ သို့အတွက်ပထမနှစ်ကပင်ပနက်တိုင်း၌အပင်အောင်မြင်ရန် အလွန်အရေးကြီးသည်ကို သတိထားရမည်။

(၄) အစေ့စိုက်ခြင်း – အစေ့များကိုပနက်ချပြီးသောအခါ တစ်စေ့နှင့်တစ်စေ့ခွါ၍စိုက်ရမည်။ဤကဲ့သို့စိုက်မှသာပိုနေသောအစေ့ပင်ကလေးများကို မြေအုံနှင့်တူးဖော်ပြီးရွှေ့ပြောင်းခွဲစိုက်နိုင်မည်။သစ်စေ့များကိုအလွန်အကျူးပို၍မစိုက်ရ။ပနက်တစ်ငုတ်တွင်ပနက်တိုင်နှင့်(၈)လက်မအကွာအတွင်း(၄)တွင်း၌တစ်တွင်းလျှင်တစ်စေ့ကျစိုက်လျှင်လောက်၏။ ပျဉ်းကတိုးစိုက်ရန်အောင်မြင်ခြင်းရာခိုင်နှုန်းကောင်းသဖြင့် ပနက်တစ်ငုတ်လျှင်အစေ့(၂)စေ့ကျစိုက်ကလုံလောက်ပေသည်။

ပနက်တိုင်၏ပတ်လည်မြေကို အနည်းငယ်ဆွပြီး အစေ့ကိုချ၍နှိပ်သွင်းရမည်။သို့သော်နက်နက်မနှိပ်သွင်းရချေ။တောင်စောင်း၌စိုက်သောအခါမြေအဆင့်ကလေးပြုလုပ်၍အစေ့ချရမည်။မြေကိုဆွ၍ချလျှင်မြေနှင့်တကွအစေ့ပါရေစားသွားတတ်သောကြောင့် မြေကိုနည်းနည်းမှမဆွရပေ။ အစေ့ကိုမြေညှိ၍ချပြီးအပေါ်က မြေအနည်းငယ်ဖို့ပေးရမည်။

(၅) အပင်ဖါခြင်း – ဇူလိုင်လ(၁)ရက်နေ့ထက်နောက်မကျမီ စပါးပင်များမမှည့်မီတောင်ယာကိုစောင့်ရှောက်ကြည့်ရှုသောတာဝန်ခံများသည် အစေ့ပင်ကလေးများကို မြောင်းတန်းလိုက် သေချာစွာစစ်ဆေးပြီး အပင်လပ်သည့်နေရာတွင် စပါးပင်များ၏အထက်၌ လွယ်ကူစွာမြင်နိုင်ရန်(၆)ပေပနက်ရှည်များစိုက်ထားရမည်။ ကွက်လပ်များကို အပင်ဖြင့်ဖြစ်စေ၊ငုတ်တက်ဖြင့်ဖြစ်စေဖါရမည်ဖြစ်သည်။

(၆) မြောင်းတန်းဖော်ခြင်း – စပါးများရိတ်သိမ်းပြီးလျှင်ပြီးခြင်း တောင်ယာသမားများသည်ပေါင်းနှင့် ကောက်ရိုးများကိုရှင်း၍ မြောင်းတန်းများဖော်ရမည်။ သို့မှသာဆောင်းရာသီ၌ အပင်ငယ်ကလေးများပေါက်ပွါးကြီးနိုင်သည်။ဤမြောင်းဖော်ခြင်းအလုပ်ကိုဒီဇင်ဘာလကာလမကုန်မီပြီးစုံအောင်ပြုလုပ်ရမည်။ ပျောက်သောပနက်များအစားမူလအကွာအဝေးအတိုင်း နောက်ထပ်ပနက်သစ်များစိုက်ရမည်။

(ဂ) မျိုးဆက်ပြီး နောက်နှစ်၌ ပြုလုပ်ရန်အလုပ်များ။

(၁) မီးဘေးမှကာကွယ်ခြင်း – မျိုးဆက်ထားသော ရေယာတောများကို မီးကာကွယ်ရန်အထူးဂရုစိုက်ရမည်ကိုတစ်နေရာစီအကွက်များစဉ်စားလုပ်ကိုင်ရမည်။ မျိုးဆက်ခြင်းပြုလုပ်သောရေယာကွက်၌ တောင်ယာကိုမီးရှို့သောအခါ ပြင်းထန်စွာမီးလောင်သောကြောင့်အနီးအနားရှိ နှစ်ကြီးစိုက်ခင်းများနှင့်ဓမ္မတာအလျှောက်စုပေါင်းနေသောပိုအရွယ်နှင့်ကြီးရင့်ပြီးသောအပင်များကို မီးကြောင့်ပျက်စီးခြင်းကိုတွေ့ကြုံရ၏။အထူးသဖြင့်မီးလောင်စဉ်အခါက လေအောက်ကျသောနေရာများ၌ များစွာပျက်စီးခြင်းကိုတွေ့ကြုံရ၏။ ထိုကဲ့သို့မဖြစ်စေရန်သတိကြီးစွာဖြင့်စောင့်ရှောက်ရမည်။ ထို့ကြောင့်ဖော်ပြပါနည်းများအရ မီးကိုကာကွယ်ရပေမည်။

(က) တောင်ယာကိုမီးရှို့သောအခါ တတ်နိုင်သ၍မီးကာကွယ်သောရေယာအတွင်းဘက်မှ စပြီးမီးရှို့ရမည်။

(ခ) မီးကာကွယ်ရမည့်အပင်များ၏အောက်ကွက်ပေါက်သောအပင်များကိုခုတ်ရှင်း၍မီးလွတ်မည့် နေရာများသို့ယူပစ်ရမည်။

(ဂ) မီးကာကွယ်ရမည့်အပင်များ၏အောက်တွင် စောစောမီးရှို့ပေးရမည်။

(ဃ) တောင်ယာ၏အစွန်းရှိ လောင်စာအားလုံးကို မီးမရှို့မီအတွင်းဘက်သို့ အတော်ဝေးစွာရွှေ့ပုံရမည်။

(၂) တောင်ယာ၏လေအောက်ကျသော နှစ်ကြီးစိုက်ခင်းများနှင့်အရွယ်ပင်စုများကိုပျက်စီးစေသည့် အဓိကအကြောင်းသည်ရွက်အုပ်များကိုမီးတောက်များထ၍မီးလောင်ကျွမ်းသောကြောင့်ဖြစ်သည်။ မီးဘေးမှကာကွယ်ရန်အကောင်းဆုံးနှင့်အသင့်ဆုံးနည်းမှာတောင်ယာကိုမီးကာကွယ်ရမည်။ အပင်များအကြား၌ မျိုးဆက်ခြင်းမပြုလုပ်ဘဲတောတန်းကလေး ချန်ထားရမည်။

## (၃) ပေါင်းရှင်းခြင်းများ။

(က)ပေါင်းရှင်းခြင်းအလုပ်သည် အရေးကြီးသဖြင့် ၄င်းကိုလိုသ၍လုပ်ကိုင်ပေးရမည်။ ပေါင်းကိုစောစောက သေချာစွာရှင်းခြင်းဖြင့် အစေ့ပင်ကလေးများ၏ ပေါက်ရောက်ခြင်းကိုအားပေးကူညီခြင်းသည် အကောင်းဆုံးသောနည်းဖြစ်သည်။အစေ့ပင်ကလေးများသည် ပေါင်းများ၏လောင်းရိပ်မိသွားပါလျှင် ရုတ်တရက်ပြန်နလံမထူနိုင်ပေ။ အစေ့ပင်ကလေးများစုံလင်၍ သန်စွမ်းစွာပေါက်သောကျွန်းခင်းများတွင် ဒုတိယနှစ်ဇွန်လ၌သေချာစွာပေါင်းရှင်းလျှင်အတော်လုံလောက်ပေသည်။ မိုးကုန်ခါနီးမှနွယ်ဖြတ်ပေးရန်လိုသည်။ ထို့နောက်တတိယမိုးကုန်ခါနီးအချိန်တွင် အနည်းငယ်ပေါင်းရှင်း၍ နွယ်ဖြတ်လျှင်လုံလောက်လိမ့်မည်။ ပျဉ်းကတိုးနှင့်ထောက်ကြံ့ကဲ့သို့ အကြီးနှေးသည့်သစ်မျိုးစိုက်သောအခင်းများတွင်သာသေချာစွာပေါင်းရှင်းရန်လိုသည်။ဒုတိယမိုး၌အနည်းဆုံး(၂)ကြိမ်တခါ၊တခါတရံ(၃)ကြိမ်ရှင်းရန်လိုသည်။ တတိယမိုး၌များသောအားဖြင့်(၂)ကြိမ်ရှင်းရန်လို၍ ပထမအကြိမ်ကိုမိုးဦးကျအလွန်စောစောရှင်းရန်လိုသည်။ ကျွန်းမှတပါးအခြားသစ်များအတွက် တတိယမိုးတွင်ပေါင်းရှင်းအလုပ်ကို အများဆုံးပြုလုပ်ရန်လိုသည်။

(ခ) ဒုတိယနှစ်ပထမအကြိမ်ပေါင်းရှင်းခြင်း– ဒုတိယနှစ်ပေါင်းရှင်းခြင်းသည် အရေးကြီးသောကြောင့် ၄င်းအလုပ်ကိုသေချာစွာပြုလုပ်ရမည်။ အောက်ပါအချက်များကိုသတိပြုရမည်။

(၁) ကျွန်းသစ်ဖြစ်လျှင်အပင်ပိုများကိုခုတ်ပယ်၍ ခွတက်ပင်များဖြစ်လျှင် မကြိုက်သောကိုင်းတက်ကို နောက်ဆုံးရွက်ဆုံအထက်မှချိုးပစ်ရမည်။

(၂) အကွက်လပ်များလျှင် တတ်နိုင်သောနေရာ၌အပင်ကလေးများဖြင့်ဖါရမည်။ တစ်နှစ်သားငုတ်တက်ရနိုင်သောအရပ်များ၌ ကျွန်းခင်းကွက်လပ်များကို ငုတ်တက်များဖြင့်ဖါရမည်။ အရွယ်အမြင့်ဆုံးငုတ်တက်သည် လက်ညှိုးခန့်ရှိ၍၊ပင်စည်ပိုင်း(၂၀)လက်မနှင့် အမြင့်ပိုင်းအနည်းဆုံး(၆)လက်မမျှ ကျန်ရှိရမည်။ မုံလာဥသဏ္ဍာန် ရှိသော အမြင့်ပိုင်း၏အရှည်ကိုလိုက်၍ ၄င်းအဆုံး၌ငုတ်တုတ်အမြစ်ကိုဖြတ်ရမည်။ ဘေးမြစ်များကို သတိကြီးစွာနှင့်ပယ်ဖြတ်၍ဆုတ်ဖြတ်ဖက်ရွက်ထိခိုက်အောင်မပြုလုပ်ရ။ စိုက်ပျိုးသောအခါ ပင်စည်ပိုင်းနှင့် အမြစ်ပိုင်းဆုံနေရာကိုမူလအတိုင်းမြေနှင့်အညီချ၍ အပင်ပတ်လည်၌ မြေကိုကောင်းမွန်သိပ်သည်းစွာဖိနှိပ်ဖို့ရမည်။

(၃) ပနက်မြောင်းတန်းအတိုင်း ပေါင်းများကိုမြေနှင့်အညီခုတ်၍ ပနက်မြောင်းအကြားရှိပေါင်းများကို တော်သင့်ရုံလောက်ခုတ်ရမည်။ ကျေးလက်တောရွာထောက်ပံ့ရေးအတွက် အုပ်ချုပ်သောတောများတွင်ပေါင်းရှင်းခြင်းအလုပ်ကို စိုက်ပျိုးထားသောအပင်များအပြင် ဓမ္မတာအလျှောက်ပေါက်သောအဖိုးတန်အပင်များအတွက်ပါပြုလုပ်ရမည်။

(၄) နွယ်များကိုအမြစ်ရင်းမှဖြတ်ရမည်။ နုသောပျဉ်းကတိုးခင်းများ၌ နွယ်များသည်သစ်ပင်၏ခေါင်ညွန့်များကို အထူးသဖြင့်ဖျက်ဆီးလေသည်။

(ဂ) နောက်ထပ်လိုက်ရသောပေါင်းရှင်းခြင်းများ – ဤအလုပ်ကိုလိုသောအချိန်၌လုပ်ရပေမည်။မလိုဘဲလုပ်ကိုင်ခြင်းအားဖြင့်လည်း စရိတ်ကုန်ခြင်းကိုသတိပြု၍ရှောင်ကျဉ်ရမည်။ အရေးကြီးသောအပင်များကို မနှောင့်ယှက်၊ သို့မဟုတ်နှောင့်ယှက်လိမ့်မည်ဟုမထင်သည့် ပေါင်းများနှင့်ကူညီပင်များကိုမနှုတ်ရ။ကူညီပင်သည်အရေးကြီးသော အပင်များကို နှောင့်ယှက်နေပါက၊ ၄င်းအပင်ကိုအရေးကြီးသောအပင်ထက်နိမ့်အောင်ချန်၍ခုတ်လျှင်လုံလောက်သည်။ ဝါးများနှင့်အသုံးမဝင်သော အကြီးမြန်သစ်ပွမျိုးများကို ဘယ်သောအခါမဆိုခုတ်ပစ်ရမည်။ နွယ်ကိုရှာ၍ ဖြတ်ပစ်ရသည်။

## ၄။ မီးကာကွယ်ခြင်း လုပ်ငန်းများ။

(က) မီးတားရန်အတွက် အောက်ပါလမ်းများကို ရှင်းရမည်။

(၁) မီးတားလမ်း–မီးကာကွယ်ထားသည့်အကွက်၏နယ်နိမိတ်အပြင်ဘက်တစ်လျှောက်များသောအားဖြင့် အကျယ်(၅)ပေရှိ၍ အပြောင်ထွင်ပြီး ရှင်းထားသောလမ်းကိုဆိုလိုသည်။

(၂) မီးတားကွက်–မီးတားလမ်း၏အပြင်ဘက်၌ယှဉ်လျက် အကျယ်(၁၅)ပေလောက်ရှိ၍ အပြောင်တွင်ရှင်းထားသော လမ်းကိုဆိုလိုသည်။

(ခ) မီးကာကွယ်ထားသောကြိုးဝိုင်းတစ်ခု၏ နယ်နိမိတ်သည် လမ်းမတလျှောက်ဖြစ်စေ၊ခြေလှမ်းတစ်လျှောက်ဖြစ်စေ၊ ရှိသောအခါမီးတားလမ်းတွင် မီးတားကွက်ကို အနည်းဆုံးတဝက်ယူ၍ ၎င်း၏အတွင်းဘက်၌ ဖေါက်လုပ်ရမည်။

(ဂ) နွေရာသီ၌ လူသွားလူလာရှိသောလမ်းမနှင့် ခြေလမ်းများအတိုင်း မီးလမ်းအဖြစ်ပြုလုပ်သောအခါ၊ ၎င်းလမ်းဘေးတလျှောက်တစ်ဘက်တွင်(၁၅)ပေအကျယ်တောကိုခုတ်ရှင်းပြီး မီးတားကွက်များပြုလုပ်ရမည်။ ဤမီးတားကွက်များတွင်း ပေါက်ရောက်သောအပင်ကလေးများကို ခုတ်လှဲပိုင်းဖြတ်ပြီးအကွက်၏ အလယ်သို့ယူ၍ ဖြတ်ပြီးလျှင်လောင်စာများသွေ့ခြောက်ပါကမီးရှို့ရမည်။သို့သော်မီးတားလမ်းကိုအကျယ်(၅)ပေရှင်းခြင်း ၎င်းမီးတားလမ်း၏ ဘေးတစ်ဘက်တွင် အကျယ်(၁၀)ပေရှိသော မီးကွက်ပြုလုပ်လျှင် လုံလောက်သည်။

(ဃ)လမ်းများဖေါက်လုပ်ပြီးသည့်နောက် ၎င်းလမ်းများဆက်လက်၍ တိုးတက်ကောင်းမွန်ခြင်းရှိစေရန်၊ မြို့နယ်သစ်တောတာဝန်ခံနှင့် ဘိနယ်နယ်တာဝန်ခံများက ကောင်းစွာတာဝန်ယူရမည်ဖြစ်သည်။

## ၅။ သစ်တောလမ်းမကြီးများ။

(က)မြို့နယ်သစ်တောတာဝန်ခံသည် မိမိနယ်အတွင်းရှိလမ်းများကို အစဉ်သဖြင့်ကောင်းမွန်စွာရှိစေရန်စောင့်ထိန်းကြည့်ရှုရမည်။ယာဉ်များအသွားအလာကြောင့်ဖြစ်စေ ပျက်စီးသောလမ်းတံတားကြီး၊ပြွန်တံတား၊ တူးမြောင်းများနှင့်အခြားရေလွှဲမြောင်းများကို အမြန်ပြင်ရမည်။ မိုးရာသီတစ်မိုးလုံးတွင် အားလုံးသောလမ်းများအတွက်၊ ရေလွှဲမြောင်းအလုံအလောက်များရှိစေရန် အထူးအရေးကြီးသည်။အောက်တွင်ဖေါ်ပြသောအချိန်ကာလများသည် လမ်းကိုပြုပြင်စောင့်ထိန်းရန်အတွက် အလိုအပ်ဆုံးသောအချိန်ကာလများဖြစ်သည်။

(၁) မိုးဦးမကျမီ ( ဧပြီ၊ မေလ)။
(၂) မိုးကုန်လျှင်ကုန်ချင်း (အောက်တိုဘာ၊ နိုဝင်ဘာ)

(ခ) အချို့သော ကြည့်ရှုစောင့်ရှောက်ထိန်းသိမ်းခြင်းအလုပ်နှင့် ပြင်ဆင်ခြင်းအလုပ်များကို အမြဲပြုလုပ်ဆောင်ရွက်ရန်လိုသည့်အလျှောက်လိုလျှင်လိုခြင်း ချက်ခြင်းပြုလုပ်ဆောင်ရွက်ရန်ဖြစ်သည်။

(၁) ရေလွှတ်မြောင်းတံတားနှင့် ပြွန်တံတားများအတွင်း အမှိုက်သရိုက်သစ်ရွက်အစရှိသည့် အရာများဖြင့်ပိတ်ဆို့ခြင်းမရှိစေရန် အမြဲရှင်းလင်းရမည်။ရေလွှဲမြောင်းများမှာ နှုတ်ခမ်းအကျယ်(၂)ပေ၊အောက်ခြေအကျယ် (၁)ပေနှင့် စောက်နက်(၆)လက်မရှိရမည်။

(၂) လမ်းပေါ်၌ ရေမဝပ်စေရ။ ဝပ်သောရေကိုဖောက်ချရမည်။

(၃) လမ်းပေါ်သို့လှဲကျသည့်တုံး၊လမ်းပေါ်သို့ကိုင်းကျသည့်သစ်ကိုင်းနှင့်ဝါး အစရှိသည်တို့သည်ဝန်တင်ဆင်နှင့်ရေ

အသွားအလာအတွက် အနှောင့်အယှက်ပေးလိမ့်မည်ထင်ပါက ၄င်းတို့ကိုတစ်ခါတည်းရှင်လင်းရမည်။

(၄) ပျက်စီးသောတံတားနှင့် ပြွန်တံတားများကို ချက်ခြင်းပြင်ရမည်။ချက်ခြင်းမပြင်နိုင်ပါက လမ်းများကိုဖေါက်လုပ်ပေးရမည်။

(၅) ပျက်စီးသောမိုင်တိုင်များကိုပြုပြင်၍ ပျောက်သောမိုင်တိုင်များကို အသစ်စိုက်ထူရမည်။

(၆) ရွာမှကျွဲနွားများကို မြေလမ်းများအတိုင်းစားကျက်သို့သွားလာရန်ခွင့်မပြုရ အထူးသဖြင့်မိုးရာသီအတွင်း လမ်းများစိုစွတ်ပြီး ကျွဲနွားများ၏ခွာရာထဲ၌ ရေဝပ်သောကြောင့် ဂရုစိုက်၍ပိတ်ပင်ရမည်။

(၇) သစ်တောဌာန၏လမ်းများအတိုင်း သစ်ဝါးစွပ်ဆွဲခြင်းကိုတားမြစ်သည်။ ရွာသူရွာသားများဖြစ်စေ၊ သစ်ကုန်သည်များဖြစ်စေ၊ သစ်တောလမ်းပေါ်သစ်ဝါးစွပ်ဆွဲပြုလုပ်လျှင် ပျက်စီးသည့်အတွက်ထိုလူများကပြုပြင်ပေးရမည်။

## ၆။ သစ်တောအဆောက်အဦးများ။

စစ်ဘေးစစ်ဒါဏ်ကြောင့် သစ်တောများသည်ပျက်စီးယိုယွင်းမှုရှိသကဲ့သို့ သစ်တောအဆောက်အဦးများလည်းပြုပြင်မှုမရှိသည့်အတွက် အချို့ပျက်စီးယိုယွင်းခြင်းသို့ရောက်ရှိရပေသည်။အချို့ခရိုင်အတွင်းရှိသစ်တောအဆောက်အဦးများ ကျန်ရှိကြပေလိမ့်မည်ဖြစ်သည်။ ထိုကျန်ရစ်ခဲ့သော သစ်တောအဆောက်အဦးများကို ပို၍ပျက်စီးယိုယွင်းခြင်းမှသက်သာစေရန် ပြုပြင်ပေးရန်လိုအပ်သည်။ မပြုပြင်ဘဲနေပါကသာ၍ပျက်စီးပြီး ဆုံးရှုံးသွားမည်သာဖြစ်သည်။

(၁) တစ်နှစ်တစ်ကြိမ်အမိုးများကို မိုးပေးရမည်။ မိုးယိုသောအမိုးများကိုချက်ချင်းလုံအောင်ဖါရမည်။
(၂) အားလုံးသောတိုင်များကို(၅)နှစ်တစ်ကြိမ် မြေအထက်(၂)ပေ၊ မြေအောက်(၁)ပေကတ္တရာစေးသုတ်လိမ်းရမည်။
(၃) ရေနံသုတ်လိမ်းခြင်းကို(၂)နှစ်လျှင်(၁)ကြိမ်နွေရာသီအစဉ်ပြုလုပ်ရမည်။အားလုံးသောဝါးထရံများကို ရေနံသုတ်လိမ်းပေးရမည်။
(၄) တံစက်မြိတ်ခံ ရေမြောင်းများကို မိုးဦးစ၌ဖေါ်၍ထားရမည်။
(၅) ဝင်းခြံများကို ကောင်းစွာပြင်ဆင်ထားရှိစေ၍၊ ရွာမှကျွဲနွားများကို ဝင်းခြံသို့မဝင်စေရ။
(၆) ဝင်းတွင်း၌ အောက်ပေါင်းချုံအမှိုက်သရိုက်များကို ရှင်းထားပေးရမည်။
(၇) အထက်အဆောက်အဦး၏ ဝင်းအပြင်ဘက်တွင်အကျယ်(၅)ပေရှိ မီးသားကွက်များပြုလုပ်စေပြီး၊ကောင်းစွာသားထားရန်ဖြစ်သည်။

အထက်ပါအခန်း(၂)အပိုဒ်(၁)မှ (၆)အထိလုပ်ငန်းများကိုလုပ်ကိုင်သည့်အခါ သစ်တောကြိုးဝိုင်းတွင်း အခွင့်အရေးရရှိသူများ သစ်တောကြိုးဝိုင်းသစ်တောရွာများနှင့် သစ်တောနှင့်နီးကပ်လျက်ရှိသော ရွာသားများအားအကူအညီတောင်း၍လုပ်ကိုင်စေရမည်။ အထူးသဖြင့် အခွင့်အရေးရသူများနှင့် ကြိုးဝိုင်းသစ်တောရွာသားများသည် ထိုလုပ်ငန်းများအား မိမိတို့၏လုပ်ငန်းကဲ့သို့သဘောထားပြီး လုပ်ကိုင်ဆောင်ရွက်သွားရန်ဖြစ်သည်။

## ၇။ ခုတ်လှဲခြင်းနှင့်သစ်ဖြတ်ခြင်း။

ဌာနမှရောင်းတန်းဝင်သစ်များကို လှဲရန်လိုသောအခါ အောက်ပါစည်းမျဉ်းများကိုလိုက်နာဆောင်ရွက်ရမည်။ ၄င်းစည်းမျဉ်းများကိုစစ်ဆေးရန်အတွက် လမ်းညွှန်သဖွယ်လည်းဖြစ်သည်။

### (က)သစ်လှဲခြင်း။

(၁) သစ်ပင်ကိုလွှဖြင့်လှဲ မြေနှင့်နီးကပ်နိုင်သမျှကပ်၍လှဲရမည်။
(၂) သစ်ပင်များကိုလှဲရာတွင်တတ်နိုင်သ၍၊ တောင်ပေါ်ဘက်သို့လှဲရမည်။ သစ်ကိုကျိုးပဲ့အက်ကွဲခြင်းမရှိစေရန်၊ ဝါးရုံပေါ်သို့ဖြစ်စေ အသုံးမဝင်သောအပင်မျိုးများအပေါ်သို့ဖြစ်စေ လှဲချရမည်။

### (ခ) သစ်ဖြတ်ပိုင်း ပေးခြင်း။

(၁) အကိုင်းများကို သစ်လုံးနှင့်တညီတည်းရှိအောင် အရင်း၌တိပစ်ရမည်။
(၂) သစ်လုံးကိုလွှဖြင့်ဖြတ်ရမည်။
(၃) အောက်ခြေ တာဝန်ခံတစ်ယောက်သည် သစ်ဖြတ်ပိုင်းပေးရန်လွှဲအပ်ခြင်းခံရသောအခါ အောက်ပါစည်းမျဉ်းများကိုလိုက်နာဆောင်ရွက်ရမည်။
   (က) သစ်ပင်ခွါသောနေရာသို့မဟုတ်ရွက်အုပ်အတိုင်း စသည့်နေရာ၌ဖြတ်ရမည်။
   (ခ) ဘေးကိုင်းကြီးများ ထွက်သောနေရာ၌ သစ်လုံးကိုဖြတ်ရမည်။
   (ဂ) လုံးပတ်ပြောင်းလဲသောနေရာ၌ဖြတ်ရမည်။
   (ဃ)သိသာစွာကောက်သော နေရာ၌ဖြတ်ရမည်။

(၄) အထက်ပါနည်းစနစ်အတိုင်းဖြတ်ပြီးသည့်နောက် သစ်လုံးများကိုထပ်မံ၍မဖြတ်ဘဲ ဆွဲထုတ်ယူပေလိမ့်မည်။ အောင်လုံ၍ဖြောင့်သောသစ်လုံးကို အလျားရှည်နိုင်သလောက် ရှည်ရှည်ဖြတ်ပြီးယူရန် သတိအမြဲထားရမည်။
(၅) သစ်လုံးကို နောက်ထပ်ပိုင်းဖြတ်ဖို့လိုလျှင် အရင်းပိုင်းမှစ၍ဖြတ်ရမည်။ အကယ်၍အရင်း ပိုင်း၌အခေါင်းရှိခဲ့လျှင်–ပထမအရင်းပိုင်းတွင် အခေါင်းအားလုံးပါရှိအောင်ဖြတ်ရမည်။
(၆) အောင်လုံဖြောင့်တန်းစွာရှိ၍ကောင်းသောအတန်းစားရှိသောသစ်ကိုထုတ်ယူနိုင်သလောက်အရှည်ဆုံးယူဖြတ်ရမည်။

## ၈။ ကျွန်းမှတစ်ပါး သစ်မာလုပ်ကိုင်သည့် ကုန်သည်များလုပ်သော သစ်ကွက်များကိုစစ်ဆေးခြင်း။

ရောင်းဝယ်ဖောက်ကားရန် သစ်ထုတ်လုပ်ယူခြင်းစာချုပ်အခွင့်ပြုစာသို့မဟုတ် လိုင်စင်အရလုပ်ကိုင်ရပေမည်။မြို့နယ်သစ်တောတာဝန်ခံနှင့်သစ်ထုတ်ခြင်းအလုပ်ကို စစ်ဆေးသောတာဝန်ခံများသည် မိမိနယ်အတွင်း သစ်လုပ်ကိုင်ရန်ထုတ်ပေးထားသောစာချုပ်အခွင့်ပြုစာ သို့မဟုတ်လိုင်စင်များတွင်ပါရှိသောစည်းကမ်းချက်အပိုဒ်များကိုတမျိုးစီအတွက်သေချာစွာသိရှိနားလည်ထားရမည်။ ၄င်းစည်းကမ်းချက်များကိုကျူးလွန်လျှင်သစ်တော ပြစ်မှုကဲ့သို့ အရေးယူရမည်။

(က) ရောင်းဝယ်ဖောက်ကားရန် သစ်ထုတ်ယူခြင်းအလုပ်များ၌ အောက်ပါစည်းမျဉ်းများကိုလိုက်နာရမည်။

(၁) တံဆိပ်ရိုက်မှတ်မထားသောအပင်များကို လိုင်စင်အရ ခုတ်လှဲခွင့်ရသည့်အခါ လိုင်စင်တွင်သတ်မှတ်ထားသည့် အငယ်ဆုံးလုံးပတ်ထက်ငယ်သော အပင်များကိုမလှဲရ။တံဆိပ်ရိုက်မှတ်ပြီးသော အပင်များကိုသာခုတ်ယူခွင့်ပြုလျှင် တံဆိပ်မရိုက်သောအပင်များကိုမခုတ်လှဲရ။

(၂) သစ်လုံးများနှင့်သစ်ငုတ်များကို အထူးခွင့်ပြုခြင်းရရှိထားသည့်စာချုပ်များမှတပါး (၂၄)နာရီအတွင်းသစ်ကုန်သည်၏ကိုယ်ပိုင်တံဆိပ်ဖြင့်ထင်ရှားစွာရိုက်မှတ်ရမည်။ ငုတ်နှင့်သစ်လုံးပေါ်တွင်ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ထား

ခြင်းမပြီးမီ၊ ငုတ်ရင်းမှသစ်လုံးများကိုမရွှေ့ပြောင်းရ။

(၃) အောင်လုံသောသစ်များကို မြေနှင့်ကပ်နိုင်သမျှကပ်၍လှဲရမည်။ ပင်ထောင်တံဆိပ်ရိုက် မှတ်ထားသောအပင်များကိုလှဲရာတွင်အောက်မှန်ထစ်ပေါ်ရှိပင်ထောင်တံဆိပ်နှင့်ဦးရေ နံပါတ်စဉ်များကျန်ရှိစေရမည်။ ငုတ်မြင့်အတွက် စည်းကမ်းချက်များမထားသောအခါ မြေမှ(၂)ပေထက်ပို၍ မမြင့်စေရ။

(၄) သစ်တစ်ပင်သည်အောင်လုံပါက၊ ရောင်းတန်းဝင်သောသစ်အားလုံးကို ထုတ်ယူရမည်။ စာချုပ်၌ဖြစ်စေ၊ခွင့်ပြုစာ(သို့)လိုင်စင်၌ဖြစ်စေ၊အထူးဖော်ပြခြင်းမရှိခဲ့လျှင် အငယ်ဆုံးရော၊ ရောင်းတန်းဝင်မည့် သစ်အတိုင်းအထွာကို ခရိုင်သစ်တောတာဝန်ခံက ဆုံးဖြတ်ကန့်သတ်ပေးရမည်။အောင်လုံသောသစ်ဖျားများကိုပယ်ဖြတ်၍၊ချန်လှပ်ထားခြင်းများမကြာခဏတွေ့ရှိရသည်။ ဤအပိုင်းများသည် အငယ်ဆုံးရောင်းတန်းဝင်သစ်ထက်ငယ်သော်လည်း၎င်းတို့ကို မပယ်ဘဲဖြတ်ပြီးသောသစ်များနှင့် ၎င်းတို့ကိုပါယူရမည်။

(၅) လိုင်စင်အရလုပ်ကိုင်သော သစ်ကုန်သည်များသည် လိုင်စင်တွင်ခွင့်ပြုသည်ထက် ပို၍သစ်ကိုမလှဲရ။ ပိုလှဲသောသစ်များအတွက် လိုင်စင်အသစ်ထပ်မံ၍ယူရန် သတိပြုရမည်။

(၆) သစ်လှဲရာတွင် အခြားသစ်ပင်များနှင့်ပေါက်ရောက်သောအပင်များကို ပျက်စီးထိခိုက်ခြင်း မရှိရန်တတ်နိုင်သလောက်ဂရုစိုက်ရမည်။ အထက်ပါစည်းမျဉ်းများကို မလိုက်နာဘဲ ကျူးလွန်ခဲ့ပါလျှင် သစ်တောပြစ်မှုကဲ့သို့အရေး ယူရန်ဖြစ်သည်။

(၇) လိုင်စင်များနှင့်မသက်ဆိုင်သော သစ်လုံးဟောင်းများကိုမည်ကဲ့သို့စီမံခန့်ခွဲသင့်ကြောင်း ဖော်ပြချက်များကို မြို့နယ်သစ်တောဌာနတာဝန်ခံက ခရိုင်သစ်တောဌာနတာဝန်ခံသို့ အစီရင်ခံရမည်ဖြစ်သည်။

(၈) ကိုယ်ပိုင်တံဆိပ်ရှင်သည် မိမိကိုယ်ပိုင်တံဆိပ်ကိုင်ဆောင်ခွင့်လိုင်စင်ကို မိမိထံ၌ရှိစေရမည်။ ကိုယ်ပိုင်တံဆိပ်ကို မိမိ၏ကိုယ်စားလှယ် အငှါးလုပ်သားတယောက်ယောက် အသုံးပြုလျှင်တံဆိပ်ရှင်က လက်မှတ်ထိုး၍ခွင့်ပြုသည့်စာကို မိမိထံ၌ရှိစေရမည်။ လိုင်စင်သို့မဟုတ် ခွင့်ပြုစာကို ထုတ်၍မပြနိုင်က၊ သို့မဟုတ်မပြခဲ့လျှင် သစ်တောပြစ်မှုကဲ့သို့အရေးယူရမည်။

## ၉။ ကျွန်းသစ်လုပ်ကိုင်သောကုန်သည်များ၏အကွက်ကိုစစ်ဆေးခြင်း။

စာချုပ်စည်းကမ်းချက်များအရ၊ အောက်ပါအချက်များကိုတားမြစ်ထားသည့်အလျောက် ၎င်းစည်းကမ်းချက်တခုခုကို ကျူးလွန်ခြင်းရှိခဲ့လျှင် စာချုပ်လုပ်ကိုင်ခွင့်ရရှိသောကုန်သည်အား သစ်တောမှုကဲ့သို့အရေးယူဆောင်ရွက်စေရမည်။

(၁) မည်သည့်ကျွန်းပင်ကိုမဆိုခုတ်လှဲရာတွင် အောက်ပါအချက်များနှင့်ညီညွတ်ခြင်းရှိစေရမည်။
(က)သင်းသတ်ပြီး(၃)နှစ်ကျော်လွန်၍ အစိုးရ၏သင်းသတ်တံဆိပ်ရိုက်ခတ်ပါရှိသော ကျွန်းပင်များ၊ (သို့)
(ခ) ဓမ္မတာအလျောက်သေသော ကျွန်းပင်များ။(သို့)
(ဂ) အစိုးရကခုတ်လှဲရန် သင်းသတ်တာဝန်ခံက တံဆိပ်ဖြင့်ရိုက်မှတ်ထားသောအပင်များသို့မဟုတ်ခရိုင်သစ်တော တာဝန်ခံကအထူးညွှန်ကြားချက်ဖြင့် လှဲရန်ခွင့်ပြုသောအပင်များ။

(၂) လှဲသောနေရာမှတပါး အခြားအရပ်များ၌ သစ်ကိုပိုင်းဖြတ်ခြင်းကိုမပြုလုပ်ရ။ ငုတ်ရင်းမှဆွဲထုတ်ယူပြီးသည့်သစ်တစ်လုံးကို ထပ်၍နှစ်ပိုင်းဖြတ်ခြင်း သို့မဟုတ် မကြိုက်သောအပိုင်းပယ်ဖြတ်ခြင်းများ မပြုရ။ သို့ရာတွင်

အထူးသဖြင့် စက်ကရိယာအင်အားကိုအသုံးပြု၍ သစ်ထုတ်ယူသောအခါနှင့် ခရိုင်သစ်တောတာဝန်ခံက၊ သစ်တစ်ပင်လုံးကို သစ်မျှောကမ်းအရောက် ပိုင်းဖြတ်ရန်ခွင့်ပြုသောအခါ ဤအပိုဒ်အရတားမြစ်ခြင်းမရှိပေ။

(၃) ကျွန်းစိုတုံးများကို စာချုပ်နှင့်လုပ်ကိုင်ခွင့်ရှိသောကုန်သည် အထူးတံဆိပ်ဖြင့် မရိုက်မီဒုတ်ရင်းမှ ထုတ်ယူခြင်းမပြုရ။ ဤသစ်တုံးများကို ခရိုင်သစ်တောတာဝန်ခံက စုပုံရန်အတွက် သီးသန့်ရွေးချယ်သောနေရာတွင်စုပုံထားရမည်။

(၄) ရောင်းတန်းဝင်သောအသားကို ဒုတ်တွင်မကျန်စေရ။

(၅) သစ်ပင်များကိုပေါ့လျော့စွာလှဲခြင်းအားဖြင့် အခြားရောင်းတန်းဝင်သစ်အမျိုးများကို ပျက်စီးချို့ယွင်း ခြင်းမရှိစေရ။

(၆) အသားပိုထွက်သောအသားကိုပယ်ရန်နှင့် သစ်ဆွဲနိုင်ရန်သစ်၏ထိပ်ကိုခုတ်ခြင်းမှတပါး သစ်လုံးများကိုခွဲစိပ်ခြင်းနှင့် ပိုင်းဖြတ်ခြင်းများမပြုလုပ်ရ။ ၎င်းကိုဒုတ်ရင်း၌ပြုလုပ်ရမည်။

(၇) သစ်လုံးများကို မီးလောင်ပျက်စီးခြင်းမရှိစေရ။မီးလောင်ပျက်စီးခြင်းရှိလျှင်စာချုပ်လုပ်ကိုင်သူ၏ တာဝန်ဖြစ်သဖြင့် မီးလောင်သည့်သစ်လုံးများတစ်လုံးစီအတွက် ငွေဒဏ်အဖြစ်ခံထိုက်သင့်စေရန်။ မြို့နယ်သစ်တောတာဝန်ခံများသည် မီးလောင်ပျက်စီးသည့်သစ်များကို ကိုယ်တိုင်ကြည့်ရှုစစ်ဆေးရမည်။ ဤကဲ့သို့စစ်ဆေးပြီးမှသာငွေဒဏ်အပြစ်ပေးနိုင်မည်။

(၈) စာချုပ်၏စည်းကမ်းချက်တွင် သတ်မှတ်ထားသည့် အနည်းဆုံးကုဗပေထက် အသားများသောရောင်းတန်းဝင်သစ်လုံးကို ချန်၍မထားရ။

(၉) သစ်လုံးကိုပိုင်းဖြတ်ရာတွင် ရောင်းတန်းဝင်သစ်ကို ဖြုန်းတီးခြင်းမရှိစေရ။

(၁၀)သစ်ပင်လှဲပြီးသည့်နေ့မှ(၁၅)ရက်အတွင်း သစ်လုံးပေါ်နှင့်ဒုတ်ပေါ်တွင်ကိုယ်ပိုင်တံဆိပ်ကို ထင်ရှားစွာမရိုက်ဘဲမရှိစေရ၊ ဒုတ်နှင့်သစ်လုံးပေါ်တွင် ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်၍မပြီးမီ သစ်လုံးများကိုဒုတ်ရင်းမှ ရွှေ့ပြောင်းခြင်းမပြုရ။

(၁၁)မိမိတို့၏ကိုယ်စားလှယ်လုပ်သား သို့မဟုတ်ဆင်များ၊ ကျွဲများတို့သည် အစိုးရစိုက်ခင်းကို မဖျက်ဆီးစေရ။ သစ်ထုတ်လုပ်သောမည်သည့်သစ်ကုန်သည်များမဆိုအထက်ပါစည်းမျဉ်းများအပြင် အထက်ပါဖော်ပြထားသောအပိုဒ်(၇)စည်းမျဉ်းများကိုလည်း လိုက်နာဆောင်ရွက်သွားရပေမည်။

## မှတ်ချက် –

ကျွန်းသစ်ပြုလုပ်သော ကုန်သည်ကြီးများသည် စာချုပ်ကိုလက်ခံရရှိသည်နှင့် စရံငွေသစ်အခွန်တော တစ်ဝက်ကြိုတင်ပေးသွင်းထားရမည်။သစ်မာလုပ်ကိုင်သောသစ်ကုန်သည်များသည်စရံငွေသစ်အခွန်တော်သုံးပုံတပုံကြိုတင်ပေးသွင်းထားရမည်။ ထိုငွေများကို သစ်ထုတ်လုပ်တိုင်းထွာပြီးသည့်အခါ ခုနှိမ်ပေးမည်ဖြစ်သည့်အပြင် ပြစ်မှုများကျူးလွန်ပါကလည်း ထိုငွေနှင့်ဒဏ်ငွေပေးဆောင်စေရမည်။

## ၁၀။ သစ်တောပြစ်မှုများ။

(၁) သစ်တောပြစ်မှုများကိုဖမ်းဆီးအရေးယူစုံစမ်းစစ်ဆေးပြီး မြန်နိုင်သ၍မြန်မြန် ဆုံးဖြတ်ပြီးစီးရန်အရေးကြီးဆုံးဖြစ်လေသည်။ မည်သည့်သစ်တောအမှုထမ်းအရာထမ်းမဆို သစ်တောပြစ်မှုတစုံတရာကိုတွေ့ရှိခဲ့သော်သတ်မှတ်ထားသည့်ပုံစံအရ၊ မြို့နယ်သစ်တောတာဝန်ခံမှူးထံသို့(၃)ရက်အတွင်း အစီရင်ခံရမည်။သစ်တောပြစ်မှုများ

စုံစမ်းစစ်ဆေးရန်အတွက် မြို့နယ်သစ်တောတာဝန်ခံမှူးက တာဝန်ယူစစ်ဆေးပြီးလျှင်ခရိုင်သစ်တောတာဝန်ခံမှူးထံသို့ ရနိုင်သမျှသောသက်သေခံများနှင့်တကွ အမှုတွဲများပြည့်ပြည့်စုံစုံ အစီရင်ခံစာတင်ရမည်။

(၂) သစ်တောမှုများကို အပြီးသတ်စုံစမ်းစစ်ဆေးရာတွင် မြို့နယ်သစ်တောတာဝန်ခံသို့မဟုတ် အမှုစုံစမ်းစစ်ဆေးရန် အထူးညွှန်ကြားချက်ရရှိထားသော အခြားသောအောက်ခြေအမှုထမ်းများသည် အောက်ပါအတိုင်းလိုက်နာ၍၊

(က) အမှုဖြစ်ပွါးသောနေရာသို့ သွားရောက်ကြည့်ရှုထားပြီး ဖမ်းဆီးထားသောပစ္စည်းအရပ်ရပ်တို့ကို စစ်ဆေးရမည်။

(ခ) တရားခံ၏စစ်ချက်ကို ရေးမှတ်ယူရမည်။

(ဂ) တရားခံကဖြောင့်ချက်မပေးပါလျှင် အမှုနှင့်ပတ်သက်၍ တစုံတရာသိရန်အကြောင်းရှိသော် သက်သေများကို တရားခံဘက်ကလိုက်သည်ဖြစ်စေ စစ်ချက်ယူ၍ရေးမှတ်ရမည်။

(ဃ)အထက်ပါဝတ္တရားများကိုဆောင်ရွက်ပြီးကြောင်း သက်သေခံလက်မှတ်တစ်ခုရေးထိုးရမည်။ တတ်နိုင်သည့်အခါတိုင်းစစ်ချက်များအပေါ်တွင် အမှုနှင့်ကင်းသည့် ရွာသူကြီးများသို့မဟုတ် အရပ်လူကြီးရှေ့မှောက်တွင် စစ်ဆေးမှတ်သားယူပြီးလျှင် ၎င်းလူကြီးများအားစစ်ဆေးချက်များအပေါ်တွင် အမှုစစ်ဆေးရာ၌ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးစေရမည်။

(င) သစ်ပင်များကို ပေ့ါလျော့စွာခုတ်လှဲသည့်အတွက် သစ်ပင်များကိုဖျက်ဆီးကြောင်း အစီရင်ခံသောအခါ ပျက်စီးသွားသောသစ်ပင်များသည်အောင်လုံကောင်းမွန်သောအပင်များဖြစ်သည်မဖြစ်သည်ကိုသေချာစွာဖေါ်ပြရမည်။

(၃) သစ်တောအလုပ်တစ်ခုနှင့်ပတ်သက်ပြီး တာဝန်ရှိသောအလုပ်ပိုင်ရှင်မှာ မိမိအလုပ်ကိုကြီးကြပ်အုပ်ချုပ်နေသောကိုယ်စားလှယ်ရှိ၍၊ အလုပ်ခွင်အတွင်း သစ်တောပြစ်မှုတစုံတရာဖြစ်ပေါ်သောအခါ အလုပ်ပိုင်ရှင်သာလျှင်တရားခံဟုယူဆရသည်။

(၄) သစ်တောပြစ်မှုကို ပြေငြိမ်းခြင်း။

(က)သစ်တောပြစ်မှု ပြေငြိမ်းရန်စည်းမျဉ်းများ။

(၁) သစ်တောပြစ်မှုတစ်ခုသည် ပထမအစီရင်ခံစာနေ့မတိုင်မီ(၃)လထက် ကျော်လွန်သည့်နေ့ရက်က ဖြစ်ပွါးကျူးလွန်သည်ဟုအဆိုရှိလျှင် ပြေငြိမ်းခွင့်အာဏာရှိသည့် သစ်တောတာဝန်ခံတစ်ဦးဦးက ကိုယ်တိုင်စစ်ဆေးမေးမြန်းခြင်းမရှိဘဲ၊ပြေငြိမ်းခွင့်မရှိစေရ။

(၂) အစီရင်ခံသည့်မြို့နယ်သစ်တောတာဝန်ခံတဦးဦးသည်သစ်တောပြစ်မှုအကြောင်းအရာကို မိမိကြားသိရသည့်နေ့မှ(၇)ရက်အတွင်း ပထမအစီရင်ခံစာကိုတင်သွင်းရမည်။ သတင်းထပ်မံပေါ်ပေါက်ရရှိပြန်ရင်လည်း သိရသည့်တပြိုင်နက်နောက်ထပ်အစီရင်ခံစာကို ခရိုင်သစ်တောတာဝန်ခံသို့ပို့ရမည်။တရားစွဲဆိုရမည့်အမှုများ ဖြစ်ကခရိုင်သစ်တောတာဝန်ခံက မြို့နယ်သစ်တောတာဝန်ခံသို့တရားရုံးသို့ တရားရုံးစွဲဆိုရန်ညွှန်ကြားရမည်။

(၃) သစ်တောပြစ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းရာ၌လာရောက်ရန်ဖြစ်စေ၊လျော်ကြေးငွေလာရောက်ပေးဆောင်ရန်ဖြစ်စေဆင့်ခေါ်သောအခါများကိုမြို့နယ်သစ်တောတာဝန်ခံနှင့်ခရိုင်သစ်တောတာဝန်ခံမှူးကသစ်တောပြစ်မှုများကိုစုံစမ်းရန်အထူးအခွင့်အရေးအပ်နှင်းထားသောအောက်ခြေသစ်တောအမှုထမ်းများသာထုတ်ပေးနိုင်သည်။

(၄) လျော်ကြေးငွေကိုဆုံးဖြတ်ရာတွင် မြို့နယ်သစ်တောတာဝန်ခံမှူးသည် လျော်ကြေးငွေ(၂၅၀၀၀)ကျပ်အထိ၊

ခရိုင်သစ်တောတာဝန်ခံသည် လျော်ကြေးငွေ(၅၀၀၀၀)ကျပ်အထိ၊တောင်းဆိုနိုင်သည်။ထိုထက်ကြီးလေးသော အမှုများကို ဗဟိုသစ်တောတာဝန်ခံရုံးသို့ အမှုတွဲနှင့်တကွအစီရင်ခံစာကိုပါ ပေးပို့ရမည်။

(၅) သစ်တောပြစ်မှုကိုဆုံးဖြတ်ရာတွင် သစ်တောထွက်ပစ္စည်းတန်ဘိုးနှင့် လျော်ကြေးငွေကိုပါတောင်းခံရမည်။ဥပမာ သစ်တစ်တန်၏တန်ဖိုးကတစ်တန်(၂၀၀)ကျပ်နှင့်လျော်ကြေးငွေ(၂၅၀)ကျပ်စုစုပေါင်း (၄၅၀)ကျပ်ဖြစ်သည်။တရားခံသည်ထိုဆုံးဖြတ်ချက်ကိုမနာခံပါက၊၎င်းကို သက်သေခံစာတွင်လက်မှတ်ထိုးပြီး တရားရုံးသို့တရားစွဲဆိုရမည်။

(၆) တရားခံကသစ်တောဌာနမှပေးသောအပြစ်ကိုနာခံပြီးလျော်ကြေးငွေများကိုပေးဆောင်ခဲ့လျှင် ပြေစာလက်မှတ်ကို မြို့နယ်သစ်တောတာဝန်ခံက လက်မှတ်ရေးထိုးပြီး၊ တရားခံအားပေး၍ ဖမ်းဆီးရာပါပစ္စည်းများကို ပြန်လည်ပေးအပ်ရမည်။

(ခ) တရားခံမပေါ်သောအမှုများနှင့်ပတ်သက်၍ ဖမ်းဆီးထားသော သစ်တောထွက်ပစ္စည်းများကို ခရိုင်သစ်တောတာဝန်ခံ၏ ညွှန်ကြားချက်အတိုင်း မြို့နယ်သစ်တောတာဝန်ခံကခန့်ခွဲရမည်။

(ဂ) တခါတရံမိမိနာမည်ကိုလိမ်ပြော၍ ထွက်ပြေးတိမ်းရှောင်မည့်လက္ခဏာရှိသောတရားခံကိုဖမ်းဆီးရန်လိုလိမ့်မည်။ ကျူးလွန်သောပြစ်မှုသည် ကြီးကျယ်မှသာလျှင် အမှုကျူးလွန်ရာ၌အသုံးပြုသောလှည်း၊နွားစသည်တို့နှင့်တန်ဆာပလာများကိုပါဖမ်းဆီးထားရမည်။ဤကဲ့သို့တရားခံကိုဖမ်းဆီးရသောအခါတွင် အနီးဆုံးတရားသူကြီးထံသို့ မပျက်မကွက်ဘဲချက်ချင်းအစီရင်ခံရမည်။ ဖမ်းဆီးသောတရားခံကိုပြည်စောင့်ရဲ(ဟာကီၢ်-KNPF)ဌာနသို့ပို့အပ်ရမည်။

(ဃ)တရားရုံးသို့တရားစွဲဆိုသောအမှုနှင့်ပတ်သက်၍ တရားခံသည် တရားသေလွှတ်သည်ဖြစ်စေ၊တရားရှင်လွှတ်သည်ဖြစ်စေအမှုနှင့်ပတ်သက်၍ ဖမ်းဆီးထားသောသစ် အခြားသစ်တောထွက်ပစ္စည်း၊လှည်း၊နွား၊တန်ဆာပလာအဝဝတို့ကို မည်ကဲ့သို့ခန့်ခွဲရမည့်အကြောင်းကို တရားသူကြီးထံမှ ညွှန်ကြားစာကို တောင်းယူရမည်။

(င) မြို့နယ်သစ်တောတာဝန်ခံတိုင်း၌ သစ်တောပြစ်မှုစာရင်း၊ဖမ်းဆီးထိန်းသိမ်းထားသောသစ်တောထွက်ပစ္စည်းနှင့် အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်းထားသောပစ္စည်စာရင်းနှင့် သစ်လေသစ်လွင့်စာရင်းများကိုထားရှိရမည့်အပြင် သစ်တောပြစ်မှုနံပါတ်စဉ်ကိုပါထားရှိရမည်။

**မှတ်ချက်။** (၁) သစ်လေသစ်လွင့်ဆိုသည်မှာ ပိုင်ရှင်မရှိသော သစ်ကိုဆိုလိုသည်။

(၂) စာရင်းပုံစံကို ဗဟိုသစ်တောဌာနတာဝန်ခံရုံးမှ သီးသန့်ညွှန်ကြားသွားမည်။

(၃) ကြော်ငြာ၍ပိတ်ပင်ထားသော ဧရိယာများသစ်မျိုးများတို့နှင့်ပတ်သက်သောသစ်တောပြစ်မှုများဧရိယာအကွက်တစ်ခုခုအတွင်း သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို တားမြစ်ပိတ်ပင်သည်။

ဤကဲ့သို့ကြော်ငြာ၍ပိတ်လေ့ရှိသောကြော်ငြာမျိုးမှာချောင်းဘေးတစ်လျှောက်နှင့်လမ်းဘေးတစ်လျှောက်ရှိသစ်ပင်များကိုအရိပ်အတွက်မခုတ်လှဲရန်ဖြစ်သည်။ဤကဲ့သို့သောကြော်ငြာမျိုးများကို မိမိနယ်နှင့်သက်ဆိုင်သောသစ်စာရင်းပြုလုပ်ပြီးကြော်ငြာ၍ မြို့နယ်သစ်တောရုံးတွင်လည်း ရှိစေရမည်။

# အခန်း(၃)
# အထွေထွေလုပ်ငန်းများ၊

## ၁။ သစ်တောထွက်ပစ္စည်းများကိုတိုင်းထွာခြင်းနှင့်တံဆိပ်ရိုက်ခြင်း။

(က)အမြန်တံဆိပ်ရိုက်ပေးခြင်း – လိုင်စင်များအရထုတ်လုပ်ထုတ်ယူသော သစ်ကုန်သည်ကိုယ်ပိုင်တံဆိပ် ရိုက်နိုပ်ပေးရမည်။ဌတ်ရင်း၌တံဆိပ်ရိုက်ခတ်ရမည့်သစ်များကိုလှဲပြီးလျှင် ပြီးခြင်းရိုက်ခတ်ရန်အထူးဂရုပြုရမည်။ ခွင့်ပြုထားသောသစ်တိုင်းရန်စခန်းသို့ရောက်မှတံဆိပ်ရိုက်ရန်ဖြစ်လျှင် သစ်များ၄င်းနေရာသို့ရောက်လျှင် ရောက်ခြင်းအမြန်တံဆိပ်ရိုက်ပေးရမည်။

(ခ) တံဆိပ်မရိုက်မီစစ်ဆေးခြင်း – အခွန်တော်အတွက်သစ်များကို တံဆိပ်မရိုက်ခတ်မီ အောက်ပါအချက်များနှင့် ညီညွတ်သည် မညီညွတ်သည်ကို သေချာစွာစစ်ဆေးရမည်။

(၁) သစ်ဖေါင်တွင်တိုင်းရသောသစ်ဖြစ်လျှင် ၄င်းသစ်များတွင်ရိုက်ခတ်ထားသော သစ်ကုန်သည် ကိုယ်ပိုင်တံဆိပ်များကို တံဆိပ်ရိုက်ခတ်ရမည့်တာဝန်ခံက လွယ်ကူစွာမြင်နိုင်စေရန် သစ်များကိုချည်နှောင်တွဲထားခြင်း။

(၂) သစ်လုံးရေ(သို့)သစ်လုံးများ၏ ကုဗပေသည်ထုတ်ပေးသော လိုင်စင်တွင်ပါရှိသည့် အရေအတွက်သို့မဟုတ် ကုဗပေထက်မပိုစေခြင်း၊တန်အရတိုင်းထွာသစ်များ၌ ပိုမို၍ထုတ်ယူသောသစ်များ၏တန်မှာ လိုင်စင်တွင်ပါရှိသည်ထက် ၁၀%ထက် မပိုလျှင်၄င်းပိုသည့်တန်အတွက် အခွန်တော်ပေးဆောင်ပြီးသောအခါသစ်များကို တံဆိပ်ရိုက်၍ ခွင့်ပြုနိုင်သည်။

(၃) သစ်များတွင် လိုင်စင်၏ကိုယ်ပိုင်တံဆိပ်ပါရှိရမည်။

(၄) သစ်များတွင် ကိုယ်ပိုင်တံဆိပ်တစ်မျိုးထက်ပို၍ မရှိစေရ။ ၄င်းပြင်တံဆိပ်ရိုက်ခတ်ရာများကိုလည်း ခုတ်ဖျက်ပုံအသွင်ပျက်အောင် လုပ်သည့်အမှတ်အသားမရှိစေရ။

(၅) ဖမ်းတံဆိပ်ရိုက်ခတ်ထားသောသစ်များတွင် လွှတ်တံဆိပ်ရိုက်ခတ်ပါရှိစေရမည်။

(၆) ဌတ်ရင်း၌ အကောက်တံဆိပ်ရိုက်သောအခါ ရောင်းတန်းဝင်သောသစ်များကိုဖြုန်းတီးခြင်းနှင့်ပယ်ပစ်ခြင်း မရှိရမည့်အပြင်လိုင်စင်စာချုပ်စည်းကမ်းချက်ကိုကျူးလွန်၍ခုတ်လှဲခြင်း၊ခုတ်လှဲရာတွင်လည်းကောင်း၊ခုတ်လှဲသောအပင်ကိုသော်လည်းကောင်း အခြားအဖိုးတန်သောသစ်ပင်စသည်တို့ကို မပျက်စီးသင့်ဘဲ ပျက်စီးစေရ။

(၇) အထက်ပါစည်းကမ်းချက်များနှင့် မညီညွတ်၍ပျက်ကွက်ခဲ့လျှင်သစ်ပင်များကို ဖမ်းတံဆိပ်ရိုက်ခတ်၍ဆိုင်းငံ့ထားပြီးလျှင် ခရိုင်သစ်တောတာဝန်ခံထံအစီရင်ခံရမည်။ သို့သော်သေးငယ်သောပြစ်မှုကျူးလွန်ပါလျှင်သစ်ကုန်သည်ကမြို့နယ်သစ်တောတာဝန်ခံမှုးရုံးမှတဆင့် ခရိုင်သစ်တောတာဝန်ခံမှူးသို့ပေးမည့်လျော်ကြေးငွေကို ဆောင်ပါမည်ဟု စာဖြင့်သဘောတူချက်ပေးလျှင်သစ်များကိုယူဆောင်နိုင်ရန်ခွင့်ပြုလိုက်ရမည်။

(ဂ) သစ်အလျားနှင့်လုံးပတ်တိုင်းခြင်း – သစ်လုံးများကို တိုင်းသောအခါအလျားရှိသ၍ တစ်ဖက်အစွန်းများမှ တစ်ဖက်အစွန်းများအထိ အနီးဆုံးပေအရှည်ကိုယူရမည်။ဥပမာ–၁၈ပေ၊၆လက်မ ထက်နည်းလျှင်၁၈ပေကိုယူရမည်။သို့သော်အလျား၁၈ပေ၆လက်မ အထိရှိသောသစ်ကို၁၉ပေဟုယူရမည်။ နဖါးချန်လပ်၍မတိုင်းရချေ။ လုံးပတ်ကိုသစ်၏ခါးလယ်တွင်တိုင်း၍ အနည်းဆုံးလက်မအထိယူရမည်။ ဥပမာ–လုံးပတ်၅ပေ၃၅လက်မနှင့် ၅ပေ

၄၃လက်မ အတွင်းရှိသစ်ကို ၅ပေ၄လက်မ ယူရမည်။၄င်းအပြင် ၅ပေ ၄၃လက်မမှ ၅ပေ၅လက်မအထိရှိသောသစ်ကို ၅ပေ၅လက်မ ယူရမည်။

(ဃ)လှေလုံးတိုင်းနည်း – လှေလုံးများကိုအခွန်တော်ပေးဆောင်စေရန်တိုင်းထွာသောအခါတွင် ၄င်းအရှည်၏ခါးလယ်လုံးပတ်တွင်တိုင်းရမည်။ ရသောလုံးပတ်တွင် တစ်ပေလျှင်(၃)လက်မကျ ထပ်၍ပေါင်းထည့်ရမည်။

(င) တိုင်းပြီး၍အခွင့်ပြုသည့်သစ်များကိုအောက်နဖါးနားရှိမှန်ထစ်ပေါ်တွင်ဦးရေနံပါတ်စဉ်ကိုရိုက်ခတ်ရမည်။သို့တည်းမဟုတ်သစ်လုံးထိပ်နှစ်ဖက်တွင်နံပါတ်တန်းစီထိုး၍ရိုက်ရမည်။ အသုံးပြုနေသောအကောက်တံဆိပ်သည်အသစ်မပြောင်းမည်ကာလပတ်လုံးဦးရေနံပါတ်စဉ်ကိုအစဉ်အတိုင်းဆက်လက်၍ရိုက်မည်။အကောက်တံဆိပ်အသစ်ပြောင်းလဲမှသာဦးရေနံပါတ်စဉ်ကိုနံပါတ်(၁)ကပြန်စရိုက်ရမည်။ အကောက်တံဆိပ်ရိုက်သော သစ်များအတွက်နံပါတ်စဉ်တစ်ခုထား၍၊ အခွန်တော်လွတ်တံဆိပ်ရိုက်သစ်များအတွက် နံပါတ်စဉ်တစ်ခုစီသီးသန့်ရိုက်မှတ်ရမည်။

## ၂။ လိုင်စင်ထုတ်ပေးခြင်းစစ်ဆေးခြင်းစာချုပ်စာတမ်းလိုင်စင်လက်မှတ်များကိုသိမ်းစည်းစုဆောင်းခြင်း။

(က) အားလုံးသောစာချုပ်စာတမ်း လက်မှတ်များတို့တွင် မှင်နှင့်ရေးသွင်းရမည်။မှင်ဖျက်ခဲနှင့်ဖျက်ခြင်းကို ကျပ်တည်းစွာတားမြစ်ထားသည်။ အမှားကိုပြင်လျှင် လက်မှတ်ရေးထိုး၍ ပြင်ရမည်။

**(ခ) ပြေစာများ။**

(၁) ပြေစာထုတ်ပေးခြင်း – အခွန်တော်ငွေထမ်းဆောင်ပြီးသောသစ်များအတွက်ပြေစာထုတ်ပေးရမည်။ ၄င်းပြေစာကိုရရှိသောအခါဆိုင်ရာသစ်များသည် လိုင်စင်ရှင်မဟုတ်ဘဲ ကန်ထရိုက်များပိုင်ပစ္စည်းအဖြစ်သို့ရောက်လေသည်။အခွန်တော်ငွေကိုကြိုတင်ထမ်းဆောင်ရသောလိုင်စင်များအတွက်ဖြစ်စေ သို့မဟုတ် ကန်ထရိုက်စာချုပ်များနှင့်ပတ်သက်သောအခါ၄င်းအတွက် ထမ်းဆောင်ရန်ဖြစ်သောအခွန်တော်ငွေသည်တင်သွင်းထားသောအာမခံငွေနှင့်ကျေလျှင် ပြေစာကိုထုတ်ပေးရမည်။ အခြားလိုင်စင်များတွင် ထမ်းဆောင်သင့်သည့် အခွန်တော်ငွေလက်ငင်းရသောအခါဖြစ်စေ၊ ငွေသွင်းပြီးချာလံကိုရသောအခါဖြစ်စေ၊ ၄င်းပြေစာကိုထုတ်ပေးရမည်။

(၂) ပြေစာကိုမည်ကဲ့သို့ထုတ်ပေးခြင်း – လိုင်စင်ရှင်ကိုဖြစ်စေ၊သစ်ပင်ထောင်ပုတ်ပြတ်ဝယ်ယူလုပ်ကိုင်သော ကန်ထရိုက်တာကိုဖြစ်စေ၊ပြေစာထုတ်ပြီးသောအခါ တစ်ဦးစီအတွက်ပြေစာတစ်ခုစီကိုသီးသန့်ထုတ်ပေးရမည်။ သို့သော်လည်းသစ်ဖြစ်စေ အခြားသစ်တောထွက်ပစ္စည်းများကိုဖြစ်စေ၊ လူတစ်ဦးတည်းကလိုင်စင်များအရသော်လည်းကောင်း၊ ကန်တရိုက်စာချုပ်များအရသော်လည်းကောင်းထုတ်ယူ၍ တစ်ချိန်တည်းတံဆိပ်ရိုက်၍ ခွင့်ပြုလိုက်သည့်အခါပြေစာတစ်ခုတည်း ခွင့်ပြုနိုင်သည်။ ဤထုတ်ယူခွင့်ပြုသည့်သစ်တောထွက်ပစ္စည်းများ ထုတ်ပေးသောပြေစာတွင်ထုတ်ယူခွင့်ပြုသည့် လိုင်စင်သို့မဟုတ်ကန်ထရိုက် စာချုပ်အသီးသီးတို့၏ ဦးရေနံပါတ်နှင့်နေ့စွဲကိုဖေါ်ပြရမည်။

(၃) ဆိုင်ရာလိုင်စင်တွင်မှတ်သားခြင်း – လိုင်စင်အရထုတ်ယူခွင့်ပြုလိုက်သောသစ်မှအစအခြားဝတ္ထုပစ္စည်းများအရေအတွက်အတိအကျနှင့် ထုတ်ပေးသောပြေစာ၏နံပါတ်နှင့်နေ့စွဲကို ၄င်းလိုင်စင်များကျောဘက်တွင်ရေးထားပြီး လက်မှတ်နှင့်နေ့စွဲကိုရေးရမည်။ လိုင်စင်အရခွင့်ပြုရန် ကျန်ရှိသေးသော အရေအတွက်ကိုလည်းဖေါ်ပြရမည်။

(၄) သစ်များကိုပြေစာနှင့်တိုက်ဆိုင်စစ်ဆေးခြင်း – အခွင့်ရသည့်အခါတိုင်းတတ်နိုင်လျှင် အကောက်ဆောင်ပြီးသောသစ်များကိုသစ်တွင်နံပါတ်စဉ်အတိုင်းအတာနှင့် တံဆိပ်အမှတ်အသားတို့သည် အတိုင်းစာရင်းစာအုပ်ရှိ မူလတိုင်းစာရင်းများနှင့် ကိုက်မကိုက်နှင့်ပြေစာတွင်ပြထားသည့်အတိုင်း ညီမညီတို့ကိုဆိုင်၍စစ်ဆေးရမည်။ နေ့စွဲကိုပြေစာကျောဘက်တွင်ရေး၍၊ လက်မှတ်ရေးထိုးရမည်။ ပြေစာနှင့်မတိုက်ဆိုင်ဘဲ ကွဲလွဲခြင်းတွေ့ရှိလျှင် သစ်များကိုဖမ်းဆီးအရေးယူရမည်။ ကုန်ဆုံးသောလိုင်စင်များကို ဆိုင်ရာသို့ပြန်လည်အပ်နှံရမည်။

## ၃။ မျှောစာများ။

(က)မျှောစာများထုတ်ပေးခြင်းခွင့် – ကျွန်းမှတပါးအခြားသစ်များအတွက်မျှောစာကိုမြို့နယ်သစ်တောတာဝန်ခံမှူးကထုတ်ပေးပိုင်ခွင့်ရှိသည်။ ကျွန်းသစ်များကိုခရိုင်သစ်တောတာဝန်ခံမှူးက ထုတ်ပေးရမည်ဖြစ်သည်။

(ခ) မည်ကဲ့သို့မျှောစာထုတ်ပေးခြင်း – မြစ်လမ်းမှယူဆောင်လာသောတောထွက်ပစ္စည်းများအတွက် အကြိမ်ကြိမ်ဆောင်ကြဉ်းသည့်အတွက်ဖြစ်စေ ဖောင်တစ်ဖောင်အတွက်ဖြစ်စေ၊မျှောစာသီးသန့်ထုတ်ပေးရမည်။ မီးရထားနှင့်ယူဆောင်လာလျှင်သတ်မှတ်ထားသောအရေအတွက်အရ၊မျှောစာတစ်စောင်ကိုထုတ်ပေးပြီး ၄င်းတို့ကိုတစ်ကြိမ်တည်း သို့မဟုတ်အကြိမ် များစွာခွဲ၍ယူဆောင်နိုင်သည်။

(ဂ) မျှောစာတွင်ပါရန်အချက်များ – မျှောစာထိပ်တွင်ဆိုင်ရာပစ္စည်းများတွက် ထုတ်ပေးလိုက်သော ပြေစာများ၏ နံပါတ်၊နေ့စွဲ ၄င်းပြင် ပြေစာတစ်ခုစီ၌ဖော်ပြသော ပစ္စည်းအရေတွက်စသည်တို့ကို ရှင်းလင်းစွာဖော်ပြရမည်။

(ဃ)မျှောစာအရွှေ့ပြောင်းသည့်စာလုံးများတွင်ပါရှိသော ကိုယ်ပိုင်တံဆိပ်များနှင့်အကောက် တံဆိပ်များကိုမျှောစာတွင်ထင်ရှားစွာဖေါ်ရမည်။

(င) မျှောစာဖြတ်ပိုင်းများ – မျှောစာကိုထုတ်ပေးသောသစ်တောဌာနတာဝန်ခံသည်မူလဖြတ်ပိုင်းကိုသစ်ပိုင်ရှင်သို့မဟုတ်၄င်း၏ကိုယ်စားလှယ်သို့ပေးအပ်ပြီး၊တတိယဖြတ်ပိုင်းကိုခရီးလမ်းဆုံရှိ၄င်းပစ္စည်းကိုစစ်ဆေးရန်တာဝန်ရှိသူထံ တိုက်ရိုက်ပို့ပေးရမည်။

(စ) သစ်သို့မဟုတ် အခြားဝတ္တုပစ္စည်းများကို မီးရထားနှင့်ရွှေ့ပြောင်းလျှင်၊ မူလဖြတ်ပိုင်းနှင့် တကွဒုတိယဖြတ်ပိုင်းကိုပါသစ်ပိုင်ရှင်သို့ပေးရမည်။ဒုတိယဖြတ်ပိုင်းကိုမရရှိမီ မည်သည့်ပစ္စည်းကိုမဆိုရထားတွဲသို့တင်ရန်မီးရထားရုံပိုင်အခွင့်မပြုနိုင်။အကယ်၍ဝတ္တုပစ္စည်းသည်မီးရထားနှင့်မရွှေ့ပြောင်းလျှင်ဒုတိယဖြတ်ပိုင်းကိုငွေစာရင်းနှင့်အတူပူးတွဲ၍ပေးပို့ရမည်။

(ဆ)မျှောစာထုတ်ပေးရန်လိုသောပစ္စည်းများ – မျှောစာများမှာအောက်ဖေါ်ပြထားသောတောထွက်ပစ္စည်းမျိုးအတွက်ကိုသာထုတ်ပေးရန်လိုသည်။

၁။ သစ်
၂။ ဝါးနှင့်ကြိမ်
၃။ လမုလမဲ့စသောသစ်ခေါက်
၄။ ရှား
၅။ ချိတ်များဖြစ်သည်။

(ဇ) မျှောစာများမှာပစ္စည်းများ၏ ခရီးလမ်းဆုံးအရပ်အထိ ထုတ်ပေးရမည်။ ပစ္စည်းတင်ပို့သူ၏အမည်နှင့်နေရာကို မျှောစာထိပ်အသီးသီးတွင် ရေးသွင်းရမည်။ ပိုင်ရှင်အမည်မှာ–ပစ္စည်းကိုလက်ခံမည့်သူဖြစ်သည်။ မျှောစာကို ထုတ်ပေးသည့်တာဝန်ခံဌာနရုံးသို့ပြန်ပို့ရမည်။

(ဈ) ရွှေ့ပြောင်းခွင့်အချိန်ကာလ – ခရိုင်သစ်တောတာဝန်ခံ၏ ညွှန်ကြားချက်တစုံတရာ မရရှိဘဲ၊မြို့နယ်သစ်တော တာဝန်ခံမှူးသည် ပစ္စည်းများကိုရွှေ့ပြောင်းခွင့်ပြုသည့်အချိန်မှာ တစ်လထက်ပို၍ မထုတ်ပေးရချေ။

## ၄။ လွှလိုင်စင်များ။

(က) မည်သည့်အတွက်ထုတ်ပေးခြင်း – လွှစင်များကို၊

(၁) ကူးသန်းရောင်းဝယ်ရန် သို့မဟုတ်–

(၂) အခြားလုပ်ငန်းများအတွက် ထုတ်ပေးရန်ဖြစ်သည်။အခြားလုပ်ငန်များအတွက် သစ်ကိုကူးသန်းရောင်း ဝယ်ထုတ်သောလိုင်စင်အရ တိုက်ခွဲသောလွှစင်တွင် မတိုက်ခွဲရပေ။

(ခ) လွှစင်ဆောက်ခြင်း – လွှစင်များကိုရွာအတွင်း၌ဖြစ်စေ၊ရွာစည်းရိုးအပြင်ကိုက်(၁၀၀)အတွင်းဖြစ်စေ၊ဆောက် လုပ်ရမည်။ခရိုင်သစ်တောဌာနတာဝန်ခံ၏ညွှန်ကြားချက်မရဘဲ၊မြစ်မကြီးရေလျှံသည့်အခါရေလွှမ်းမိုးသော နေရာ ၏ကိုက်(၄၀၀)အတွင်း၌လွှစင်ကိုဆောက်လုပ်ရန် အခွင့်မပြုရ။ လိုင်စင်တွင်လွှစင်၏တည်နေရာကို သေချာစွာ ဖေါ်ပြရေးသားရမည်။

(ဂ) လွှစင်များကိုစစ်ဆေးခြင်း – လွှစင်များကိုစစ်ဆေးသည့်အခါလိုင်စင်တွင်ဖေါ်ပြသည့် စည်းကမ်းချက်များနှင့် ညီညွှတ်အောင်စစ်ဆေးရမည်။အကောက်တံဆိပ်မပါသောသစ်များကိုလွှစင်မှကိုက်(၁၀၀)အတွင်း မယူမသွင်း ရချေ။ စည်းကမ်းချက်များကိုကျူးလွန်ပါက၊လွှလိုင်စင်ကို သိမ်းပြီးအရေးယူရမည်။

## ၅။ လွှစက်များ။

ခရိုင်သစ်တောတာဝန်ခံမှူးထံမှ လွှစက်တိုက်ခွဲရန်လိုင်စင်မရရှိပါက အကောက်တင်ပြီးသောသစ် များကိုတိုက်ခွဲခြင်းမပြုရပေ။ လွှစက်လိုင်စင်များကိုလည်း တည်နေရာအပြည့်အစုံကို ရေးမှတ်ထည့်သွင်းရမည်။ လွှစက်တွင် သတ်မှတ်ထားသည့် မှတ်တမ်းတင်စာရင်းအရ၊ သစ်များကိုတိုက်ခွဲသည့် စာရင်းစာအုပ်၌နေ့စဉ် ရေးသား ထားရှိရမည်။ စက်ဝင်းခြံအတွင်းရှိသစ်များကိုစာရင်းစာအုပ်ဖြင့်စစ်ဆေးရမည်။အကောက်တံဆိပ်မပါ သောသစ် လုံးများကို ခရိုင်သစ်တောတာဝန်ခံ၏ညွှန်ကြားချက်မရရှိဘဲ၊စက်ဝင်း၏ကိုက်(၁၀၀) အတွင်းသို့မယူသွင်းရ။

## ၆။ ရှားပင်ခုတ်လုပ်ထုတ်ယူခြင်းနှင့် ချက်ခြင်းများကို စစ်ဆေးခြင်း။

(က)ရှားဖိုများကိုစစ်ဆေးသောအခါ အခြားသစ်ခေါက်မှ ထုတ်ယူရရှိသောအဆီများနှင့်ရောစပ်ချက်ပြုတ်ခြင်းရှိ သည်မရှိသည်ကို ကြည့်ရှုစစ်ဆေးရမည်။ ဤကဲ့သို့ရောစပ်ချက်လုပ်ခြင်းတွေ့ရှိလျှင်သစ်တောပြစ်မှုကဲ့သို့ အရေး ယူရမည်။

(ခ) ရှားဖိုကိုစစ်ဆေးသောအခါ မိမိတို့ရောက်ရှိစစ်ဆေးသောနေ့စွဲကိုလိုင်စင်ကျောဘက်တွင်ရေးမှတ်ပြီး၊ အောက် ပါအချက်များကို စစ်ဆေးရမည်။

(၁) လိုင်စင်များတွင်ရှားဖိုများတည်ဆောက်ရန်စခန်းများကိုသတ်မှတ်လျက်ခွင့်ပြုသည့်အလျှောက်ခရိုင်သစ်တော တာဝန်ခံ၏ အခွင့်မရရှိဘဲ စခန်းကိုရွှေ့ပြောင်းတည်ထောင်ခြင်း မပြုလုပ်ရ။

(၂) လိုင်စင်များတွင်အသုံးပြုရန် ဒယ်အိုးလုံးရေကိုသတ်မှတ်လျှင် ခွင့်ပြုသည့်အလျှောက်ခွင့်ပြုသည့် ဒယ်အိုးလုံးရေ ထက်ပို၍ အသုံးမပြုရ။

(၃) အထူးသဖြင့် ဘိနယ်တာဝန်ခံများသည် ရှားဖိုများနှင့် ရှားပင်များခုတ်လှဲထုတ်ယူသော ဧရိယာများကို မြဲစစ်ဆေး၍၊ ရှားပင်များကို အလဟဿဖြုန်းတီးခြင်းများကို မှတ်သား၍ မြို့နယ် သစ်တောတာဝန်ခံမှူးရုံးသို့ အစီရင်ခံရမည်။

# အခန်း(၄)
# လူထုအခွင့်အရေးများ

## ၁။ ကြိုးပြင်တောများ

(က)မိမိသုံးအတွက်အိမ်ယာဆောက်လုပ်ခြင်း၊ကျွန်းမှတပါးအခြားသောသစ်များကိုမိမိသုံးအိမ်ယာဆောက်လုပ်ရန်အတွက်အခွန်တော်လွတ်(၅)တန်အထိ၊ ခုတ်ပိုင်းဖြတ်ထုတ်ယူခွင့်ရှိသည့်အပြင်(၅)တန်က ကျော်လွန်ခဲ့သော် အခွန်တော်တဝက်နှုန်းပေးဆောင်ရမည်။ မြို့နယ်သစ်တောတာဝန်ခံများသည် တောင်းလျှောက်ဆိုလာသည့် ကျေးရွာသားများအား အောက်ပါစည်းကမ်းချက်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောပြ၍ လိုက်နာစေရ မည်။

(၁) မိမိတို့၏လိုအပ်သောကျွန်းမှတပါး အခြားသောသစ်မျိုးများကို မိမိသုံးရန်အတွက်ရလိုပါကဆိုင်ရာမြို့နယ် သစ်တောတာဝန်ခံရုံးသို့ လျှောက်ထားရမည်။

(၂) မြို့နယ်သစ်တောတာဝန်ခံရုံးမှ အခွင့်စာမရဘဲ မိမိတို့သဘောအတိုင်း ခုတ်လှဲပိုင်းဖြတ်ခုတ်ယူခွင့်မရှိရ။

(၃) ခုတ်ယူပိုင်းဖြတ်ထုတ်ယူခွင့်ရရှိသောသစ်များကို မြို့နယ်သစ်တောတာဝန်ခံ၏ တိုင်းထွာမှတ်သားတံဆိပ်၊ မရိုက်ပြီးမီ ငုတ်ရင်းမှမထုတ်စေရ။

(၄) ခွင့်ပြုသောသစ်များကိုမြို့နယ်သစ်တောတာဝန်ခံကိုယ်တိုင်လိုက်၍၊သတ်မှတ်သည့်အခါ အနည်းဆုံးရင်စို့လုံးပါတ်(၅)ပေ(၆)လက်မကို သတ်မှတ်ပေးရမည်။ ၄င်းထက်ငယ်သောလုံးပတ်ကို ခုတ်လှဲပိုင်းဖြတ်ခြင်းမရှိစေရ။

(၅) ခုတ်လှဲပိုင်းဖြတ်ရာတွင် အခြားသောအပင်များကို ထိခိုက်ပျက်စီးအောင်လှဲခြင်းကို ခွင့်မပြုချေ။

(၆) တိုင်းထွာပြီးသည့်တပြိုင်တည်း(၅)တန်ကျော်လွန်သော သစ်ကုဗပေအတွက် တန်၏နှုန်းကိုအပြေအလည် ပေးဆောင်စေရမည်။

(၇) လွှစင်ကိုတော၌ ဆောက်လုပ်တိုက်ခွဲရန်ခွင့်မပြုချေ။ နီးစပ်ရာကျေးရွာများတွင် လွှစင်တည်ဆောက်ရမည်။

(၈) လွှတိုက်ခွဲရာ၌ အခွန်တော်လွတ် ခွင့်ပြုထားသောသစ်များကိုသာတိုက်ခွဲ၍၊အခြားသစ်များကိုတိုက်ခွဲခြင်း မပြုရချေ။တတ်နိုင်ကလွှစက်ကို မိမိတို့ခြံဝင်းအတွင်းတည်ဆောက်ရမည်။

(၉) အခွန်တော်လွတ်နှင့်တိုက်ခွဲသောသစ်များ၊ဆောက်ပြီးသောအိမ်ကို တဆင့်ရောင်းစားခြင်းများ ပိတ်ပင်ရမည်။

(၁၀)လွှလိုင်စင်မိန့်ကုန်ဆုံးသည့်အခါ (၃)ရက်အတွင်း ဆိုင်ရာမြို့နယ်သစ်တောဌာနရုံးသို့မပျက်မကွက် ပြန်ပို့ရမည်။

(၁၁)အထက်ပါစည်းမျဉ်းများကို ဖေါက်ဖျက်ကျူးလွန်ပါကသစ်တောပြစ်မှုကဲ့သို့ အရေးယူခံစေရမည်။

### (ခ) ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများနှင့်တံတားများ။

မြို့နယ်သစ်တောတာဝန်ခံ၏ခွင့်ပြုစာအရ၊ မည်သည့်သစ်ကိုမဆို အခွန်တော်လွတ်သစ်လုံးတန်(၂၀)အထိ ထုတ်ယူပိုင်းဖြတ်ဆွဲထုတ်ခွင့်ပြုသည်။အကယ်၍လုံလောက်ခြင်းမရှိသေးကထပ်မံ၍ မြို့နယ်သစ်တောတာဝန်ခံမှူးထံသို့ တောင်းဆိုရမည်။ တိုက်ခွဲရန်သစ်လုံးနှင့်တိုက်ခွဲပြီးသော သစ်လုံးဝရောင်းစားခွင့်မပြုချေ။

စည်းကမ်းချက်များကို အထက်ပါအပိုင်း(က) နံပါတ်(၆)မှအပ၊ ကျန်စည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

## (ဂ) အိမ်သုံးသစ်တောထွက်ပစ္စည်းများ။

(၁) လယ်ယာကိုင်းကျွန်းများအတွက် ကျွန်းမှတပါးအခြားသစ်များကို ထွန်တုံးထွန်တံများလိုသလိုခုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(၂) အိမ်သုံးအတွက်ထင်းများကို ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် မှတစ်ပါး အခြားသောတားမြစ်ရာပါ သစ်များအကောက် လွတ်အစိုသော်လည်းကောင်း၊ အခြောက်သော်လည်းကောင်းခုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ အကယ်၍ကြိုးပြင်များတွင်ကြံသကာချက်ရန်အတွက်သော်လည်းကောင်း၊ ထန်းလျက်ချက်ရန်အတွက်သော်လည်းကောင်း စီးပွါးရေးလုပ်ငန်းများနှင့် ထင်းများကိုရောင်းဝယ်ဖေါက်ကားပါက အခွန်တော်စည်းကြပ်သည့်အတိုင်းလှည်းတစီးတိုက်နှုန်း အခွန်တော်ထမ်းဆောင်ရမည်။

## (ဃ) ရောင်းစားရန်အတွက် မီးသွေးဖုတ်လုပ်ခြင်း။

မီးသွေးဖုတ်လုပ်ကိုင်ခြင်းလုပ်ငန်းသည် သစ်တောကိုအလွန်ပင်ဖြုန်းတီးစေသောလုပ်ငန်းဖြစ်သည်။ အကြောင်းကား ကြီးပြင်းလာဆဲဖြစ်သော သစ်ပင်များကိုခုတ်လှဲပြီး မီးသွေးဖုတ်လုပ်ခြင်းကြောင့်ဖြစ်သည်။ကျွန်းနှင့်ပျဉ်းကတိုးအစို၊ ပိတောက်အစိုများကို မီးသွေးဖုတ်ခြင်းမှတားမြစ်သည်။ မီးသွေးဖုတ်ခြင်းအလုပ်ကိုအောက်ပါ စည်းကမ်း ချက်နှင့်ညီညွတ်စေရမည်။

(၁) မီးသွေးဖိုလိုင်စင်မရှိဘဲ မီးသွေးဖုတ်ခွင့်မပြုချေ။

(၂) မီးသွေးဖုတ်လိုက၊ ဆိုင်ရာမြို့နယ်သစ်တောတာဝန်ခံရုံးသို့ လိုင်စင်လျှောက် တောင်းခံရမည်။

(၃) လျှောက်လွှာတွင်မီးသွေးဖို၏ တည်နေရာများကို ပါထည့်သွင်းရမည်။

(၄) သစ်ပင်များခုတ်လှဲရာတွင် အခြားသောအပင်များထိခိုက်စေခြင်းမှ ရှောင်ကျဉ်ရမည်။

(၅) ပျဉ်းကတိုးအခြောက်၊ ပိတောက်အခြောက်၊နတ်သတ်ပင်များကို ခုတ်လှဲပိုင်းဖြတ် ၍မီးသွေးဖုတ်လုပ်ခြင်းမရှိစေရ။ ရောင်းတန်းမဝင်သော အော်လဲအခြောက်သစ်လုံးများကိုသာ မီးသွေးဖုတ်လုပ်ခွင့်ပြုသည်။

(၆) တားမြစ်ထားခြင်းမရှိသော သစ်ပုတ်များအား ခရိုင်သစ်တောတာဝန်ခံမှူးရုံးက သီးသန့်ညွှန်ကြားထားသည့်လုံးပတ်ထက်မကြီးစေရ။

(၇) သစ်ဖြုန်းတီးခြင်းမှ အထူးဂရုစိုက်၍လုပ်ကိုင်ရမည်။

(၈) မီးသွေးဖိုလိုင်စင်ရက်ကုန်ဆုံးပါက၊ဆိုင်ရာမြို့နယ်သစ်တောတာဝန်ခံရုံးသို့(၃)ရက် အတွင်း ပြန်ပို့ရမည်။

(၉) အထက်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက၊ သစ်တောမှုကဲ့သို့ အရေးယူ အပြစ်ပေးခြင်းခံရမည်။

**မှတ်ချက်** ။ ။ မိမိတို့ခရိုင်အခြေအနေအရ၊ မီးသွေးဖုတ်လုပ်ခြင်းကို ပိတ်ပင်တားမြစ်နိုင်သည်။

## ၂ ။ ကြိုးဝိုင်းတောများ။

### (က) ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများနှင့်တံတားများ။

ဤလုပ်ငန်းများအတွက်လိုအပ်ပါက၊ ဆိုင်ရာအရပ်လူကြီးများသည် မြို့နယ်သစ်တောတာဝန် ခံမှတဆင့် ခရိုင်သစ်တောတာဝန်ခံမှူးရုံးသို့ လျှောက်ထားတောင်းဆိုရမည်။ ခရိုင်သစ်တောတာဝန်ခံသည် လျှောက်လွှာကိုစီစစ်ပြီးလျှင် အကောက်လွတ်(၁၅)တန်ကို မည်သည့်သစ်ကိုမဆို ခွင့်စာထုတ်ပေးရ မည်။ အကယ်၍မလုံလောက်သေးပါက၊ ထပ်မံ၍လျှောက်ထားတောင်းဆိုမှသာ ဆက်လက်၍သစ်များကို ထုတ်ယူပိုင်ခွင့်ရှိသည်။ (၁၅)တန်ထက်ကျော် လွန်သောသစ်ကုဗပေများကို အခွန်တော်တဝက်နှုန်းပေးဆောင်ရမည်။

**မှတ်ချက်** ။ ။ စည်းမျဉ်းများကိုအပိုဒ်(၁) အပိုဒ်ငယ်(က)ကဲ့သို့လိုက်နာဆောင်ရွက်စေရမည်။

### (ခ) အိမ်သုံးသစ်တောထွက်ပစ္စည်းများ။

(၁) လယ်ယာကိုင်းကျွန်း – များအတွက်ကျွန်းမှတပါးအခြားသစ်များကို အခွန်တော်လွတ်အဖြစ်ဖြင့် ထွန်တုံးထွန်တံမှစ၍၊ လယ်လုပ်ကိရိယာများကို ခုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ သို့သော်ဆိုင်ရာမြို့နယ်သစ်တောတာဝန်ခံရုံးသို့ ခွင့်စာတောင်းဆိုရမည်။ ခွင့်စာမရရှိကခုတ်လှဲ ပိုင်းဖြတ်ထုတ်ယူခွင့်မရှိစေရ။

(၂) အိမ်သုံးအတွက်ထင်းများ – ကျွန်း၊ ပျဉ်းကတိုး၊ပိတောက်မှတပါး အော်လဲအခြောက်ကိုင်းများကို တစ်အိမ်ထောင်လျှင် လှည်း(၄)စီးတိုက် အခွန်တော်လွတ်သုံးစွဲပိုင်ခွင့်ရှိပြီး၊ အထက်ပါအပိုဒ်(၁)ကဲ့သို့ခွင့်ပြုစာတောင်းဆိုရမည်။ လှည်း(၄)စီးထက်ပိုက အခွန်တော်စည်းကြပ်သည့် လှည်းတစီးနှုန်းထားကို ပေးဆောင်စေရမည်။ ထိုထင်းများသည် မိမိအိမ်သုံးဖြစ်သည့်အတွက် ရောင်းစားခွင့်မပြုချေ။

(၃) လိုအပ်သော အခြားအိမ်သုံးဖြစ်သည့် ကြိမ်နှင့်ဝါးများကိုကား၊ မြို့နယ်သစ်တောတာဝန်ခံရုံးမှတဆင့် ခရိုင်သစ်တော တာဝန်ခံရုံးသို့ အခွန်တော်လွတ်ခွင့်ပြုစာထုတ်ပေးရန်တောင်းဆိုရမည်။ ရိုင်သစ်တော တာဝန်ခံမှူးမှ တစ်အိမ်ထောင်လျှင်မည်၍မည်မျှနှင့် မည်သည့်တောများတွင်ခုတ်ရန်ခွင့်ပြုစာတွင်တိကျစွာရေးပြီး၊ ကုန်ဆုံးသည့်နေ့ရက် ကိုပါ ထည့်သွင်းဖော်ပြရမည်။

## ၃။ သစ်တောအလုပ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ။

သစ်ကုန်သည်များသည် သစ်တောအလုပ်သမားများအား နည်းအမျိုးမျိုးဖြင့်လုပ်ခများကိုမတရား ဖြတ်တောက်ကြသည့်ပြင် ရသင့်ရထိုက်သည့်လုပ်အား၏တန်ဘိုးကို ပြည့်ပြည့်ဝဝမပေးကြချေ။ဆင်ပိုင်ရှင်များကိုလည်း သစ်ခုတ်သမားကဲ့သို့ဆင်ဆွဲခများအနှိမ်ခံရသည်။ သစ်ကုန်သည်များသည် ဆင်ဆွဲခနှင့်တန်ဖြစ်သစ်ကိုပိုင်းဖြတ်သော အလုပ်သမားများအားငွေရှင်းပေးရာတွင် သစ်တလုံးကိုတိုင်းသည့်အခါ၊ နဖါးကိုပယ်ပြီးမှသစ်တန်တွက်၍ငွေချေလေသည်။ ၎င်းတို့တဆင့်ပြန်ရောင်းသည့်အခါ နဖါးပါတိုင်းပြီး၊သစ်ကိုတန်တွက်ယူလေသည်။ ထို့ကြောင့်သစ်ကုန်သည်များသည် အောက်ပါသစ်ခုတ်ခနှင့်ဆင်ဆွဲခများကို လိုက်နာပြီးလုပ်သားတို့၏ ရသင့်ရထိုက်သောလုပ်ခများကိုပေးရမည်။ အကယ်၍မလိုက်နာပါက သစ်တောဌာနမှပေးသော ထိုက်သင့်သည့်အပြစ်ဒဏ်ကို ခံရပေမည်။

(က)သစ်ကိုတိုင်းသည့်အခါ နဖါးကိုမပယ်စေရဘဲ၊ သစ်လုံးအရှည်ဆုံးအလျားကိုတိုင်းရမည်။

(ခ) သစ်ခုတ်ပိုင်းဖြတ်ခနှုန်းမှာ သစ်တစ်လုံးလျှင်(၄၀၀)ကျပ်နှုန်း သစ်လုပ်သမားအားပေးရမည်။

(ဂ) ဆင်ဆွဲခကို အနီးအဝေးကြည့်ပြီး မြို့နယ်သစ်တောတာဝန်ခံတစ်ဦး၊ ကုန်သည်နှင့်ဆင်ပိုင်ရှင်များတို့သည် ဆင်ဆွဲခကိုတစ်တန်လျှင် နှုန်းမည်၍မည်မျှကို ဆုံးဖြတ်ကြရမည်ဖြစ်သည်။

# အခန်း(၅)
# သစ်တောဌာန ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် ၎င်းအပေါ်သဘောထား

## အပိုင်း (၁)

(က)တိုင်းပြည်တစ်ပြည်ထူတောင်ရာတွင် အဓိကလုပ်ငန်းဖြစ်သော နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးဟူ၍၊ အသီးသီးပိုင်းခြားကန့်သတ်လုပ်ဆောင် ထူထောင်ရစမြဲဖြစ်သည်။

(ခ) ကေအဲန်ယူအစိုးရသည် ၎င်းတို့နိုင်ငံတော်အတွင်းရှိ သက်ရှိသက်မဲ့အားလုံးစိုးမိုးပိုင်ဆိုင်လျက်ရှိသည်။

(ဂ) ၎င်းပိုင်ဆိုင်သောနယ်မြေအတွင်းတွင် သီးခြားကန့်သတ်ထားသောနယ်မြေအားလုံးသည် သစ်တောဌာနနှင့်ဆိုင်သည်။ ၎င်းဧရိယာအတွင်းရှိ တောတောင်ချောင်းမြောင်း အင်းအိုင်အားလုံးပါဝင်သည်။

(ဃ)၎င်းတောတောင်ချောင်းမြောင်းအင်းအိုင်အတွင်းရှိ သစ်ပင်ဝါးပင်နှင့်အခြားပေါက်သောအပင်အားလုံးနှင့်ဆက်စပ်လျက်ရှိသော မည်သည့်သစ်တောထွက်ပစ္စည်းမဆို ပါဝင်သည့်အပြင် ရေမြေသတ္တဝါ အားလုံးပါဝင်သည်။

(င) ၎င်းဌာနသည်သီးခြားဌာနဖြစ်သည့်အလျောက်အုပ်ချုပ်ကွပ်ကဲရေးအရ၊အောက်ပါအတိုင်း ဖွဲ့စည်းတည်ဆောက်လျက်ရှိသည်။ဗဟိုသစ်တောဌာနတာဝန်ခံ၊အတွင်းဝန်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် ဖွဲ့စည်းလျက်ရှိသည်။ ဗဟိုသစ်တောတာဝန်ခံသည် အမြင့်ဆုံးတာဝန်ခံဖြစ်၍၊ ၎င်းဌာနနှင့်သက်ဆိုင်သော မည်သည့်လုပ်ငန်းမဆို အုပ်ချုပ်ကွပ်ကဲရာတွင် ဌာနခွဲအားဖြင့် (၃) ပိုင်းခွဲခြားထားသည်။
(၁) အထွေထွေအုပ်ချုပ်ကွပ်ကဲရေး၊
(၂) အခွန်တော်ဌာနခွဲ၊
(၃) မြေတိုင်းထွာရေးနှင့် တိရစ္ဆာန်ထိန်းသိမ်းရေးဟူ၍ရှိသည်။
၎င်းလုပ်ငန်းနှင့်ပတ်သက်၍၊ အပိုင်းအခြားအားဖြင့်(၄) ပိုင်းခွဲခြားထားပြန်သည်။
(၁) သစ်ထုတ်လုပ်ရေး။
(၂) သစ်တောပြုစုပျိုးထောင်ရေး။
(၃) သစ်တောနှင့်တိရစ္ဆာန်ထိန်းသိမ်းရေး။
(၄) ဆင်ဖမ်းလုပ်ငန်းဖြစ်သည်။

သစ်တောဌာနသည် အစိုးရဘဏ္ဍာဝင်ငွေကောင်းသော ဌာနတခုအပါအဝင်ဖြစ်သည့်အလျောက်သစ်ထုတ်လုပ်ရာတွင်သစ်တောဖြုန်းတီးရေးမဖြစ်စေဘဲ၊ အမျိုးသားစီးပွါးရေးစီမံကိန်းဖြင့် စနစ်တကျထုတ်ယူသုံးစွဲရန် အောက်ပါသဘောထားများအရ၊ ခံယူကျင့်သုံးရမည်ဖြစ်သည်။

# အပိုင်း(၂)

## သဘောထားများ

(၁) စစ်ရေးသည် နိုင်ငံရေး၏အဆက်ဖြစ်သလို နိုင်ငံရေးသည်လည်းစီးပွါးရေး၏ အဆက်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကရင်အမျိုးသားသည်(၆၃)နှစ်တာမျှ ရန်သူကိုလက်နက်စွဲကိုင်တိုက်ပွဲဝင်ခြင်းသည် အမျိုးသားရေး၊ စီးပွါးရေး၊ နိုင်ငံရေးများမလွတ်လပ်သည့်ဘဝမျိုးမှ လွတ်မြောက်သည့်ဘဝမျိုးသို့ရောက်ရှိရန်တိုက်ပွဲဝင်နေခြင်းဖြစ်သည်။၎င်းတိုက်ပွဲများသည် တရားသောတိုက်ပွဲဖြစ်ခြင်းကြောင့်မဝေးလှတော့သည့်အချိန်မှာ ကျွန်ုပ်တို့မုချ အောင်ပွဲရရှိကြမည်။

(၂) ရန်သူသည် ကျွန်ုပ်တို့အပေါ် စစ်ရေးအရ တိုက်ခိုက်နေသည့်အကြောင်းရင်းမှာ စစ်ရေးသည် နိုင်ငံရေး၏ အဆက်ဖြစ်သလို နိုင်ငံရေးသည်စီးပွါးရေး၏ အဆက်ဖြစ်ခြင်းကြောင့် ရန်သူသည် ကျွန်ုပ်တို့ကရင်အမျိုး သားများ၊ ဘိုးဘွားပိုင်ပစ္စည်းများဖြစ်သော ကျွန်းသစ်၊ ဓါတ်သတ္တု၊ ဆန်စပါးများကို ဆက်လက်သွေးစုပ်ချယ် လှယ်ကျွန်ပြုရန်အတွက် စစ်ရေး၊ နိုင်ငံရေးများ အသေအလဲခုခံတိုက်ခိုက်နေခြင်းကို ကျွန်ုပ်တို့ကရင်အမျိုး သားများနှင့် လုပ်သားပြည်သူတရပ်လုံးမှ ခံနေကြရပြီးဖြစ်သည်။ အနေးနှင့်အမြန် တချိန်ချိန်မှာ ရန်သူသည် မုချကျဆုံး ရမည်ဖြစ်သည်။

(၃) ယနေ့ကာလတွင်ရန်သူ၏ နိုင်ငံရေး၊ စစ်ရေးသက်ဆိုးရှည်စေရန်အတွက် စီးပွါးရေးသွေးကြောဖြစ်သည့် ကျွန်းသစ်နှင့်သစ်မာများကို ကျွန်ုပ်တို့ကရင်နယ်မြေမှာရော အခြားသောဒေသများမှာပါ မရမကလုယူ နေသည်။ တိုက်ယူနေသည်။ လုယူရရှိသည့် ကျွန်းသစ်များကို နိုင်ငံခြားတွင် တန်ဘိုးကြီးမားစွာဖြင့်ရောင်းချ၍။ ၄င်းတို့အင်အားဖြည့်ခါ၊ ကျွန်ုပ်တို့အား တိုက်ခိုက်နေနိုင်သည့်အတွက်ကြောင့် ရန်သူ၏စီးပွါးရေးမဏ္ဍိုင်ကြီးတခု ဖြစ်သည့် ကျွန်းသစ်များကို ရန်သူလက်တွင်းသို့မရောက်ရှိစေရန် ကာကွယ်ရမည့်တာဝန်သည် ကျွန်ုပ်တို့ကရင် အမျိုးသားနှင့်တကွ လုပ်သားပြည်သူတရပ်လုံး၏တာဝန်ဖြစ်သည်ဟု ခံယူသဘောထားရစေမည်။

(၄) ရန်သူသည် ကျွန်းသစ်၊ ဓါတ်သတ္တု၊ ဆန်စပါးအစရှိသည့် စီးပွါးရေးမဏ္ဍိုင်ကြီး (၃)ခုအပေါ်မှာ ရပ်တည်နေသလို၊ ကျွန်ုပ်တို့၏အနာဂါတ်ကရင်ပြည်ထူထောင်ရာတွင် အဓိကအားကိုးအားထားပြုရမည့် စီးပွါးရေး မဏ္ဍိုင်ကြီးများမှာလည်း သစ်တော၊ ဓါတ်သတ္တု၊ ဆန်စပါးအစရှိသည်များဖြစ်ကြောင်းကို အားလုံးကပင်သိရှိနားလည်သဘောပေါက်နှင့်ပြီးဖြစ်၍။ ကျွန်ုပ်တို့၏ အနာဂါတ်ကရင်ပြည်ထူထောင်ရန်အတွက် ယခုအချိန်မှ ရှေ့သို့ ကျွန်းသစ်နှင့်သစ်မာများ ရန်သူလက်တွင်းသို့ မရောက်ရှိရေး၊ ကျွန်ုပ်တို့စီးပွားရေးမဏ္ဍိုင်ကြီးများလည်း မကျသွားစေရေးနှင့် စမ်းရေမခမ်းခြောက်သွားစေရန်အတွက် ကရင်အမျိုးသားအားလုံးမှ တာဝန်သိသိ၊ သစ္စာရှိရှိ ထိန်းသိမ်းကာကွယ်စောင့်ရှာက်သွားရမည်ဟု ခံယူသဘောထားကြရပေမည်။

(၅) ယခုလက်ရှိအခြေအနေအောက်တွင် ကျွန်ုပ်တို့ဘက်မှ စစ်ရေးအရ၊ ယာယီအကျပိုင်းသို့ ရောက်ရှိ နေသည်ဟု ဆိုရမည်ဖြစ်သော်လည်း နိုင်ငံရေးအရ၊အထက်ပိုင်းကာလသို့ ရောက်ရှိနေပေသည်။ ၎င်းကဲ့သို့ စစ်ရေးရေိယာအကျပိုင်းကာလသို့ ရောက်ရှိနေသည့်အခြေအနေအောက်တွင် ကျွန်ုပ်တို့ဘက်မှာလည်း အဖက် ဖက်မှ အကျပ်အတည်းများရှိမည်မှာ မလွဲပေ။ ၎င်းအကျပ်အတည်းအားလုံးကို တော်လှန်ရေးသမားတိုင်းက ရင်ဆိုင်နိုင်ရမည်။ ရပ်တည်နိုင်ရမည်။ လွတ်မြောက်နိုင်ရမည်ဖြစ်ပေသည်။သို့ဖြစ်၍ အထက်ပါသဘောထားအပိုဒ်–၁၊၂၊၃၊၄၊၅၊များကို ခံယူကျင့်သုံးနှစ်လုံးမူကြ၍ ရန်သူအား ကျွန်းသစ်များထုတ်ခွင့်မပေးဘဲ၊ လုံးဝမရောင်းချဘဲ ရပ်တည်နိုင်သည့်ခရိုင်များတွင် ကျွန်းသစ်များထုတ်မပေးရန် နှင့်ထိန်သိမ်းစောင့်ရှောက်ကာကွယ်သွားရမည်။ သို့ရာတွင် အခြားဝင်ငွေနှင့်လုံလောက်မှုမရှိ ကျွန်းသစ်နှင့်သာ ရပ်တည်နေရသည့် ခရိုင်များအတွက်ခြွင်းချက်ထား၍၊ ကွန်ဂရက်မှစဉ်းစားပေးပါရန် နိဂုံးအားဖြင့်ရေးရပါ သည်။

# အပိုင်း (၃)
# သစ်ထုတ်လုပ်ရေးနှင့်သစ်တောစည်းကမ်းများ

**သစ်ထုတ်လုပ်ရေးလုပ်ငန်း**

သစ်ထုတ်လုပ်ရေးလုပ်ငန်းသည် တိုင်းပြည်အတွက်နှင့်လုပ်သားပြည်သူများအတွက်ပါအကျိုးရှိစေနိုင်သော စီးပွါးရေး လုပ်ငန်းတစ်ခုဖြစ်သည့်အလျှောက် လုပ်ငန်းစံနစ်တကျ စီမံခန့်ခွဲ သွားရမည်။ ထို့ကြောင့် ယင်းလုပ်ငန်းကိုလုပ်ဆောင်ရန်နည်းမှာ–

(၁) ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးလုပ်ငန်း – ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးလုပ်ငန်းသည် တစ်ဦးသောအရင်းအနှီးကို မတည်ပြီးလျှင်လုပ်ကိုင်သွားလေသည်။ ရရှိသောအမြတ်သည် မိမိတစ်ဦးတည်းသာပိုင်ဆိုင်သည်။ပုဂ္ဂလိကသစ်ထုတ်လုပ်လိုသော သစ်ကုန်သည်များအား သစ်ထုတ်လုပ်ခွင့်လိုင်စင်ထုတ်မပေးမီ ၎င်း၏အရင်းအနှီးမြုပ်နှံနိုင်မည့်အပေါ်ဆိုင်ရာ သစ်တောဌာနမှဆန်းစစ်ပြီး လုပ်ကိုင်နိုင်သောသစ်အရေအတွက်ကိုသတ်မှတ်လိုင်စင်ထုတ်ပေးရမည့်အပြင်ဈေးနှုန်းကိုလည်းထိန်းသိမ်းပေးရမည်။လိုင်စင်ရရှိပြီး သစ်ထုတ်လုပ်သောအခါ၊လိုက်နာရမည့်စည်းကမ်းချက်များမှာ–အခန်း(၂) နံပါတ်(၈)နှင့်(၉) အရလုပ်ကိုင်သွားရမည်။

(၂) အစိုးရသစ်ထုတ်လုပ်ရေးလုပ်ငန်း – အစိုးရကသာသစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဦးစီးကွပ်ကဲပြီးလုပ်ကိုင်သွားသည်။ ရရှိသောအမြတ်ငွေသည် အစိုးရဘဏ္ဍာတော်ဖြစ်သည်။

(၃) စုပေါင်းလုပ်ကိုင်ခြင်းဖြင့် သစ်ထုတ်လုပ်ရေးလုပ်ငန်း – တစ်ဦးစီစုပေါင်းပြီး အရင်းအနှီးညီတူမျှ တူမြုပ်နှံထည့်သွင်းပြီးလုပ်ကိုင်၍ ရရှိသောအမြတ်ငွေများကို ခွဲဝေယူကြသည်။ သစ်ထုတ်လုပ်ခွင့်လိုင်စင်ကိုဆိုင်ရာသစ်တောဌာနသို့ လျှောက်ထားတောင်းဆိုရမည်။ သစ်ထုတ်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များမှာ အခန်း (၂) နံပါတ် (၈) (၉) အရ၊ လုပ်ကိုင်သွားရမည်။

# အပိုင်း (၄)
# သစ်တောနှင့်ပတ်သက်သော အခွန်တော်နှုန်းထားများ သတ်မှတ်ခြင်းများ

သစ်တောအခွန်တော်နှုန်းထားများကိုအခွန်တော်စည်းကြပ်ရေး၊ စည်းမျဉ်းဥပဒေအရ၊လိုက်နာဆောင်ရွက်သွားရမည်။

# အပိုင်း(၅)
# ဆင်ဖမ်းလုပ်ငန်းစည်းကမ်းများ

**တောဆင်ဖမ်းဆီးခြင်းလုပ်ငန်း။**

၁။ တောဆင်များကျုံးသွင်းဖမ်းရန်လျှောက်ထားခြင်း၊ကေအဲန်ယူခရိုင်ရုံးအဆင့်ဆင့်သောဌာနသို့ လျှောက်ထားရမည်။

၂။ ဇရမ်လျှောက်ထားရာတွင်ခရိုင်ငွေတိုက်မှငွေသွင်းငွေ(၅၀၀)ကျပ်ပေးသွင်းသည့်ငွေသွင်း ချန်လံနှင့်လျှောက်လွှာတင် ပူးတွဲလျှောက်ထားရမည်။

၃။ တောဆင်ဖမ်းသည့်ဂရမ်မြေကွက် နေရာဒေသအကျယ်အဝန်းအတိအကျကို မြေပုံကူး၍လျှောက်ထားရမည်။

၄။ လျှောက်ထားသည့်ဂရံသည် အချိန်ကာလအားဖြင့် တစ်နှစ်တာသက်တမ်းရှိသည်။

၅။ ဂရမ်ယူ၍တစ်နှစ်သက်တမ်းအတွင်းမှာဆင်ကျုံးမဆောက်နိုင်ပါက၊ လိုအပ်လျှင်နောက်ထပ်မံလျှောက်ထားရမည်။ လျှောက်ရန်မှာမူလဂရမ် သက်တမ်းမကုန်ဆုံးမီ လျှောက်ထားရမည်။

၆။ ဆင်ကျုံးဆောက်ပြီး၍၊ ဆင်များကိုကျုံးတွင်းသို့မောင်းသွင်းရမည့်အချိန်နှင့် သက်ဆိုင်ရာသစ်တောဌာနသို့အကြောင်းကြားပြီးမှ ကျုံးသွင်းရန်မောင်းရမည်။

၇။ ဆင်များကိုမောင်း၍ဆင်များကိုကျုံးသွင်းပြီး(၄)ပေအထက် ဆင်မည်မျှအကောင်ပေါင်းရရှိ ကြောင်းသက်ဆိုင်ရာသို့အစီရင်ခံရမည်။

၈။ ဆင်များဖမ်းဆီးရမိပြီး ဆင်ဖမ်းသူများက၊ သက်ဆိုင်ရာအစိုးရများသို့ (၇)ရက်အတွင်း အကြောင်းကြားလျှင် အစိုးရ၏တိရစ္ဆာန်ဆေးကုဌာနများမှ သွားရောက်ကြည့်ရှုရမည်။

၉။ ဖမ်းဆီးရရှိသည့်ဆင်များကို တစ်ကောင်လျှင်( ရွှင်ရတီ)အခွန်တော်(၅၀၀၀)ကျပ် အစိုးရသို့ပေးဆောင်ရမည်။

၁၀။ ဖမ်းဆီးရမိပြီးထိန်းသိမ်းစောင့်ရှောက်ရာတွင်ပေါ့လျှော့ပြီး ဆင်များမသေသင့်ဘဲသေဆုံးသွားပါက သက်ဆိုင်ရာမှ သေသည့်ဆင်တစ်ကောင်အပေါ်တွင် ဒဏ်ငွေ(၅၀၀၀)ထား၍ အစိုးရသို့ပေးဆောင်ရမည်။

၁၁။ ကျုံးသွင်းဖမ်းဆီးသည့်ဆင်ကောင်ရေအစုစုအတွင်း(၁၀)ကောင်လျှင်တစ်ကောင်ကြိုက်ရာဆင်ကို အစိုးရသို့ကာလ တန်ဘိုးအပေါ်မှာ မျှတသည့်နှုန်းထားနှင့် ရောင်းပေးရမည်။

၁၂။ ဖမ်းဆီးရမိသည့်ဆင်များကိုတိုင်းထွာ၍၊ ဆင်ပုံစံနှင့်တကွ ဆင်ဂရမ်များကိုပြုလုပ်ရမည်။

၁၃။ ဆင်ဂရမ်ပုံစံ၊အမည်၊အထီး/မအမြင့်ပေ၊လုံးပတ်ပေ၊အသက်၊အနေအထားပုံစံ၊ကျော၊မျက်စိ၊နားရွက်၊ အမြီးသားရေ၊ခွါအနေအထား၊အစွယ်စသည့်ပုံစံများနှင့်အခြားအမှတ် အသားမျိုးဂရမ်တွင်ပြည့်စုံစွာထည့်သွင်းရေးသားရ မည်။

၁၄။ဖမ်းဆီးရရှိသောဆင်များသည် အကြောင်းအမျိုးမျိုးကြောင့်သေဆုံးသွားခဲ့ပါမူ၊ တိရစ္ဆာန်ဆေးကုဌာနမှ သွားရောက်စစ်ဆေးနိုင်ရေးအတွက် ဆိုင်ရာသစ်တောဌာနသို့တိုင်ကြားရမည်။

ဤကေအဲန်ယူ သစ်တောလုပ်ငန်းစဉ်မူကို တစ်စတစ်စတိုးတက်လုပ်ဆောင်နိုင်ရေးအတွက်သက်ဆိုင်ရာတိုင်းခရိုင်၊မြို့နယ်သစ်တောတာဝန်ခံတို့သည်၊မိမိတို့ဉာဏ်စွမ်းနှင့်လုပ်အားများကို တိကျစွာအသုံးပြု၍လုပ်ကိုင်သွားကြရမည်ဖြစ်သည်။လုပ်ငန်းတိုးတက်အောင်မြင်ရေးအတွက်ကိုလည်းအသေးစိတ်လုပ်ငန်းများကိုခရိုင်အလိုက်ကိုက်ညီစွာ ဖြည့်စွက်ရေးဆွဲ ချမှတ်လုပ်ကိုင်နိုင်ကြသည်။သို့သော်(အခြေခံမူကိုမထိခိုက်စေရ) ကေအဲန်ယူဗဟိုသစ်တောဌာနကလည်း လိုအပ်သည့်လုပ်ငန်းအသေးစိတ်အကူအညီများကို ဆက်လက်ညွှန်ကြားသွားမည်ဖြစ်သည်။